KELONG
KEHUA TECH
Online UPS
Sole Distributor: Golden Lion Wire Co., Ltd.

# The VOICE Daily

MAI
Myanmar Airways International

Vol. 5 / No. 82 | Established in 2004 | ၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၉) ရက်၊ (Monday, July 17, 2017)

# ဦးဖြိုးမင်းသိန်းက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ တောင်းပန်စာပို့

**ရန်ကုန်၊ ဇူလိုင် ၁၆**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ တောင်းပန်စာပို့လာကြောင်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံးက ဇူလိုင်လ ၁၆ ရက် ညနေပိုင်းတွင် သတင်းထုတ်ပြန်လိုက်သည်။

ဦးဖြိုးမင်းသိန်း၏ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ကို ပြောကြားချက်နှင့် ပတ်သက်၍ ဇူလိုင်လ ၁၃ ရက်၊ ရက်စွဲဖြင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ထံသို့ လိပ်မူထားသည့် တောင်းပန်စာအား အမြန်ချောပို့လမ်းကြောင်းဖြင့် ပေးပို့ခဲ့သည်ကို လက်ခံရရှိကြောင်း တပ်ချုပ်ရုံး၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သို့သော် ယင်းသို့တောင်းပန်စာ ပေးပို့မှုအပေါ် တပ်မတော်၏ သဘောထားကိုမူ အဆိုပါ ထုတ်ပြန်ချက်တွင် ထည့်သွင်းဖော်ပြထားခြင်း မရှိပေ။ စာ 3

## ကရင်ပြည်နယ်တွင် မဘသဆိုင်းဘုတ်သစ် ထပ်တင်




စာ 2

ဓာတ်ပုံ – ကျော်စိုးဦး

ကရင်ပြည်နယ် ဘားအံမြို့ သရက်တောကျောင်းတိုက်မုခ်ဦးတွင် မဘသဆိုင်းဘုတ်ဟောင်းကို ဖြုတ်၍ မဘသဆိုင်းဘုတ်သစ်တင်သည့်အခမ်းအနားကို ဇူလိုင်လ ၁၆ ရက်က တွေ့ရစဉ်

## အကြမ်းဖက် ဖောက်ခွဲရေးသမားနှစ်ဦး မြန်မာနိုင်ငံအတွင်း ရောက်ရှိဟုဆို

စာ 24

## သပိတ်စခန်း မရုပ်သိမ်းဟု ဆန္ဒပြတောင်သူများပြော

စာ 11




စာ 14

## "မဘသနဲ့ မဟာန ဆွေးနွေးရင် ပြီးသွားမှာပါ"

### ကရင်ပြည်နယ် မဘသ ဥက္ကဋ္ဌ ဆရာတော်နှင့် တွေ့ဆုံခြင်း စာ 15

## ရှစ်ကြိမ်မြောက် ရင်ချင်းဆက်အမြွှာ ခွဲစိတ်မှု အောင်မြင်

စာ 2

## မကွေးရေဘေး စာသင်ကျောင်း တစ်ရာကျော်ပိတ်၊ လူတစ်ထောင်ကျော် အိုးအိမ်မဲ့

**မကွေး၊ ဇူလိုင် ၁၆**

ဧရာဝတီမြစ်ရေမြင့်တက်နေမှုကြောင့် မင်းဘူး- စကုနှင့် ပွင့်ဖြူမြို့နယ်အတွင်းရှိ စာသင်ကျောင်း ၁၂၉ ကျောင်း ပိတ်ထားရပြီး လူနေအိမ်ခြေ ၄၇၀ ကျော်မှ လူဦးရေ ၁၇၀၀ ကျော်သည် ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်ကြရလျက်ရှိကြောင်း မင်းဘူးမြို့နယ် စာ 5



ဓာတ်ပုံ– ဝေဦး



# ရှစ်ကြိမ်မြောက် ရင်ချင်းဆက်အမြွှာ ခွဲစိတ်မှု အောင်မြင်

**ရန်ကုန်၊ ဇူလိုင် ၁၆**

ရန်ကုန်ကလေးဆေးရုံကြီး၌ အဋ္ဌမအကြိမ်မြောက်ခွဲစိတ်ခဲ့သည့် ရင်ချင်းဆက်အမြွှာ ခွဲစိတ်မှုအောင်မြင်ကြောင်း ယင်းဆေးရုံကြီး၏ ကလေးခွဲစိတ် အထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာအေးအေးက ပြောကြားသည်။



ဓာတ်ပုံ - သီတာဆွေ

"ကလေးတွေရဲ့ ကျန်းမာရေးတည်ငြိမ်သွားရင် ဝဒ်ထဲပြန်ထားပါမယ်။ အခုလက်ရှိကတော့ ခွဲခန်းထဲမှာပဲ ကုသမှုပေးမှာပါ။ သူတို့ရဲ့အခြေအနေပေါ်မူတည်ပြီး ခွဲခန်းထဲမှာ သုံးရက်၊ ဒါမှမဟုတ် ငါးရက် စောင့်ရှောက်မှုပေးသွားမယ်။ ကောင်းကောင်းနေကောင်းပြီဆိုရင် မိဘတွေလက်ထဲ ပြန်ပေးမှာပါ" ဟု ၎င်းက ဆိုသည်။

အဆိုပါခွဲစိတ်မှုကို ဇူလိုင်လ ၁၆ ရက်နေ့ နံနက် ၉ နာရီတွင် အဖွဲ့နှစ်ဖွဲ့ခွဲကာ စတင်ပြုလုပ်ခဲ့ပြီး နံနက် ၁၀ နာရီ ၂၄ မိနစ်တွင် ခွဲစိတ်မှု အောင်မြင်စွာပြီးဆုံးခဲ့ကြောင်း၊ ယခုခွဲစိတ်မှုကို အမျိုးသမီးဆရာဝန်များဦးဆောင်၍ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ယင်းဆေးရုံထံမှ သိရသည်။

ဇူလိုင်လ ၁၆ ရက်နေ့က ခွဲစိတ်သည့် ရင်ချင်းဆက်အမြွှာ စိုင်းခမ်းနှင့် စိုင်းငင်းတို့ကို ၂၀၁၅ ခုနှစ် မတ်လ ၇ ရက်နေ့တွင် ကျိုင်းတုံအထွေထွေရောဂါကုဆေးရုံကြီးတွင် မွေးဖွားခဲ့ပြီးနောက် ရန်ကုန်ကလေးဆေးရုံကြီး ခွဲစိတ်ကုသဆောင်-၁ သို့ ၂၀၁၅ ခုနှစ် မေလ ၄ ရက်နေ့တွင် လွှဲပြောင်းရောက်ရှိခဲ့ကြောင်း၊ ယင်းကလေးနှစ်ဦးသည် အသည်းချင်းထိစပ်လျက်ရှိပြီး ကျန်ကိုယ်တွင်းအင်္ဂါများသည် သီးခြားစီဖြစ်ကြောင်း၊ မွေးကင်းစမှ ယခုအချိန်အထိ ကြီးကြီးမားမားရောဂါမရှိဘဲ ပုံမှန်ကိုယ်ခန္ဓာနှင့် ဦးနှောက်ဖွံ့ဖြိုးမှုရှိကြောင်း ဆေးရုံမှတ်တမ်းများအရ သိရသည်။

"ခွဲစိတ်တာမှာ အခက်အခဲ မရှိပါဘူး။ ကလေးတွေရဲ့ပေါင်ချိန်ပေါ် မူတည်ပြီးတော့ ခွဲတာပါ။ ကလေးတွေက မွေးပြီးရက် ၅၀ လောက်တည်းက ဆေးရုံကိုရောက်ခဲ့တာပါ။ လိုအပ်တဲ့စမ်းသပ်မှုတွေ အဆင့်ဆင့်လုပ်ပြီးမှ ခွဲခဲ့တာပါ" ဟု ကလေးခွဲစိတ် အထူးကုဆရာဝန်ကြီး တွဲဖက်ပါမောက္ခ ဒေါက်တာညိုညိုဝင်းက ရှင်းပြသည်။

မြန်မာတစ်နိုင်ငံလုံးတွင် ယင်းကဲ့သို့ ခွဲစိတ်မှုမျိုးကို ၁၉၇၁ ခုနှစ်မှစတင်ခဲ့ပြီး ယခုအချိန်အထိ ခွဲစိတ်မှုစုစုပေါင်း ၁၁ ကြိမ်ရှိပြီဖြစ်ကြောင်း၊ ရန်ကုန်ကလေးဆေးရုံကြီးတွင် ခွဲစိတ်မှုရှစ်ကြိမ်ပြုလုပ်ခဲ့ပြီး မန္တလေးကလေးဆေးရုံကြီးတွင် သုံးကြိမ်ပြုလုပ်ခဲ့ကြောင်း ရန်ကုန်ကလေးဆေးရုံကြီး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

■

J-12

# ကရင်ပြည်နယ်တွင် မဘသ ဆိုင်းဘုတ်သစ် ထပ်တင်

**ဘားအံ၊ ဇူလိုင် ၁၆**

ကရင်ပြည်နယ် ဘားအံမြို့သရက်တောကျောင်းတိုက်မုခ်ဦး၌ စိုက်ထူထားသော မဘသဆိုင်းဘုတ်ဟောင်းကို ဖြုတ်ချ၍ မဘသအမည်ဖြင့် ဆိုင်းဘုတ်ထပ်တင်သည့်အခမ်းအနားကို အဆိုပါကျောင်းတိုက်၌ ပြုလုပ်ခဲ့သည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (မဟန) က မဘသအမည်ဖြင့် ဆိုင်းဘုတ်များကို ဖြုတ်သိမ်းရန် ညွှန်ကြားထားသော်လည်း ကရင်ပြည်နယ် မဘသအဖွဲ့က ဆိုင်းဘုတ်အသစ် ထပ်တင်ခဲ့ခြင်း ဖြစ်သည်။

ယင်းဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို ကရင်ပြည်နယ်အတွင်းရှိ ဂိုဏ်းပေါင်းစုံ သံဃာတော်များ၊ ကရင်ပြည်နယ် မဘသ ဥက္ကဋ္ဌ ဇွဲကပင်ဆရာတော်၊ ကရင်ပြည်နယ် သံဃနာယကအဖွဲ့ ဆရာတော်များ၊ မဘသအဖွဲ့ဝင်များနှင့် ကရင်တိုင်းရင်းသား လက်နက်ကိုင်အချို့မှ ခေါင်းဆောင်များလည်း တက်ရောက်ခဲ့ကြသည်။

"မဘသ ဆိုင်းဘုတ်ဟောင်းတွေက မကောင်းတော့ဘူး။ အခုက အသစ်ထပ်မံတင်တာပါ" ဟု ကရင်ပြည်နယ် မဘသအတွင်းရေးမှူးဆရာတော် ဦးကေသရိန္ဒ ဆရာတော်က မိန့်သည်။

ထို့အတူ မဘသဆိုင်းဘုတ်တင် အခမ်းအနားသို့ တက်ရောက်လာသော ကရင်တိုင်းရင်းသား လက်နက်ကိုင်များကို ဇွဲကပင်ဆရာတော်ကြီးက အမျိုးဘာသာ သာသနာအတွက် စောင့်ရှောက်ကြရန် မိန့်ကြားခဲ့သည်။

ကရင်ပြည်နယ်အတွင်းရှိ စိုက်ထူထားသော မဘသဆိုင်းဘုတ်များကို အာဏာပိုင်များမှ ဖြုတ်ချခြင်းမပြုနိုင်ရန် ကရင်လက်နက်ကိုင်အဖွဲ့များနှင့် မဘသအဖွဲ့ဝင်များက အလှည့်ကျ စောင့်ကြည့်နေကြောင်း တွေ့ရသည်။

နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ (မဟန) သည် မြန်မာနိုင်ငံအတွင်းရှိ မဘသ ဆိုင်းဘုတ်များကို ဇူလိုင်လ ၁၅ ရက်နေ့ နောက်ဆုံးထား ဖြုတ်သိမ်းရန် မေလ ၂၃ ရက်နေ့က ညွှန်ကြားခဲ့သည်။

မဟန၏ ညွှန်ကြားချက်ကို လိုက်နာခြင်းမရှိပါက ရဟန်းဖြစ်လျှင် သံဃာ့အဖွဲ့အစည်းဆိုင်ရာဥပဒေ ၂၀/၉၀ ဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး လူဖြစ်လျှင် တည်ဆဲဥပဒေများဖြင့် အရေးယူမည်ဖြစ်ကြောင်း ညွှန်ကြားခဲ့သည်။

ထို့အတူ ဇူလိုင်လ ၁၄ ရက်နေ့ နိုင်ငံပိုင် သတင်းဌာနများမှတစ်ဆင့် မဘသ ဆိုင်းဘုတ်များကို ဇူလိုင်လ ၁၅ ရက်၌ မဖြုတ်သိမ်းလျှင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဂုဏ်သိက္ခာနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ထိခိုက်စေနိုင်သဖြင့် မလွှဲမရှောင်သာဘဲ အာဏာစက်ဖြင့် အရေးယူသွားမည်ဖြစ်ကြောင်း ထပ်မံထုတ်ပြန်ခဲ့သည်။

"မဘသနဲ့မဟန ဆရာတော်ကြီးတွေ ယခုဖြစ်နေတဲ့ ပြဿနာရပ်တွေကို နှစ်ဖက်တွေ့ဆုံဆွေးနွေးပြီး အဖြေရှာရင် အားလုံးငြိမ်းအေးသွားမှာပါ" ဟု ကရင်ပြည်နယ်မဘသဥက္ကဋ္ဌ ဇွဲကပင်ဆရာတော်က မိန့်သည်။

ထိုကဲ့သို့ မဘသနှင့်မဟနတို့သည် မဘသ ဆိုင်းဘုတ်ဖြုတ်ချရေးနှင့် ပတ်သက်၍ နှစ်ဖက်အခြေအနေများ တင်းမာမှုများကို နှစ်ဖက် ခေါင်းဆောင်ဆရာတော်များ တွေ့ဆုံဆွေးနွေး၍ အဖြေရှာရန် ကရင်ပြည်နယ် မဘသ ဥက္ကဋ္ဌ ဇွဲကပင် ဆရာတော်က မဘသ ဆိုင်းဘုတ်တင် အခမ်းအနား၌ မိန့်ကြားခဲ့သည်။

■

J-07

## NEWS PHOTO


ဓာတ်ပုံ - ရဲပြည့်ဇာနည်

ဗိုလ်ချုပ်အောင်ဆန်းရုပ်တုနှင့် ရင်ပြင်နီ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင်လ ၁၆ ရက်နေ့ နံနက်ပိုင်း ၉ နာရီခန့်က ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ကန်သာယာပြည်သူ့ပန်းခြံတွင် ကျင်းပခဲ့သည်

လိပ်ခေါင်း၊ ဂရင်ဂျီနာ
09-73121554
[illegible]
[illegible]
ရန်ကုန်မြို့ 09-73038158, 09-43088215

ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၇၃(ရန်ကုန်)၊ ၀၉ ၇၇၈၈၃၃၀၇၁ (မန္တလေး)

# တပ်မတော်နှင့် RCSS ဟိုပုံးတွင် တိုက်ပွဲဖြစ်

ရန်ကုန်၊ ဇူလိုင် ၁၆

အပစ်ရပ်စာချုပ် လက်မှတ်ရေးထိုးထားသည့် ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA) အဖွဲ့နှင့် တပ်မတော်တို့ ရှမ်းပြည်နယ် ဟိုပုံးမြို့နယ်အတွင်း တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း RCSS အဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဒုတိယ ဗိုလ်မှူးကြီး စိုင်းငင်းက ပြောကြားသည်။

တပ်မတော်နှင့် RCSS တပ်များသည် ဟိုပုံးမြို့နယ် ဟိုင်းခိုင်းကျေးရွာအနီးတွင် ဇူလိုင်လ ၁၄ ရက် ညနေပိုင်းတွင် ရုတ်တရက် ထိတွေ့တိုက်ပွဲ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး နှစ်ဖက်ထိခိုက်ဒဏ်ရာရမှု ရှိကြောင်း ၎င်းက ဆိုသည်။

“တပ်တွေက ကြိုတင်အကြောင်းမကြားဘဲ ရုတ်တရက် ဝင်လာတော့ ရုတ်တရက် ရင်ဆိုင်တိုက်ပွဲဖြစ်တာပါ။ အသေအပျောက်တော့ မသိသေးဘူး” ဟု ၎င်းက ဆိုသည်။

အဆိုပါ တိုက်ပွဲဖြစ်ပွားမှုနှင့် ပတ်သက်၍ ရှမ်းပြည်နယ် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC-S) ကိုယ်စားလှယ်များထံ အကြောင်းကြားလာခြင်း မရှိသေးသည့်အတွက် မည်သည့်အတွက်ကြောင့် တိုက်ပွဲဖြစ်ပွားသည်ကို မသိရှိရသေးကြောင်း အဆိုပါ ကော်မတီမှ အရပ်သား စောင့်ကြည့်ရေး ကိုယ်စားလှယ် ကိုခွန်စိုးထွန်းအောင်က ပြောကြားသည်။

“ဘာကြောင့် ဖြစ်လဲဆိုတာ ပြောဖို့တော့ခက်တယ်။ နှစ်ဖက်နယ်မြေသတ်မှတ်တာတွေ မလုပ်ရသေးတဲ့အတွက် ပြောရခက်တယ်။ ကျွန်တော်တို့ ကိုယ်စားလှယ်တွေကိုတော့ ဘာမှ အကြောင်းကြားထားတာတော့ မရှိသေးဘူး” ဟု ၎င်းက ဆိုသည်။

RCSS အဖွဲ့နှင့် တပ်မတော်တို့ ပြီးခဲ့သည့် ဧပြီလပိုင်းတွင်လည်း ရှမ်းပြည်နယ် ပင်လုံမြို့အနီးတွင် ထိတွေ့တိုက်ပွဲဖြစ်ပွားထားသည်။

ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ RCSS/SSA အဖွဲ့သည် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့တစ်ဖွဲ့ဖြစ်ပြီး ဒေသတွင်း ထိတွေ့တိုက်ပွဲများ မကြာခဏဖြစ်ပွားလေ့ရှိကြောင်း ဒေသခံ သတင်းဌာနများက ဖော်ပြလေ့ရှိသည်။ **J-08**

# ကရင်ပြည်နယ်သို့ မစ္စ ယန်ဟီးလီ ရောက်ရှိ

ဘားအံ၊ ဇူလိုင် ၁၆



Photo- စောကျော်ဌေး

ကရင်ပြည်နယ်သို့ ရောက်ရှိလာသည့် မစ္စယန်ဟီးလီကို ဇူလိုင်လ ၁၆ ရက်က တွေ့ရစဉ်

မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီးလီသည် ဇူလိုင်လ ၁၆ ရက်က ကရင်ပြည်နယ်၊ ဘားအံမြို့သို့ ပထမဆုံးအကြိမ်ရောက်ရှိလာပြီး ဒေသခံအချို့ အရပ်ဘက်ဆိုင်ရာအဖွဲ့အစည်းများနှင့် သီရိဘားအံ ဟိုတယ်တွင် သီးသန့်တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် ဒုက္ခသည်များကိစ္စ၊ မြေမြှုပ်မိုင်း၊ မြေယာနှင့် သယံဇာတ၊ ကျားမရေးရာ၊ ရိုးရာယဉ်ကျေးမှု၊ တရားဥပဒေစိုးမိုးရေးနှင့် အကျင့်ပျက်ခြစားမှုဆိုင်ရာများကို အစုအဖွဲ့လိုက် အချိန်ခွဲ၍ ဆွေးနွေးခဲ့ကြောင်း အရပ်ဘက်ဆိုင်ရာ အဖွဲ့အစည်းများထံမှသိရသည်။

“ကျွန်မတို့တွေ အဓိကဆွေးနွေးဖြစ်တာကတော့ မြေယာနဲ့သဘာဝပတ်ဝန်းကျင်ကိစ္စပါ။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စလည်း ဆွေးနွေးဖြစ်တယ်။ အဓိကကတော့ ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ ကိစ္စပေါ့” ဟု သဘာဝပတ်ဝန်းကျင်ဆိုင်ရာတက်ကြွလှုပ်ရှားသူ ဒေါ်ယုဇနဝင်းက ဆိုသည်။

တွေ့ဆုံပွဲတွင် မိမိတို့ဘက်က တင်ပြရခြင်းသာရှိပြီး ပြန်လည်ဖြေကြားခြင်းမျိုး မရှိသောကြောင့် အစီရင်ခံစာထွက်လာမှသာ မည်သို့ဖြစ်မည်ဆိုသည်ကို သိရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

မစ္စယန်ဟီးလီသည် မွန်းလွဲ ၁ နာရီကလည်း ပြည်ထောင်စုအစိုးရရိပ်သာတွင် ကရင်ပြည်နယ် အစိုးရအဖွဲ့နှင့် တွေ့ဆုံခဲ့ကြောင်း၊ ယနေ့ဘားအံမြို့တွင် တစ်ညတည်းခိုပြီး ဇူလိုင်လ ၁၇ ရက်တွင် လှိုင်းဘွဲ့မြို့နယ်သို့ သွားမည်ဖြစ်သည်။ **R-17**

## မျက်နှာဖုံး - ဦးဖြိုးမင်းသိန်းက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ မှ အဆက်

ပြီးခဲ့သည့် ဇူလိုင်လ ၉ ရက်နေ့က ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည့် နိုင်ငံရေးအကျဉ်းသားများအတွက် အလုပ်အကိုင်ဖန်တီးပေးရေး အရပ်ဘက်အဖွဲ့အစည်းနှင့် မီဒီယာစီမံကိန်း အလုပ်ရုံဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က “အရပ်ဘက် စစ်ဘက်ဆက်ဆံရေးဆိုတာ ဒီမိုကရေစီခေတ်မှာ မရှိကြောင်း၊ ကာကွယ်ရေးဦးစီးချုပ်ဆိုတာ Protocol အရ ညွှန်ကြားရေးမှူးချုပ် Level ပဲဖြစ်ကြောင်း” ပြောကြားခြင်းနှင့် ပတ်သက်၍ လိုအပ်သလို စိစစ်အရေးယူနိုင်ရန်အတွက် တပ်မတော်အနေနှင့် နိုင်ငံတော် အစိုးရထံ တင်ပြထားခဲ့ခြင်းဖြစ်ကြောင်း တပ်ချုပ်ရုံးမှ သိရသည်။

ယင်းသို့ တောင်းပန်စာပေးပို့မှုအပေါ် ပြန်ကြားရေးဝန်ကြီးဟောင်း ဦးရဲထွဋ်က သူ၏ လူမှုကွန်ရက် စာမျက်နှာတွင် “ပါတီက သတိပေးတယ်၊ ကာယကံရှင်က တောင်းပန်တယ်ဆိုတော့ ပြီးခဲ့တာတွေ ပြည်ဖုံးကားချပြီး ညီညီညွတ်ညွတ် ခရီးဆက်ဖို့ပဲ လိုပါတော့တယ်” ဟု ရေးသားဖော်ပြခဲ့သည်။

ယခုဖြစ်ရပ်အပေါ် နိုင်ငံရေးဆောင်းပါးရှင် ဦးရဲထွန်း (ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဟောင်း) ကလည်း တပ်မတော်သည် လက်ရှိနိုင်ငံရေး အခြေအနေအရ မရှိမဖြစ် အဖွဲ့အစည်းတစ်ခုဖြစ်နေပြီး တပ်မတော်နှင့် ပတ်သက်သည့် မှတ်ချက်များ၊ သဘောထားများနှင့် ပတ်သက်၍ NLD ထိပ်ပိုင်းခေါင်းဆောင်များက သတိထားမှသာ ဒေါ်အောင်ဆန်းစုကြည်၏ အမျိုးသားရင်ကြားစေ့ရေးမူဝါဒ အောင်မြင်မည်ဟု သုံးသပ်သည်။

တပ်မတော်နှင့် အစိုးရ ညှိနှိုင်းရမည့် ကိစ္စရပ်များဖြစ်သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၊ ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေး စသည်တို့တွင် တပ်မတော်က အစိုးရကို လိုလိုလားလား ပူးပေါင်းဆောင်ရွက်မှုသာ အောင်မြင်နိုင်မည်ဖြစ်သောကြောင့် တပ်မတော်နှင့် ဆက်ဆံရေး ကောင်းမွန်ရန် အရေးကြီးကြောင်း ၎င်းက ဆိုသည်။

“ရှင်းရှင်းပြောရရင် NLD ထိပ်ပိုင်းခေါင်းဆောင်တွေဟာ ဒေါ်အောင်ဆန်းစုကြည် သဘောပေါက်သလို အားလုံး သဘောပေါက်ဖို့လိုတယ်။ ဒေါ်အောင်ဆန်းစုကြည်လို ထိန်းထိန်းသိမ်းသိမ်း လုပ်ဖို့လိုတယ်” ဟု ၎င်းက သုံးသပ်ပြောဆိုသည်။

အဆိုပါ ပြောစကားနှင့် ပတ်သက်၍ NLD ပါတီကလည်း ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းကို သတိပေးဆုံးမမှုကို ပြီးခဲ့သည့်ဇူလိုင်လ ၁၄ရက်က ပြုလုပ်ခဲ့သည်။

အဆိုပါ ပြောကြားချက်အပေါ် လိုအပ်သလို စိစစ်အရေးယူပေးရန် တပ်မတော်က အစိုးရထံ ဇူလိုင်လ ၁၁ ရက်နေ့က တင်ပြခဲ့ပြီးနောက် ဦးဖြိုးမင်းသိန်း သတိပေးခံခဲ့ရခြင်းဖြစ်သည်။

ဇူလိုင်လ ၁၂ ရက်နေ့တွင်လည်း အပြုသဘောဖြင့် ရေရှည်ဆက်ဆံရန် မသင့်လျော်သောကြောင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖြစ်သူ ဦးဖြိုးမင်းသိန်းအား လိုအပ်သလို စိစစ်အရေးယူပေးနိုင်ရန် တပ်မတော်အနေနှင့် နိုင်ငံတော်အစိုးရထံ တင်ပြခဲ့ရခြင်းဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး အင်တာနက်စာမျက်နှာတွင် ထပ်မံ ထုတ်ပြန်ခဲ့သည်။

ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၏ အဆိုပါပြောကြားချက်သည် အစိုးရ၏ သဘောထား ရပ်တည်ချက် မဟုတ်ကြောင်း၊ အဆိုပါပြောကြားချက်သည် အစိုးရနှင့် တပ်မတော်ကြား အထင်အမြင်လွဲမှားမှုကို ဖြစ်ပေါ်စေကြောင်းနှင့် ရန်ကုန်တိုင်းဝန်ကြီးချုပ် ဆောင်ရွက်ရမည့် အပိုင်းများကို ညွှန်ကြားထားကြောင်း နိုင်ငံတော် အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြောကြားထားသည်။

■ **J-08**

# လှည်းကူးကျူးကျော်များ၏ တောင်းဆိုချက်များကို တိုင်းအစိုးရအဖွဲ့ထံ တင်ပြ

ရန်ကုန်၊ ဇူလိုင် ၁၆

လှည်းကူးမြို့နယ်၊ အမြန်လမ်းရှိ ကျူးကျော်နေအိမ်များ ဖယ်ရှားခံရသည့် ကျူးကျော်များ၏တောင်းဆိုချက်များကို တိုင်းအစိုးရအဖွဲ့ထံ တင်ပြထားကြောင်း မြို့ပြနှင့် အိမ်ရာဖွံ့ ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးယုခိုင်က ပြောကြားသည်။

အဆိုပါကျူးကျော်များက မြေကွက်များ လိမ်ညာရောင်းချသွားသူများကို အမြန်ဆုံးဖမ်းဆီးရမိစေရေး ဆောင်ရွက်ပေးရန်နှင့် မြေကွက်ဝယ်ယူထားပြီး နစ်နာသည့် ကျူးကျော်များကို တိုင်းအစိုးရက ကျူးကျော်များအဖြစ် သတ်မှတ်ပေးပြီး ကျူးကျော်အသိအမှတ်ပြုစမတ်ကတ်များ ထုတ်ပေးရန် တောင်းဆိုခဲ့ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

“ဇူလိုင် ၁၃ ရက်က ကျူးကျော်တွေ တောင်းဆိုတဲ့အချက်တွေကို ဇူလိုင် ၁၄ ရက်မှာ တိုင်းအစိုးရအဖွဲ့ဆီ တင်ပြထားတယ်။ အဖြေကတော့ ပြန်မလာသေးဘူး။ မြေကွက်တွေ လိမ်ညာရောင်းခဲ့တဲ့သူတွေကိုလည်း အရေးယူဆောင်ရွက်သွားမယ်” ဟု ဦးယုခိုင်က ဆိုသည်။

ကျူးကျော်နေအိမ်များတွင် နေထိုင်သူ ဆယ်ဦးခန့် ဦးဆောင်ပြီး တိုင်းအစိုးရအဖွဲ့နှင့် တွေ့ဆုံရန် ဇွန်လ ၂၀ ရက်နှင့် ၂၇ ရက်တွင် နှစ်ကြိမ်တိုင် စာတင်ထားသော်လည်း အကြောင်းမပြန်သောကြောင့် တတိယအကြိမ် ဇူလိုင် ၁၂ နှင့် ၁၃ ရက်တွင် တွေ့ဆုံခွင့်ရရန် သွားရောက်ခဲ့ရာ တိုင်းအစိုးရအဖွဲ့က ယင်းကိစ္စကို ဖြေရှင်းပေးရန် မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးယုခိုင်နှင့် တွေ့ဆုံပြီး တောင်းဆိုရန်ပြောခဲ့ကြောင်း ကျူးကျော်နေထိုင်သူများထံမှ သိရသည်။

“ဇူလိုင် ၁၃ ရက်မှာ တိုင်းအစိုးရအဖွဲ့ကို တွေ့ခွင့်ရတဲ့အချိန်ထိ ညအိပ်ညနေစောင့်ဆိုင်းမယ်ဆိုတော့ တိုင်းအစိုးရက အိုးအိမ်က ညွှန်မှူး ဦးယုခိုင်နဲ့တွေ့ပြီး ဖြေရှင်းပေးမယ်လို့ပြောတော့ အချက်နှစ်ချက်ကို ဦးယုခိုင်ကို တင် ပြခဲ့ပါတယ်။ နောက်ပိုင်းမှာလည်း ကျွန်တော်တို့ သတင်းစာရှင်းလင်းပွဲတွေ ဆက်တိုက်လုပ်ပါမယ်” ဟု ကျူးကျော်နေထိုင်သူ ဦးသိန်းအောင်က ဆိုသည်။

လှည်းကူးမြို့နယ်၊ စခမ်းကြီးကျေးရွာအုပ်စု၊ အမြန်လမ်း လမ်းဘေးဝဲယာရှိ မြေဧက ၁၄၅၃ ဒသမ ၇၂ ဧကပေါ်တွင် နေထိုင်သည့်ကျူးကျော်တဲ ၆၀၀၀ ခန့်ကို ဖျက်သိမ်းခဲ့ပြီး လက်ရှိတွင် ကျူးကျော်တဲများနေရာတွင် မြေပြင်ရှင်းလင်းခြင်းလုပ်ငန်းများကိုဆောင်ရွက်နေကြောင်း မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနထံမှ သိရသည်။

ရန်ကုန်တိုင်းတွင် ကျူးကျော်နေထိုင်သူဦးရေ လေးသိန်းကျော်ခန့်ရှိကြောင်း တိုင်းအစိုးရအဖွဲ့က ထုတ်ပြန်ထားပြီး ယခုဖယ်ရှားခံရသည့် လှည်းကူးမြို့နယ်၊ စခမ်းကြီးကျေးရွာရှိ ကျူးကျော်များသည် တိုင်းအစိုးရအဖွဲ့က ကောက်ယူသည့် စာရင်းတွင် မပါဝင်ကြောင်း မြို့ပြနှင့် အိမ်ရာဖွံ့ ဖြိုးရေးဦးစီးဌာနထံမှ သိရသည်။

အဆိုပါနေရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပုဂ္ဂလိက ကုမ္ပဏီများ ပူးပေါင်းပြီး နိုင်ငံတကာအဆင့်မီ စာသင်ကျောင်းအပါအဝင် လူနေအိမ် ပန်းခြံနှင့် ဆေးရုံ၊ ဂေါက်ကွင်း၊ ဈေးများစသည်တို့ ပါဝင်သည့် နိုင်ငံတော်အဆင့် စီမံကိန်း တစ်ခုပြုလုပ်မည်ဖြစ်သည်။ ■ **J-10**



E D I T O R I A L

# OK ဒီမိုကရေစီထက် APPLY ဒီမိုကရေစီ ဖြစ်ရန်လိုသည်

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်အရာများထဲတွင် ‘မူ’ ဟုဆိုနိုင်သည့် စနစ်ကောင်းတစ်ရပ် ပေါ်ထွန်းရေးသည် ထိပ်ဆုံးမှပါဝင်နေသည်ကို ဖွံ့ဖြိုးမှုလွန်စွာနိမ့်ကျနေသည့် နိုင်ငံကို ပြန်လည်တည်ဆောက်ယူလိုသူတိုင်း လက်ခံနားလည်ထားပြီးဖြစ်ပေသည်။ ကိုလိုနီနယ်ချဲ့အလိုမရှိဟု ကြွေးကြော်ခဲ့ရသော မြန်မာနိုင်ငံကို တစ်ချိန်ကသိမ်းပိုက်ရယူထားခဲ့သည့် ဗြိတိသျှတို့သည် ၎င်းနိုင်ငံသို့ အုပ်ချုပ်မည့်သူ အနည်းငယ်သာစေလွှတ်ပြီး နှစ်အတန်ကြာ သိမ်းပိုက်ရယူထားခဲ့သည်မှာလည်း လက်နက်အင်အားသာလွန်သည့်အကြောင်းတစ်ခုတည်းကြောင့်တော့မဟုတ်ပေ။ အားကောင်းမောင်းသန်ရှိလှသည့် စနစ်တစ်ရပ်ကို ဖန်တီးထားနိုင်ခဲ့ခြင်းကြောင့်သာဖြစ်သည်ဟုပင်ဆိုရပေမည်။ ကိုလိုနီနယ်ချဲ့စနစ်ဟူသည် မည်သို့မျှထောက်ခံစရာမရှိသော်လည်း ကမ္ဘာ့မြေပုံတွင် အလွန်တရာမျှ သေးငယ်လွန်းလှသည့် ဗြိတိန်နိုင်ငံက မိုင်းပေါင်းထောင်ချီဝေးကွာသောနေရာတွင်ရှိသည့် မြန်မာနိုင်ငံနှင့် သူ့ထက်အဆပေါင်းများစွာကြီးမားသော အိန္ဒိယနိုင်ငံတို့မှ လူပေါင်းများစွာကို အချိန်အတော်ကြာကြာအုပ်ချုပ်ခဲ့သည်မှာ တစ်မျိုးစဉ်းစားမည်ဆိုပါက အံ့အားသင့်စရာကောင်းလှသည့် စနစ်တစ်ရပ်ရှိနေသည်ကိုတွေ့မြင်ရပေမည်။

ဗြိတိသျှတို့ အုပ်စိုးမှုအဆုံးသတ်ကာ ပါလီမန်ဒီမိုကရေစီခေတ်ကာလနောက်ပိုင်း နိုင်ငံတော်အာဏာသိမ်းယူခဲ့သည့် တော်လှန်ရေးကောင်စီအစိုးရလက်ထက်မှစ၍ ယနေ့အချိန်ကာလအထိ အခြားနိုင်ငံများထက် အဆ ပေါင်းများစွာ နောက်ကောက်ကျကျန်ရစ်ခဲ့သည့် အနေအထားကို ကြည့်မည်ဆိုလျှင် ‘မူ’ သို့မဟုတ် စနစ်ကောင်းတစ်ရပ်ဖြင့် အုပ်ချုပ်ခြင်းထက် နိုင်ငံတော်အကြီးအကဲ သို့မဟုတ် လူက အသေးအဖွဲ့ကိစ္စမှသည် ရောမစီမံကိန်းကြီးများအဆုံး ဝင်ရောက်ဆုံးဖြတ်နေခဲ့ခြင်းကြောင့်သာ ယခုလိုပုံစံပေါက်လာရခြင်းဟုပင်ဆိုရပေမည်။ တစ်နည်းအားဖြင့် အုပ်ချုပ်မှုယန္တရား၏ လုပ်ပိုင်ခွင့်အားလုံးကို ခေါင်းဆောင်အပါအဝင် ၎င်းနှင့်အနီးကပ်ဆက်နွယ်သူ လူနည်းစုကသာဆုပ်ကိုင်ထားခြင်းကိုဆိုလိုပေသည်။ ရာစုနှစ်ဝက်ကျော်ကြာမျှ ‘မူ’ ထက် ‘လူ’ ကိုအသားပေးပြီး ဆန့်ကျင်ဘက်နိုင်ငံရေးအင်အားစုများမဆိုထားနှင့် မိမိလက်အောက်မှ ပုဂ္ဂိုလ်အသီးသီး၏ ဝေဖန်ထောက်ပြမှုမျိုးကိုပင် သည်းမခံခဲ့သော ခေတ်ကာလတွင်း(အနောက်နိုင်ငံများ မြန်မာအပေါ် ဒဏ်ခတ် အရေးယူမှုမပြုလုပ်သည့် ကာလများအပါအဝင်) ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးစသည့် နယ်ပယ်အသီးသီး၌ အခြားနိုင်ငံများထက် အဆမတန်နိမ့်ကျခဲ့ရသည်ကို ယနေ့ အာဏာရပါတီမှ ခေါင်းဆောင်များနှင့် ပြည်သူတစ်ရပ်လုံး အသိပင်ဖြစ်ပါသည်။

‘မူ’ ထက် ‘လူ’ ကဆုံးဖြတ်သော ခေတ်ကာလကိုကျော်ဖြတ်ခဲ့ပြီးနောက် ယနေ့ ဒီမိုကရေစီအသွင်ကူးပြောင်းနိုင်ရေးအတွက် ကြိုးပမ်းနေချိန်တွင် ယခင်ကလိုအခြေအနေမျိုးထဲသို့ ပြန်မတိုးမိရေးမှာ ဒီမိုကရေစီဖော်ဆောင်မည်ဟု သံန္နိဋ္ဌာန်ချထားသူများအားလုံး သတိပြုရမည်ဟု ယုံကြည်ပါသည်။ တစ်မျိုးပြောရလျှင် အာဏာရှင်စနစ်ကို ရွံရှာမုန်းတီးသူတစ်ဦးအနေနှင့် အာဏာရှင်ဆန်သော အပြုအမူမျိုးနှင့် ဆုံးဖြတ်ချက်မျိုးကို မိမိသန္တာန်၌သာမက မိမိအဖွဲ့အစည်းတွင်း၌ပါ မကျင့်သုံးမိစေရန်အရေးကြီးသည်ကို ဆိုလိုပေသည်။ ထိုသို့ကျင့်ဆောင်နိုင်ခြင်းမရှိပါက မိမိရော မိမိအဖွဲ့အစည်းပါ အာဏာရှင်စနစ်နှင့်အတူ ထိုင်ခုံတစ်ခုံတည်းတွင် ကျောချင်းကပ်ထိုင်နေသူများ(ဦးတည်ချက်မတူသော်လည်း မူဝါဒသဘောထားတူသူများ)အဖြစ် မလွဲမသွေရှုမြင်ခံရမည်သာဖြစ်ပေသည်။ ကွန်ပျူတာတစ်လုံး၏ Application အစီအစဉ် ဥပမာဖြင့်ဆိုပါက မိမိရွေးချယ်ထားသော စနစ်ကို Cancel ခလုတ်မနှိပ်ဘဲ Ok နှိပ်လိုက်သော်လည်း Apply ခလုတ်မနှိပ်ဘဲထားခြင်းမျိုးဟု ဆိုရပါမည်။

လက်ရှိဒီမိုကရေစီအသွင်ကူးပြောင်းမှုတွင်လည်း ထိုနည်းအတိုင်းပင်ဖြစ်ရပါမည်။ အာဏာရထားသူများနှင့် နောက်လိုက်များအပါအဝင် ဒီမိုကရေစီကိုလိုလိုလားလားရှိကြသူ ပြည်သူများအနေနှင့် Ok တစ်ခုတည်းကိုနှိပ်ပြရုံမျှဖြင့် ယခင်စနစ်ဟောင်းကို မနှစ်သက်ကြောင်း ပြသနိုင်မည်ဖြစ်သော်လည်း Apply ခလုတ်ကို မဖြစ်မနေနှိပ်မိပါမှ ယင်းစနစ်ဟောင်းထဲက ‘မူ’ ထက် ‘လူ’ ကိုအသားပေးသည့် အာဏာရှင်ပုံစံမျိုးကို အမှန်တကယ် Uninstall လုပ်ကာဖြုတ်ပစ်နိုင်မည်ဖြစ်သည်ဟူသောအချက်ကို အထူးသတိပြုရပေမည်။

ယနေ့အချိန်ကာလသည် အုပ်စုတစ်စုနှင့်တစ်စုရန်ဖြစ်နေရမည့်အချိန်မဟုတ်တော့ဘဲ နိုင်ငံတည်ဆောက်ရေးဘက်သို့ မဖြစ်မနေဦးတည်ရမည့်အချိန်ဖြစ်ပေရာ သက်ဆိုင်သူများအားလုံး မိမိသည် Ok ဒီမိုကရေစီသမား(ဒီမိုကရေစီကိုလက်ခံသော်လည်း ဒီမိုကရေစီစံနှုန်းများအတိုင်း ကျင့်ကြံနေထိုင်မှုမပြုသူ)လား၊ သို့မဟုတ် Apply ဒီမိုကရေစီသမား (ဒီမိုကရေစီစံချိန်စံနှုန်းများအတိုင်း ကျင့်ကြံနေထိုင်သူ) လား ဟူသည်ကို ဆန်းစစ်ကြရမည့်အကြောင်း ဖော်ပြလိုရင်းဖြစ်ပေသည်။

**အယ်ဒီတာ (၁၆ - ၇ - ၂၀၁၇ )**

# ပုံနှိပ်စာအုပ်မရသေးသည့် ကျောင်းများ မြို့နယ်ပညာရေးမှူးရုံးကို စာရင်းတင်ရမည်

**ရန်ကုန်၊ ဇူလိုင် ၁၆**

ပထမတန်းသင်ရိုးသစ် ပုံနှိပ်စာအုပ်မရောက်ရှိသေးသည့် ကျောင်းများအနေနှင့် သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများသို့ စာရင်းတင်သွင်းရမည်ဖြစ်ကြောင်း အခြေခံပညာပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်နိုင်စိုးက The Voice သို့ ပြောကြားသည်။

အခြေခံပညာဦးစီးဌာနအနေနှင့် ကျောင်းအပ်ရာသီအပြီး ကျောင်းသားစာရင်းငြိမ်သည့်အချိန်တွင် ကျောင်းသုံးပုံနှိပ်စာအုပ် မရောက်ရှိသည့် ကျောင်းများမှ မရောက်ရှိသည့် စာအုပ်စာရင်းကို တင်သွင်းရန် ညွှန်ကြားခဲ့သော်လည်း စာရင်းတင်သွင်းမှုမှာ မပြည့်စုံခဲ့ကြောင်း ၎င်းက ဆိုသည်။

“ဆရာ၊ ဆရာမတွေအနေနဲ့ကျောင်းအပ်ကြီးကနေတစ်ဆင့် သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးဆီကို စာရင်းတင်ပါလို့ ကျွန်တော်တို့ ပြောထားပြီးသား။ ဇွန်လတတိယပတ်အတွင်း လိုအပ်တဲ့စာရင်းတွေတောင်းတယ်။ သူတို့တွေအနေနဲ့ ကျောင်းအပ်တာမငြိမ်သေးဘူးဆိုလို့ ဇွန်လကုန်အထိကျွန်တော်တို့စောင့်တယ်။ မလုံလောက်ဘူးသာ ပြောနေတယ်။ သူတို့စာရင်းမတက်ဘူးလေ”ဟု ဒေါက်တာအောင်နိုင်စိုးက ပြောကြားသည်။

အခြေခံပညာဦးစီးဌာနတွင် ကျောင်းသုံးပုံနှိပ်စာအုပ်များကို ရန်ကုန်၊ မြစ်ငယ်နှင့် တပ်ကုန်းဂိုဒေါင်တို့တွင် အရန်သင့်ထားရှိပြီး မလုံလောက်သည့် ကျောင်းများ၏ စာရင်းများ ရောက်ရှိလာပါက ထုတ်ပေးသွားမည်ဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှသိရသည်။

၂၀၁၇-၂၀၁၈ ခုနှစ် ပညာသင်နှစ်တွင် ပထမတန်းကျောင်းသားများအနေနှင့် ပုံနှိပ်စာအုပ် မလုံလောက်ခြင်းများ ဖြစ်ပေါ်ခဲ့ပြီး လက်ရှိအချိန်ထိ ပြည့်စုံမှုမရှိသေးကြောင်း မအူပင်မြို့နယ်မူလတန်းကျောင်းတွင် ပထမတန်း ပညာသင်ကြားပို့ချပေးနေသည့် ကျောင်းဆရာတစ်ဦးက ဆိုသည်။

“တကယ်တော့ကျောင်းသားစာရင်းငြိမ်ပြီဆိုတာနဲ့ စာရင်းတွေကို ပို့ပေးရတယ်။ အခြေခံပညာကျောင်းတွေအနေနဲ့ စာရင်းမပို့ဘဲ နေကိုမနေရဲတာ။ မပို့ပေးဘဲနေခဲ့ရင် ထုခြေလွှာတို့ ဘာတို့ အဆင့်ဆင့်လာတာဗျ”ဟု အဆိုပါ ကျောင်းဆရာက ပြောဆိုသည်။

ယခုပညာသင်နှစ်အတွက် ပထမတန်းသင်ရိုးသစ်တွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံ၊ လူမှုရေး၊ စာရိတ္တနှင့်ပြည်သူ့နီတိ၊ ဗျည်းအက္ခရာ၊ ကိန်းဂဏန်းများ စသည့်ဘာသာရပ်များကို သတ်မှတ်ထားပြီး ကျောင်းသုံးပုံနှိပ်စာအုပ်ပေါင်း ၁,၁၇၀,၀၀၀ စုံကို တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးသို့ အခမဲ့ထောက်ပံ့ပေးထားကြောင်း ဝန်ကြီးဌာန၏ အခြေခံပညာကျောင်းများ ကျောင်းအပ်နှံရေးဆိုင်ရာ စာရင်းများမှ သိရသည်။ ■ **ရွှေဖူးခင်**

The VOICE Daily

CARTOON





The VOICE Daily

**The Product of Myanmar Partners Think Tank Group (A Sister Publication of Living Color Magazine)**

**Editor in-Chief** - Kyaw Min Swe, **Deputy Chief Editor** -Tin Aung Kyaw , **Editor in Charge** -Kyaw San Min .
**Senior Executive Editors** - Thiri Zaw, Aung Soe, **Legal Advisor** - U Hla Sein (Advocate), **Foreign Desk** - Aung Kyaw Soe,
**Editors** - Kyaw Swar Soe, Win Lwin Khaing, Kyi Kyi Lwin, Aung Aung Tun, Pyae Phyo Lin , Thant Zin Oo, Hein Myat Soe, Nay Zar Kyaw, Aung Thiha Tun. **Graphic Editors** - Myo Htoo Htet, Ngu War Khine, Soe Han,
**Manager (DTP)** - Ma Khine, **Designer** - Saw Elijah, **Design & DTP** - Cho Cho Zin, Hnin Si.
**Senior Reporters** - Aung Htet , Khaing Soe Lin , Sithu Aung Myo Kyaw , Pwint Zin Maw Hein, Thet Shine Thu, Nilar Myint, Zaw Moe Lwin,Si Si Thin Hlaing, Zeyar Hein.
**Reporters** - Khine Cherry Tun, San San Htwe, Kyaw Soe Oo, Su Lay Ngone, Thida Swe, Aung Zaw Htoo, Khin Myat Myat Wai.
**Part-time Editors**- Aung Naing Win, Mg Man @ Myo Myint Aung.
**Mandalay Reporters** - Ye Win Naing, Than Pe Thar. Nay Lin, Yan Moe Naing, Myat Min, Aung Phyo,
**Regional Reporters** - Zay Yar Ko, Yan Naing, Zaw Tint, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nay Min Htet, Nay Lin Phyu, Cho Thae Kyi, Yan Kaung, Min Min Aung, Slai Yaw Zin, Ma Ma, Myat Thu Tun (Poe Thiha), Paw Oo, Khin May San, Tin Zaw Oo. **Photographer** - Ye Pyae Zar Ni, Aung Naing,
**Advertising** - Ei Mar Lar, Zaw Zaw Aung. **Distribution** - Htet Khaung, Jet Too Too.
**Press** -Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,
**Web Team**- thevoicewebteam@gmail.com,
**Website** - www.thevoicemyanmar.com, **Office** - No. 157, West Horse Race Course Road, Kyaikasan Quarter, Bahan Township, Yangon.
**Phone** – 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080
**Hot Lines** – 09 785555771 **(Newsroom),** 09 785555772**(Advertising),** 09 785555773**(Distribution)**
**E-mail**-Admin; Chief Editor :c-editor@thevoicemyanmar.com, **News Room** : newsroom@thevoicemyanmar.com.

# ပြည်တွင် အိမ်ခြေတစ်ရာကျော် ရေမြုပ်၍ ကယ်ဆယ်ရေးစခန်းသို့ ပြောင်းရွှေ့

**ပြည်၊ ဇူလိုင် ၁၆**

ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ ပြည်မြို့နယ်၊ နဝင်းရပ်ကွက်ရှိ အိမ်ခြေတစ်ရာကျော်သည် ရေနစ်မြုပ်နေသည့်အတွက် ဇူလိုင်လ ၁၆ ရက်နေ့ ညနေမှစတင်၍ ရေဘေးကယ်ဆယ်ရေးစခန်းသို့ ပြောင်းရွှေ့နေထိုင်နေရကြောင်း ပြည်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်က ပြောကြားသည်။


Photo- aung phyo

ပြည်မြို့နယ် နဝင်းနယ်မြေအတွင်းရှိ ဘော၇၊ ကံကွက်၊ မာလကာကုန်းရှိ အိမ်ခြေတစ်ရာကျော်မှာ ဧရာဝတီမြစ်ရေတိုးဝင်မှုကြောင့် ဇူလိုင်လ ၁၆ ရက်နေ့ နံနက်မှစတင်၍ နဝင်းတာဘောင်ပေါ်တွင် ယာယီတဲများထိုးနေရပြီး ယာယီတဲများမှာလည်း လုံခြုံမှုမရှိ၍ နဝင်းရပ်ကွက်ရှိ ဝါဆိုဘုန်းကြီးကျောင်းတွင် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားရှိကာပြောင်းရွှေ့နေထိုင်ရလျက်ရှိကြောင်း ကူညီဆောင်ရွက်သူများထံမှ စုံစမ်းသိရှိရသည်။

"ကယ်ဆယ်ရေးစခန်းနေရာအတွက် မပေးချင်ကြဘူး။ မနှစ်က ကယ်ဆယ်ရေးစခန်း ဖွင့်ခဲ့တဲ့နေရာတွေက ဖျက်သိမ်းတော့ ပျက်စီးခဲ့တာတွေကြောင့် ဒီနှစ်တော့ ဆရာတော်တွေ ဂေါပကတွေကို တော်တော်လေးနားလည်အောင် ပြောရတယ်" ဟု ဦးမြတ်ကျော်က ပြောဆိုသည်။

လတ်တလောတွင် ကယ်ဆယ်ရေးစခန်းများ၌ နေထိုင်စရာလိုအပ်နေပြီး ရေရှည်တွင် အစားအသောက်၊ ဆေးဝါးနှင့် အိမ်သာလိုအပ်ချက် စသည်တို့ရှိနေသည့်အတွက် ပရဟိတအဖွဲ့များနှင့် ဆွေးနွေးနေကြောင်း၎င်းကဆက်လက်ပြောသည်။

"မနေ့ညကတည်းက ရေတက်လာတော့ ပြောင်းစရာနေရာကလည်းမရှိသေးတာနဲ့ တာပေါ်မှာပဲ တာလပတ်မိုးနဲ့နေရတာ မိုးရွာတာနဲ့ အကုန်စိုတော့တာပဲ" ဟု ဘောဂလမ်းအတွင်း နေထိုင်သည့် ဒေသခံအမျိုးသမီးတစ်ဦးက ဆိုသည်။

ပြည်မြို့နယ်အတွင်း ပြီးခဲ့သည့်နှစ်အတွင်းက ရေကြီးနစ်မြုပ်မှုကြောင့် လူဦးရေ ၇၀၀၀ ကျော် ကယ်ဆယ်ရေးစခန်း ၁၄ ခုခန့် ဖွင့်လှစ်ခဲ့ရပြီး လက်ရှိကယ်ဆယ်ရေးစခန်းများ ဖွင့်ရန် ဘုန်းတော်ကြီးကျောင်းများ၊ ဘုရား၊ ဓမ္မာရုံများနှင့် စာသင်ကျောင်းများသို့ နေရာတောင်းထားရကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးမှ စုံစမ်းသိရှိရသည်။ ■ M-06


Photo- aung phyo

## မျက်နှာဖုံး - မကွေးရေဘေး စာသင်ကျောင်းတစ်ရာကျော်ပိတ် မှ အဆက်


ဓာတ်ပုံ- ပေါ်ဦး

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မကွေးတိုင်းဒေသကြီး ပညာရေးမှူးရုံးတို့ထံမှ စုံစမ်းသိရှိရသည်။

လက်ရှိတွင် ဧရာဝတီမြစ်ရေသည် ပခုက္ကူနှင့်ညောင်ဦးမြို့များတွင် စိုးရိမ်ရေမှတ်အထက်သို့ရောက်ရှိနေပြီး မကွေးမြို့တွင်မူ စိုးရိမ်ရေမှတ်သို့ ရောက်ရှိရန် ငါးပေခန့်လိုနေသေးကြောင်း မကွေးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်လွင်က ပြောကြားသည်။

"မြစ်ရေအခြေအနေက မနှစ်ကလောက် မတက်သေးပါဘူး။ နှစ်စဉ်ဖြစ်ရိုးဖြစ်စဉ် တစ်ခုအဆင့်မျှသာပါပဲ။ ပြောင်းရွှေ့နေရသူ အိမ်ထောင်စုတွေကိုတော့ တိရစ္ဆာန်တွေ၊ အိမ်ထောင်သုံးပစ္စည်းတွေ သယ်ဖို့အတွက် နယ်မြေခံတပ်မတော်သားတွေ ရဲတပ်ဖွဲ့တွေနဲ့ လူမှုရေးအသင်းအဖွဲ့တွေကကူညီနေကြပါတယ်။ လူဦးရေ ၁၇၀၀ ကျော်လောက် ရေဘေးလွတ်ရာ ပြောင်းရွှေ့နေထိုင်နေရဆဲဖြစ်ပါတယ်" ဟု မင်းဘူးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းက ဆိုသည်။

အဆိုပါမြစ်ရေတက်ခြင်းသည် ဒေသခံအများအတွက် ဖြစ်လေ့ဖြစ်ထ ရှိနေပြီး ပုံမှန်မပျက်ရွှေ့ပြောင်းနေထိုင်ကြရလေ့ရှိသော်လည်း ဆိုးရွားစွာ နစ်မြုပ်လေ့ရှိသည့်ကျေးရွာများအတွက်ကိုမူ ယင်းဒုက္ခများမှ ကင်းလွတ်စေရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့အနေနှင့် တစ်မျိုးတစ်ဖုံ စဉ်းစားပေးစေလိုကြောင်း ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (AWDO) တာဝန်ခံ ဦးသန့်ဇင်က ပြောကြားသည်။

မြစ်ရေတက်ခြင်းကြောင့် မုန်းချောင်းနှင့် ဧရာဝတီမြစ်ဆုံရာ ဒေသတစ်ဝန်းရှိ ကျေးရွာများဖြစ်သည့် သနပ်ပင်စု၊ ပေါင်းငူ၊ ပေါက်လေးပင်၊ နိဗ္ဗာန်ကျွန်း၊ ကျွန်းကလေး၊ ရွာသစ်ကုန်း၊ ဆည်ရွာ၊ ထုံးမကြီးစသည့်ကျေးရွာများနှင့် မင်းဘူးမြို့ပေါ် ကမ်းနားရပ်ကွက်များဖြစ်သည့် ရပ်ကွက် ၃ နှင့် ၄ တို့ရှိ အိမ်ထောင်စုများသည် နှစ်စဉ်နီးပါးကဲ့သို့ပင် ယခုနှစ်လည်း ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့နေကြရကြောင်း မင်းဘူးဒေသခံဖြစ်သူ ဦးဝင်းချိုက ရှင်းပြသည်။

ထုံးမကြီးရွာသည် ယခင်နှစ်များက ကမ်းပါးပြိုမှုများကြောင့် လက်ရှိအစိုးရလက်ထက်တွင် နေရာသစ်သို့ ပြောင်းရွှေ့ထားသော်လည်း လက်ရှိနေရာသစ်မှာ ရွာဟောင်း၏အောက်သို့ ငါးပေကျော်နိမ့်ကျနေသည့် နေရာဖြစ်ခြင်းကြောင့် ယခင်ရွာဟောင်းနေရာထက်ပင် ရေနစ်မြုပ်မှုပိုများနေသည့်အတွက် ကျေးရွာသူကျေးရွာသားများအတွက် အခက်အခဲရှိကြောင်း ၎င်းကပြောဆိုသည်။

လက်ရှိအချိန်တွင်ရေမြုပ်နေသည့် ကမ်းပါးများသည် ကမ်းပြိုခြင်းများ ဖြစ်လေ့မရှိဘဲရေပြန်အကျ သီတင်းကျွတ်လဝန်းကျင်တွင် ကမ်းပြိုလေ့ရှိနိုင်ကြောင်း ဦးဇော်လွင်က ပြောကြားသည်။

မကွေးတိုင်းဒေသကြီးအတွင်းတွင် ဧရာဝတီမြစ်ရေဝင်ရောက်ခြင်းကြောင့် ယာယီပိတ်ထားရသည့် စာသင်ကျောင်းပေါင်း ၁၂၉ ကျောင်းတွင် တက်ရောက်သင်ကြားနေသူ ကျောင်းသား ကျောင်းသူပေါင်း ၁၇,၂၀၀ ကျော်ရှိပြီး မြစ်ရေဝင်သည့်အတွက် စာသင်ကြားမှုပျက်ကွက်နေရခြင်းအပေါ် အစားထိုးသင်ကြားနိုင်ရေးအတွက် သင့်လျော်မည့်အစီအစဉ် အချိန်ဆောင်ရွက်ရန် ရှိကြောင်း မကွေးတိုင်းဒေသကြီးပညာရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောဆိုသည်။

■ R-02



# ရန်ကုန်ပညာရေးတက္ကသိုလ် ကျောင်းသားများသမဂ္ဂ အထူးအစည်းအဝေး ကျင်းပမည်

**ရန်ကုန်၊ ဇူလိုင် ၁၆**

ရန်ကုန်ပညာရေးတက္ကသိုလ် ကျောင်းသားများသမဂ္ဂအနေနှင့် အခြေခံပညာကဏ္ဍ ဆရာ၊ ဆရာမများ ခန့်ထားရေးကိစ္စနှင့် ပတ်သက်၍ အထူးအစည်းအဝေး တစ်ရပ် ကျင်းပသွားမည်ဖြစ်ကြောင်း အဆိုပါသမဂ္ဂထံမှ သိရှိရသည်။

ဇူလိုင်လ ၁၇ ရက်တွင် ရန်ကုန်ပညာရေးတက္ကသိုလ် သမဂ္ဂရုံးခန်း ကျောင်းသားများသမဂ္ဂ၏ အစည်းအဝေးကိုပြုလုပ်သွားမည်ဖြစ်ကြောင်း သမဂ္ဂ၏ ပညာရေးကော်မတီ တာဝန်ခံ ကိုနောင်ထက်အောင်က ပြောကြားသည်။

"ကျွန်တော်တို့က ဗဟိုအလုပ်အမှုဆောင်တွေကိုပဲ ခေါ်ထားတာဖြစ်တယ်။ အခုလောလောဆယ် Posting မကျသေးတဲ့ အပေါ်မှာ ပြောဆို ဆွေးနွေးကြမှာပါ။ ဆုံးဖြတ်ချက်ချပြီးမှ ဆုံးဖြတ်ချက်တွေကို ပြောနိုင်ပါလိမ့်မယ်"ဟု ကိုနောင်ထက်အောင်က ပြောကြားသည်။

လက်ရှိတွင် ရန်ကုန်ပညာရေး တက္ကသိုလ်မှ ကျောင်းပြီးထားသည့် ကျောင်းသား၊ ကျောင်းသူများရှိနေပြီး အလုပ်ဝင်ခွင့် မရသေးသည့်အတွက် ဝန်ကြီးဌာန၏ စီမံမှုအခြေအနေများကို မေးခွန်းထုတ်ကာ ညှိနှိုင်းဖြေရှင်းသင့်သည်များကို စုပေါင်း ဆွေးနွေးကြမည်ဖြစ်ကြောင်း အဆိုပါသမဂ္ဂထံမှ သိရှိရသည်။

ယခုကဲ့သို့အလုပ်ဝင်ခွင့်ချမပေးသည့်အတွက် ကျောင်းပြီးထားသည့် ကျောင်းသား၊ ကျောင်းသူများအနေနှင့် လုပ်သက်အတွေ့အကြုံ နောက်ကျသည့်နစ်နာမှုများ ရှိနေကြောင်း ပညာရေးတက္ကသိုလ် ကျောင်းပြီးထားသည့် ကျောင်းသူတစ်ဦးက ဆို သည်။

အဆိုပါအစည်းအဝေးတွင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ၁၁ ဦးအပြင် ကျောင်းပြီးထားသည့် ကျောင်းသား၊ ကျောင်းသူများလည်း ဝင်ရောက်ဆွေးနွေးရန် ဖိတ်ခေါ်ထားကြောင်း ယင်းသမဂ္ဂမှ သိရသည်။

■ **ရွှေဖူးခင်**

# ၃၃ လမ်း အနုကြမ်းစီးခံရမှု ခရိုင်တရားရုံးသို့ တရားစွဲ

**ရန်ကုန်၊ ဇူလိုင် ၁၆**

ကျောက်တံတားမြို့နယ်၊ အမှတ် (၁) ရပ်ကွက်၊ ၃၃ လမ်း(အထက်ဘလောက်)ရှိ လေယာဉ်လက်မှတ် အရောင်းဆိုင်တွင် အနုကြမ်းစီးလုယက်ခံရမှုမှ ပြစ်မှုကျူးလွန်သူ အမျိုးသားနှစ်ဦးကို ဇူလိုင်လ ၁၄ ရက် မွန်းလွဲပိုင်းက အနောက်ပိုင်းခရိုင်တရားရုံးတွင် တရားစွဲဆိုထားကြောင်း ကျောက်တံတားမြို့နယ် ရဲတပ်ဖွဲ့ထံမှ သိရသည်။

တရားစွဲဆိုခံရသူများမှာ ယင်းလုယက်ခံရသည့် MK TRAVEL & TOURS ကုမ္ပဏီရုံးခန်းတွင် အလုပ်လုပ်ကိုင်နေသူ အသက် ၂၅ နှစ်ခန့်အရွယ် မြတ်သီဟထွန်းနှင့် အသက် ၂၃ နှစ်အရွယ် ဇွဲမာန်ဦးတို့ဖြစ်ပြီး ဇွန်လ ၁၈ ရက် မွန်းလွဲ ၁ နာရီခန့်က ဆိုင်ဝန်ထမ်းအမျိုးသမီးတစ်ဦးတည်းရှိနေစဉ် ချွန်ထက်သောအရာဖြင့်ထောက်ပြီး ပါး စပ်၊ လက်နှင့် ခြေထောက်များကို တိပ်၊ ကြိုးတို့ဖြင့် ပိတ်ဆို့တုပ်နှောင်ကာ ၎င်းဝတ်ဆင်ထားသည့် လက်ဝတ်ရတနာပစ္စည်းများနှင့် လေယာဉ်လက်မှတ်ရောင်းရငွေ ကျပ်သိန်း ၇၀ ယူဆောင်ထွက်ပြေးသွားကြောင်း အမှုဖွင့် တိုင်တန်းချက်များအရ ယင်းမြို့နယ်ရဲတပ်ဖွဲ့ထံမှ သိရသည်။

"သူတို့က အရင်တုန်းက ပြစ်ချက်ဟောင်းရှိတယ်၊ အဲဒါကြောင့် ဥပဒေအကြံပေးတင်တဲ့အချိန်မှာ ရာဇသတ်ကြီးပုဒ်မ ၇၅ ကတိုးလာတာ၊ ဇူလိုင်လ ၂၄ ရက်နေ့ကျရင် တရားလိုမိန်းကလေးကို စတင်စစ်ဆေးမယ်လို့ သိရပါတယ်" ဟု ကျောက်တံတားမြို့နယ်ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ရှင်းပြသည်။

ယင်းလုယက်မှု ကျူးလွန်သူနှစ်ဦးကို ကျောက်တံတားမြို့နယ်ရဲတပ်ဖွဲ့နှင့် တိုင်းခရိုင်ရဲတပ်ဖွဲ့ဝင်များပူးပေါင်းသည့်အဖွဲ့မှ နာရီပိုင်းအတွင်း စစ်ဆေးဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး အနောက်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့ရာ ခရိုင်တရားရုံးမှ ရာဇဝတ်အမှုကြီးအမှတ် ၈၅/၁၇၊ ရာဇသတ်ကြီးပုဒ်မ ၃၉၂/၃၄၂/၇၅ ဖြင့် လက်ခံခဲ့ပြီး ဒုတိယ ခရိုင်တရားသူကြီး ၁၅ က ဆက်လက်စစ်ဆေးသွားမည်ဖြစ်ကြောင်း ယင်းတရားရုံးထံမှ သိရသည်။

■ **J 16**

# ရွှေပြည်သာရှိ အမှတ်(၂) မူလတန်းကျောင်းအနီး ရေမြောင်းထဲမှ အမျိုးသားအလောင်းတွေ့

**ရန်ကုန်၊ ဇူလိုင် ၁၆**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၂) အခြေခံပညာမူလတန်းကျောင်းအနီး ရေမြောင်းတွင် ဇူလိုင်လ ၁၅ ရက် နံနက်ပိုင်းက အမျိုးသားတစ်ဦး၏ ရုပ်အလောင်းကို တွေ့ရှိခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

"မြို့နယ်စည်ပင်အဖွဲ့က လမ်းဘေးမြက်ပင်တွေ ရှင်းနေရာက ရေမြောင်းထဲမှာ သေဆုံးနေတဲ့ အမျိုးသားအလောင်းကို တွေ့ခဲ့တာ။ အနီးဝန်းကျင်ကို မေးကြည့်တော့လည်း သေဆုံးသူကို သူတို့တွေ မသိကြဘူး။ ဒီလူသေမှုနဲ့ပတ်သက်ပြီး လတ်တလော သေမှုသေခင်းဖွင့်လှစ်စစ်ဆေးနေတယ်" ဟု ရွှေပြည်သာမြို့နယ်ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

သေဆုံးသူ အသက် ၄၀ နှစ်ဝန်းကျင်ရှိ အမည်မသိ အမျိုးသားဖြစ်ပြီး ပြင်ပဒဏ်ရာ တစ်စုံတစ်ရာ မတွေ့ရှိခဲ့သောကြောင့် ဓမ္မတာအတိုင်းသေဆုံးခြင်းဟုတ် မဟုတ် သိရှိရန် ရုပ်အလောင်းကို ဆေးရုံသို့ ပို့အပ်စစ်ဆေးနေကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

■ **S-03**

## NEWS PHOTO





Photo - ZAW G

**ပုသိမ်မြို့ အာဇာနည်ကျောက်တိုင်ကွင်းတွင် နှစ် ၇၀ ပြည့် အာဇာနည်နေ့ အခမ်းအနား ကျင်းပရန်အတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီမှ အာဇာနည်ကျောက်တိုင်နှင့် ဗိုလ်ချုပ်ကြေးရုပ်ကို ဇူလိုင်လ ၁၇ ရက်က ပြုပြင်မွမ်းမံနေစဉ်။**

**အာဇာနည်နေ့အထိမ်းအမှတ် အခမ်းအနားများအဖြစ် ဇူလိုင် ၁၈ ရက်တွင် မြို့တော်ခန်းမတွင် စာစီစာကုံးဆု ချီးမြှင့်ပွဲနှင့် ဟောပြောပွဲအခမ်းအနား၊ ဇူလိုင် ၁၉ရက် နံနက်တွင် မြို့တော်ခန်းမ၌ အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ နံနက် ၈ နာရီတွင် အာဇာနည်ကျောက်တိုင်နှင့် ဗိုလ်ချုပ်ကြေးရုပ်တို့တွင် တိုင်းအစိုးရ၊ တိုင်းလွှတ်တော်နှင့် ဌာနဆိုင်ရာများမှ အာဇာနည်နေ့အခမ်းအနား၊ ၁၀ နာရီ ၃၇ မိနစ်တွင် ပြည်သူများ၊ နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများမှ ဦးညွှတ်အလေးပြု ပန်းခွေချအခမ်းအနားများကို ပြုလုပ်မည် ဖြစ်သည်။**

# ဒေသခံများ ရွေးတူးဖော်နိုင်ရန် အများပိုင်ကုမ္ပဏီဖွဲ့

**သပိတ်ကျင်း၊ ဇူလိုင် ၁၆**

မန္တလေးတိုင်း၊ သပိတ်ကျင်းမြို့နယ်တွင် ဒေသခံများ ရွှေတူးဖော်နိုင်ရန် အများပိုင် ကုမ္ပဏီတစ်ခု ဇူလိုင်လ ၁၆ ရက်နေ့ နံနက် ၉ နာရီ အချိန်က ဖွဲ့စည်းတည်ထောင်ခဲ့ကြောင်း ဇရပ်ကွင်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးညီညီထွန်းက ပြောကြားသည်။

ကုမ္ပဏီကို ဒေသခံ ဒါရိုက်တာအဖွဲ့ဝင် ၂၁ ဦးနှင့် လက်ရှိကော်မတီဝင် ၄၉ ဦးဖြင့် ဖွဲ့စည်းထားပြီး ဒေသခံပြည်သူများ ဆင်းရဲမှုပပျောက်ရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းရရှိရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ဒေသအတွင်း ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး လုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ရည်ရွယ်ဖွဲ့စည်းရခြင်းဖြစ်သည်ဟု အများနှင့်သက်ဆိုင်သောကုမ္ပဏီမှ ဦးပြည်စိုးက ပြောဆိုသည်။

ဒေသအတွင်းလုပ်ကိုင်နေသောကုမ္ပဏီအများစုသည် ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် မြို့နယ်အတွက် အမှန်တကယ်အကျိုးပြု ဖြစ်ထွန်းရန် လိုအပ်ကြောင်း သပိတ်ကျင်းမြို့မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ အောင်နိုင်က ပြောကြားသည်။

မြို့နယ်အတွင်း ဒေသခံပြည်သူများက အများနှင့် သက်ဆိုင်သော ကုမ္ပဏီဖွဲ့စည်းတည်ထောင်ထားသော ကုမ္ပဏီများသည် လက်ရှိ ဇရပ်ကွင်းကျေးရွာအပါအဝင် ကျေးရွာ ၄ ရွာမှ ကုမ္ပဏီ ၄ ခု ဖွဲ့စည်းတည်ထောင်ထားသည်။ **R-05**

# လသာမြို့နယ်တွင် ဘိန်းဖြူများနှင့်အတူ အမျိုးသား ၂ ဦးကို ဖမ်းမိ

**ရန်ကုန်၊ ဇူလိုင် ၁၆**

လသာမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ (၁၇)လမ်း ထမင်းကြော်ဆိုင်တစ်ဆိုင်တွင် ဇူလိုင်လ ၁၆ ရက် နံနက် ၂ နာရီခန့်က ဘိန်းဖြူများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ အသက် ၂၉ နှစ်နှင့် ၄၃ နှစ်အရွယ် အမျိုးသားနှစ်ဦးကို ဖမ်းမိခဲ့ကြောင်း သိရသည်။

လသာမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ၁၇လမ်းတွင်နေထိုင်သူ အသက် ၄၃ နှစ်အရွယ် ကိုဇေယျာမင်းနှင့် တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်တွင် နေထိုင်သူ အသက် ၂၉ နှစ်အရွယ်ကိုအေးချမ်းသူတို့ကို ရဲတပ်ဖွဲ့က သက်သေများနှင့်အတူ ထမင်းကြော်ဆိုင်တွင် ဝင်ရောက်စစ်ဆေးရာ ကိုဇေယျာမင်း လွယ်ထားသောအပြာရောင် ကျောပိုးအိတ်အတွင်းမှ ဘိန်းဖြူဟုယူဆရသော အဖြူရောင်အမှုန့်များနှင့် ဆက်စပ်ပစ္စည်းများ၊ ကိုအေးချမ်းသူ ညာလက်အတွင်းနှင့် အင်္ကျီအိတ်ကပ်အတွင်းမှ ပင်နယ်ဆီလင်ပုလင်းဖြင့် ထည့်ထားသော ဘိန်းဖြူဟုယူဆရသည့် အဝါရောင်အမှုန့်များ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းမိခဲ့ခြင်းဖြစ်ကြောင်း အမှုဖွင့်တိုင်ကြားချက်အရ ယင်းမြို့နယ် ရဲတပ်ဖွဲ့ထံမှ သိရသည်။

"မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲသူတွေရောက်ရှိနေတယ်ဆိုပြီး ကြိုတင်သတင်းရထားလို့ ဝင်စစ်တာပါ၊ သူတို့ ကို ထမင်းဆိုင်မှာ အသင့်တွေ့တာ၊ ရှာဖွေစစ်ဆေးတဲ့အချိန်မှာ တွေ့ရှိခဲ့တာက သူတို့ သုံးစွဲထားလို့ကျန်တဲ့ ဘိန်းဖြူတွေ၊ ကော်ပိုက်တွေ၊ မီးခြစ်တွေရတဲ့အပြင် တခြားဆက်စပ်ပစ္စည်းတွေပါ သိမ်းဆည်းရရှိခဲ့တာပါ၊ ဒီဘိန်းဖြူတွေကို ဘယ်ကနေ ဝယ်ယူရရှိတာလဲဆိုတာတော့ စစ်ဆေးဆဲပါ"ဟု ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ရှင်းပြသည်။

ယင်းဘိန်းဖြူများနှင့်အတူ ဖမ်းမိခဲ့သည့် အမျိုးသားနှစ်ဦးကို လသာမြို့မရဲစခန်းက မယ(ပ)၆/၁၇၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ၁၅/၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့်ဆောင်ရွက်ထားသည်။

အလားတူ ကမာရွတ်မြို့နယ် အမှတ်(၇)ရပ်ကွက်၊ ဗဟိုလမ်းမပေါ် နာနတ်တောခုံးတံတားအနီးတွင် ဇူလိုင်လ ၁၄ ရက် ည ၁၀ နာရီခန့်က ယာဉ်စစ်ပိတ်ဆို့စစ်ဆေးစဉ် ပရိုဘောက်စ်အဖြူရောင် အငှားယာဉ်ပေါ် လိုက်ပါလာ သူ အသက် ၂၅ နှစ်အရွယ် အမျိုးသားတစ်ဦးထံမှ ပင်နယ်ဆီလင်ပုလင်းဖြင့် ထည့်ထားသော ဘိန်းဖြူများ၊ ဆက်စပ်ပစ္စည်းများကို ဖမ်းမိခဲ့သဖြင့် ယင်းမြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅/၁၆(ဂ)/၂၀(က)ဖြင့် အမှုဖွင့်ထားကြောင်း ယင်းမြို့နယ်ရဲတပ်ဖွဲ့ထံမှ သိရသည်။ ■ **J 16**



ဓာတ်ပုံ- အောင်ဖြိုး

<u>သဲကုန်းမြို့နယ်ရှိ စပါးစိုက်လယ်များအတွင်း ရေနစ်မြုပ်နေသည်ကိုတွေ့ရစဉ်</u>

# ပြည်ခရိုင်အတွင်း စပါးနှင့် သီးနှံစိုက်ခင်းဧက လေးထောင်ကျော် ရေမြုပ်

**ပြည်၊ ဇူလိုင် ၁၆**

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပြည်ခရိုင်အတွင်း စပါးနှင့် အခြားသီးနှံစိုက်ခင်းဧက လေးထောင်ကျော် ရေနစ်မြုပ်လျက်ရှိကြောင်း ပြည်မြို့ရှိ ဒုတိယ တိုင်းစိုက်ပျိုးရေးဦးစီးဌာနရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်လွင်က ပြောကြားသည်။

ပြည်ခရိုင်အတွင်းရှိ ပြည်မြို့နှင့် သဲကုန်းမြို့တို့တွင် ဇွန်လအတွင်းမှ စတင်ကာ ရေဝင်နစ်မြုပ်ပျက်စီးမှုများရှိခဲ့ပြီး ပန်းတောင်းမြို့နှင့် ရွှေတောင်မြို့တွင် ယခုလပိုင်းအတွင်း ရေဝင်ရောက်မှုရှိလာကြောင်း စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများထံမှ သိရသည်။

"ရေဝင်တဲ့ နေရာတွေတော့ များလာပြီ ပျက်စီးမှုစာရင်းကတော့ ဌာနက တိတိကျကျရအောင် ကွင်းဆင်း စာရင်းကောက်နေပါတယ်"ဟု ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်လွင်က ပြောဆိုသည်။

အဆိုပါ ပျက်စီးစာရင်းများကိုအထက်အဆင့်ဆင့်သို့ ဆက်လက်တင်ပြမည်ဖြစ်ပြီး သဘာဝဘေးဒဏ်ကြောင့် စိုက်ဧကများအတွက် ငွေကြေးထောက်ပံ့နိုင်ရန် ဘတ်ဂျက်ချပေးမည်ဟု မျှော်လင့်ရကြောင်း ၎င်းကဆက်ပြောသည်။

"ဒီနှစ်ကအဆိုးဆုံးပဲ၊ စပါးစိုက်ထားတုန်း ပထမရေကြီးပြီး ပျက်စီးသွားလို့ ဒုတိယအကြိမ် ထပ်စိုက်တော့ ရေကျမယ်မှ မကျန်သေးဘူး၊ ထပ်ကြီးနေတော့ ဒီနှစ်ဘာမှမကျန်တော့ဘူး"ဟု သဲကုန်းမြို့နယ်အတွင်း ဇွန်ဆယ်ရက်နေ့ပိုင်းမှ စတင် ကာတစ်လကျော်ကြာ ရေကြီးနစ်မြုပ်ခံခဲ့ရသည့် တောင်သူ ဦးကျင်မောင်က ပြောဆိုသည်။

လက်ရှိ ပြည်မြို့အတွင်း စိုက်ပျိုးဧက ၉၀၀ ကျော်၊ သဲကုန်းမြို့နယ်အတွင်း ဧက ၃၀၀ကျော် ရေနစ်မြုပ်နေဆဲဖြစ်ကြောင်း ဒေသခံတောင်သူများထံမှ စုံစမ်းသိရှိရသည်။ ■ **M-06**

# အင်းစိန်မြို့နယ်တွင် အသက် ၄၈ နှစ်အရွယ် အမျိုးသားတစ်ဦး ဓားထိုးအသတ်ခံရ

**ရန်ကုန်၊ ဇူလိုင် ၁၆**

အင်းစိန်မြို့နယ်၊ ကွက်သစ်ရပ်ကွက်၊ မြို့သစ်(၃)လမ်းထိပ်တွင်ဇူလိုင်လ ၁၄ ရက် ည ၉နာရီခွဲခန့်က အသက် ၄၈ နှစ်အရွယ်ကုမ္ပဏီယာဉ်မောင်း ဓားထိုးအသတ်ခံခဲ့ရကြောင်း ယင်းမြို့နယ်ရဲတပ်ဖွဲ့ထံမှ သိရသည်။

ဓားထိုးအသတ်ခံရသူမှာ ယင်းမြို့သစ်(၃)လမ်းတွင်နေထိုင်သူ မြန်မာဟိုက်လမ်း ဆောက်လုပ်ရေးကုမ္ပဏီယာဉ်မောင်း အသက် ၄၈ နှစ်အရွယ် ကိုမြင့်ထွန်းဖြစ်ပြီး ဓားထိုးခံရသဖြင့် လဲကျနေကြောင်း ၎င်း၏ညီမဖြစ်သူကို တစ်လမ်းတည်းနေသူ အမျိုးသားတစ်ဦးက ပြောပြသဖြင့် သွားရောက် ကြည့်ရှုကာ ပတ်ဝန်းကျင်အကူအညီဖြင့် အင်းစိန်ဆေးရုံသို့တင်ပို့ကုသစဉ် သေဆုံးသွားကြောင်း အမှုဖွင့်တိုင်ကြားချက်အရ ယင်းမြို့နယ်ရဲတပ်ဖွဲ့ထံမှ သိရသည်။

"သတ်သွားတဲ့သူနဲ့က တစ်လမ်းတည်း နေထိုင်သူပါ၊ စကားများရန်ဖြစ်တယ်လို့ပဲ သိရပါတယ်၊ ဘာကြောင့်ဖြစ်တယ်ဆိုတာတော့ ထွက်ပြေးနေတဲ့သူကို ဖမ်းမိမှပဲ သေချာသိရမယ်၊ အခုထိတော့ လူသတ်ထွက်ပြေးနေသူကို လိုက်ဖမ်းနေတုန်းပါ"ဟု အင်းစိန်မြို့နယ်ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ရှင်းပြသည်။

ဓားထိုးခံရမှုကြောင့် ကိုမြင့်ထွန်းမှာ ညာလည်ပင်းအောက်ထိုးသွင်းဒဏ်ရာ၊ ဘယ်နို့အုံဘေး ထိုးသွင်းဒဏ်ရာ တစ်ချက်ဖြင့် သေဆုံးခဲ့ပြီး လူသတ်ထွက်ပြေးတိမ်းရှောင်နေသည်ဟုဆိုသော အသက် ၃၄ နှစ်အရွယ်အမျိုးသားကို သေဆုံးသူ၏ ညီမဖြစ်သူ မအိသန္တာထွန်းက တရားလိုပြုလုပ်တိုင်ကြားသဖြင့် အင်းစိန်မြို့မရဲစခန်းက (ပ)၁၆၈၇/ ၁၇၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်ဆောင်ရွက်ထားသည်။ ■ **J 16**


ဝန်ထမ်းအလိုရှိသည်

အမျိုးသမီးဝန်ထမ်း - (၅)ဦး

စက်ပြင်အမျိုးသားဝန်ထမ်း - (၂)ဦး

အဆောင်စီစဉ်ပေးမည်။

ကျိုးပေါင်းရောဂါဖြစ်နေရင် .....

"အေးသစ္စာ"

Ph:09-798118528,09-73015215

Ph:09-796415108

# စည်းကမ်းပျက် YBS ယာဉ်များကို မော်တော်ယာဉ်ဥပဒေဖြင့် အရေးယူရန် ဆုံးဖြတ်

**ရန်ကုန်၊ ဇူလိုင် ၁၆**

ရန်ကုန်မြို့တွင်း ခရီးသည်တင် YBS ယာဉ်လိုင်းများ၏စည်းကမ်းပျက်မှုများကို မည်သည့် စည်း ကမ်းချက်၊ မည်သည့် ဥပဒေနှင့်အရေးယူမည်ကို သဲကွဲစွာ မဆုံးဖြတ်နိုင်သည့် အခြေအနေတွင် ဇူလိုင်လ မှစ၍ ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေတစ်ခုတည်းဖြင့်သာ အရေးယူမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ် ကွပ်ကဲမှုအာဏာပိုင်အဖွဲ့YRTAထံမှ သိရသည်။

YBS ယာဉ်လိုင်းများ စတင်ပြေးဆွဲပြီး ငါးလကျော်ကြာသည့်တိုင် ယခင်မထသ စည်းကမ်း ၁၃၈ ချက်(သို့မဟုတ်) ၂၀၁၅ ခုနှစ်မော်တော်ယာဉ်ဥပဒေ တစ်ခုခုဖြင့် အရေးယူရန် ညှိနှိုင်းခဲ့ခြင်းဖြစ်သည်။

"အဓိက ၂၀၁၅ မော်တော်ယာဉ်ဥပဒေနဲ့အရေးယူမယ်။ ၁၃၈ ချက်ဆိုတာဟိုအရင် မထသလက်ထက်က ရေးဆွဲခဲ့တဲ့ စည်းကမ်းချက်ပေါ့။ အခုက မထသမရှိတော့ဘူးဆိုတော့ ၁၃၈ ချက်လည်း မရှိတော့ဘူး" ဟု YRTA အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ဆိုသည်။

YBS ယာဉ်လိုင်းများ စတင်ပြေးဆွဲခဲ့ချိန်က ယာဉ်လုပ်သားများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်မှုများကို YRTAအဖွဲ့က စစ်ဆေးခြင်း၊ ပြည်သူများ တိုင်ကြားခြင်းများနှင့်ပတ်သက်၍အရေးယူရာတွင် မည်သည့်စည်းမျဉ်းနှင့်အရေးယူသည်ကို အတိအကျဆုံးဖြတ်ထားခြင်း မရှိခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။

လက်ရှိ စည်းကမ်းဖောက်ဖျက်သည့် ယာဉ်လုပ်သားများကို ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေဖြင့် အရေးယူထားပြီး လမ်းပြောင်းပြန်မောင်းခြင်း၊ အရှိန်ပြင်းမောင်းနှင်ခြင်းများကို လိုင်စင်ပိတ်သိမ်းသည့်အပြင် ထောင်ဒဏ်ပါ ချမှတ်ခြင်းမှာ ဥပဒေအတိုင်း အရေးယူခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

"အဖွဲ့အစည်းရဲ့ စည်းကမ်းထိန်းသိမ်းရေးထဲမှာတော့ ၁၃၈ ချက်ထဲက ထိရောက်တာကို ပေါင်းစပ်ရေးဆွဲထားတယ်။ အရေးကြီးတဲ့ ပြစ်ဒဏ်ဆိုရင်တော့ ဥပဒေနဲ့ပဲ ဆုံးဖြတ်တယ်" ဟု၎င်းကဆိုသည်။

လက်ရှိ ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေကို ၂၀၁၆ ခုနှစ်က ဥပဒေစောင့်ကြည့်လေ့လာရေးအဖွဲ့နှင့် ပညာရှင်များက ပြန်လည်ပြင်ဆင်လျက်ရှိပြီး ၂၀၁၇ ခုနှစ်အကုန်အပြီး ပြင်ဆင်မည်ဖြစ်ကြောင်း အမှတ် ၁ ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံး ရဲမှူးကြီး အောင်ကိုဦးက ပြောကြားသည်။

YBS ယာဉ်လိုင်းစနစ် စတင်ချိန်မှ လက်ရှိအချိန်ထိ ယာဉ်လုပ်သားများ စည်းကမ်းဖောက်မှုသည် တစ်လလျှင် ၂၀၀၀ ကျော်ရှိခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။ ■J-06



ဓာတ်ပုံ - ရဲပြည့်ဇာနည်

# ရန်ကုန်မြို့လယ်တွင် နောက်ဖေးလမ်းကြားဥယျာဉ် နှစ်ခုကို ထပ်တိုးမည်

**ရန်ကုန်၊ ဇူလိုင် ၁၆**

ရန်ကုန်မြို့ပန်းဘဲတန်းမြို့နယ်တွင် နောက်ဖေးလမ်းကြားဥယျာဉ် နှစ်ခုကို စက်တင်ဘာလတွင် ထပ်မံဖော်ဆောင်မည်ဖြစ်ကြောင်း ပန်းဘဲတန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းနိုင်ဦးက ပြောကြားသည်။

ယခင်က နမူနာလုပ်ထားသည့် ၂၇ လမ်း(အောက်ဘလောက်)ကို တစ်လမ်းလုံးဖော်ဆောင်သွားမည်ဖြစ်ပြီး ၃၁ လမ်းနှင့် ဗိုလ်ဆွန်ပက်(အောက်ဘလောက်)ရှိ နောက်ဖေးလမ်းကြားတို့တွင် ဥယျာဉ်သစ်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

"အခုလက်ရှိ ဥယျာဉ်လုပ်မယ့်နေရာက နောက်ဖေးလမ်းကြားကိုရှင်းလင်းထားတယ်။ မိုးအကုန်လောက်မှာ အိမ်တွေက ရေဆိုးပိုက်တွေ၊ မိလ္လာပိုက်တွေ ပြင်ပေးရမယ်။ ပြင်ပြီးရင် စည်ပင်က နောက်ဖေးလမ်းကြားကို ကွန်ကရစ်ခင်းမယ်။ ဒို့အိမ်နဲ့ အစ်ကိုတို့ ချိတ်ဆက်ပြီး ဆက်လက်ဆောင်ရွက်မယ်" ဟုဦးသန်းနိုင်ဦးက ဆိုသည်။

နောက်ဖေးလမ်းကြားဥယျာဉ်များကို ဒို့အိမ်အမည်ရှိအန်ဂျီအိုအဖွဲ့နှင့် ပူးပေါင်းဖော်ဆောင်နေခြင်းဖြစ်ပြီး ကုန်ကျစရိတ်ကို ဒို့အိမ်အဖွဲ့က ၈၀ ရာခိုင်နှုန်းနှင့် မြို့နယ်မှ ၂၀ ရာခိုင်နှုန်း ကျခံသွားမည်ဖြစ်ကြောင်း တိုင်းလွှတ်တော် ကိုယ်စားလှယ်ထံမှ သိရသည်။

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ၃၁ လမ်းနှင့် ၃၂ လမ်း(အလယ်ဘလောက်)ရှိ နောက်ဖေးလမ်းကြားဥယျာဉ်ကို ဇူလိုင် ၂ ရက်နေ့က ဖွင့်လှစ်ခဲ့ပြီး ယခုထပ်မံဖော်ဆောင်မည့် ဥယျာဉ်နှစ်ခုပြီးစီးပါက ယင်းမြို့နယ်ရှိ နောက်ဖေးလမ်းကြားတွင် ဥယျာဉ်သုံးခုထိ ရှိလာမည်ဖြစ်သည်။

၃၁ လမ်းရှိ နောက်ဖေးလမ်းကြားဥယျာဉ်နေရာတွင် ဖွင့်လှစ်ထားသည့် လမ်းဘေးလက်ဖက်ရည်ဆိုင်နှင့်ပတ်သက်၍ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ဝေဖန်မှုများ ထွက်ပေါ်ခဲ့ပြီး ပန်းဘဲတန်းမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးက စည်ပင်သာယာဥပဒေဖြင့် တရားစွဲခဲ့ကြောင်းနှင့်ယင်းဖွင့်လှစ်သည့်ဆိုင်ကို ဒဏ်ကြေးသုံးသောင်း ချမှတ်ခဲ့ပြီး ဆိုင်ကိုလည်း ဖယ်ရှားခဲ့သည်။

■ J-10

## NEWS IN BRIEF

### SME များနှင့်ပတ်သက်၍ ဘဏ်များ၏ ဝန်ဆောင်မှုအကြောင်း ရှင်းလင်းဆွေးနွေးမည်

**ရန်ကုန်၊ ဇူလိုင် ၁၆**

အသေးစားနှင့် အလတ်စား (SME) လုပ်ငန်းရှင်များ သိရှိစေရန်အတွက် ဘဏ်များ၏ ဝန်ဆောင်မှုအကြောင်းနှင့် ကမ္ဘောဇဘဏ်၏ ဝန်ဆောင်မှုများအကြောင်းကို ဇူလိုင်လ ၁၈ ရက်နေ့တွင် ရှင်းလင်းဆွေးနွေးပွဲ ပြုလုပ်မည်ဖြစ်ကြောင်း စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနထံမှ သိရသည်။

အဆိုပါရှင်းလင်းဆွေးနွေးပွဲကို စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့် Hamsahub Consulting Firm တို့ပူးပေါင်းပြီး အခြားဘဏ်များနှင့် ကမ္ဘောဇဘဏ်၏ SME လုပ်ငန်းများအပေါ် ဝန်ဆောင်မှုများအကြောင်း ရှင်းလင်းဆွေးနွေးမည်ဖြစ်ကြောင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဒေါ်ကြည်လင်းခိုင်က ပြောကြားသည်။

ရှင်းလင်းဆွေးနွေးပွဲကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သလ္လာဝတီလမ်းရှိ SMEs Center of Excellence and SMEs Incubation Center တွင် နံနက် ၈ နာရီမှ ၁၀ နာရီအထိ ပြုလုပ်မည်ဖြစ်ပြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဖုန်း ၀၁-၆၅၅ ၇၀၆ ထံဆက်သွယ်စာရင်းပေးနိုင်ကြောင်း ယင်းဌာနထံမှ သိရသည်။ ■J-11

### Indian- ASEAN Startups Awards ဆုလျှောက်ထားရန်ဖိတ်ခေါ်

**ရန်ကုန်၊ ဇူလိုင် ၁၆**

အိန္ဒိယအစိုးရနှင့် အိန္ဒိယကုန်သည်ကြီးများအသင်းတို့ ပူးပေါင်းပြုလုပ်သည့် 'Indian- ASEAN Startups Awards ၂၀၁၇' ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များကို အိန္ဒိယအစိုးရက ဖိတ်ခေါ်ထားကြောင်း ကုန်သည်စက်မှုအသင်းချုပ်ထံမှ သိရသည်။

အဆိုပါပြိုင်ပွဲတွင် သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ ကျွမ်းကျင်သူများအတွက် ကိုက်ညီသည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သော၊ အမြတ်အစွန်းအဓိကမထားသည့် အများပိုင်လုပ်ငန်း၊ တစ်ဦးပိုင်လုပ်ငန်း၊ စုပေါင်းလုပ်ငန်းဖြစ်ကြသည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ၊ သတင်းအချက်လက်နှင့် နည်းပညာကဏ္ဍတို့မှ ဈေးကွက်အလားအလာရှိသူများကို ရွေးချယ်ပေးမည်ဖြစ်ပြီး လျှောက်ထားသူများအနေနှင့် hrd.umfcci@gmail.com သို့ဩဂုတ်လ ၁၈ ရက်နေ့ နောက်ဆုံးထား လျှောက်ထားနိုင်ကြောင်း ယင်းအသင်းချုပ်ထံမှ သိရသည်။ ■J-11

### ရေချိုငါးမွေးခြင်းနှင့် ဆေးထိုးသားဖောက်နည်း သင်တန်းပေးမည်

**ရန်ကုန်၊ ဇူလိုင် ၁၆**

မွေးမြူရေးလုပ်ငန်းရှင်များ၊ တက္ကသိုလ်မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ရေချိုအခြေခံငါးမွေးမြူခြင်းနှင့် ရေချိုငါးများ ဆေးထိုးသားဖောက်ခြင်းနည်းပညာ ရက်တိုသင်တန်းကို ဩဂုတ်လအတွင်း သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနထံမှ သိရသည်။

ပထမသင်တန်းကို ဇူလိုင်လ ၆ ရက်နေ့က ဒဂုံတက္ကသိုလ် သတ္တဗေဒဌာနမှ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအပါအဝင် ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းမှ မွေးမြူရေးလုပ်ငန်းရှင်များလည်းပါဝင်သည့် သင်တန်းသား ၃၆ ဦးကို လေးရက်ကြာသင်တန်းပေးခဲ့ပြီး ဒုတိယအကြိမ်သင်တန်းကို လာမည့်ဩဂုတ်လအတွင်း ပို့ချပေးမည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနထံမှ သိရသည်။ ■ J-11

# အမှန်တကယ်ကုန်သွယ်သည့် ဘဏ်စာရင်းများပြန်ဖွင့်ရန် ကူညီမည်

**ရန်ကုန်၊ ဇူလိုင် ၁၆**

ပိတ်ထားခံရဆဲ အမှန်တကယ်ကုန်သွယ်မှုပြုလုပ်နေသည့် မြန်မာကုန်သည်များ၏ ဘဏ်စာရင်းများကို စာရင်းပြုစု၍ တင်ပြလာမည်ဆိုပါက ပြန်လည်ဖွင့်လှစ်ပေးရန် ကူညီပေးမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှ သိရသည်။

ဇွန်လ ၁၅ ရက်နေ့က တရုတ်ဘက်က ယာယီပိတ်ပင်ထားသည့် မြန်မာကုန်သည်များ၏ ဘဏ်စာရင်းများသည် ယခုအချိန်အထိ ပြန်လည်ဖွင့်လှစ်ပေးရန်ရာနှင့် ချီ၍ ကျန်ရှိနေသေးကြောင်း မူဆယ် ၁၀၅ မိုင်ကုန်စည်ဈေးကွက်အတွင်းရှိ ကုန်သည်များထံမှ သိရသည်။

“အမှန်တကယ် ကုန်သွယ်မှုလုပ်နေတဲ့ အကောင့်တွေဆိုရင် ကျွန်တော်တို့ဆီကို ကုန်သွယ်မှုလုပ်နေတဲ့ အကောင့်၊ ကုမ္ပဏီနာမည်၊ လုပ်နေတဲ့ လုပ်ငန်းတွေကို တင်ပြပါ။ ကျွန်တော်တို့ ကူညီပေးပါမယ်။ စာရင်းတင်ပေးပါ။ စာရင်းက ဘယ်လောက်ပဲရှိရှိ တကယ်ကုန်သွယ်မှုလုပ်ပြီး အပိတ်ခံထားရသေးတယ်ဆိုရင် သူတို့(တရုတ်)ဘက်ကလည်း ကူညီပေးမယ်လို့ ပြောထားပါတယ်” ဟု စီးပွား/ကူးသန်းဝန်ကြီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက ပြောဆိုသည်။

မြန်မာအစိုးရ၏ တရားဝင်ထုတ်ပြန်ချက်တွင် ယာယီပိတ်ပင်ခံရသည့် ဘဏ်စာရင်းသည် ၁၃၂ ခုသာရှိသည်ဟု ထုတ်ပြန်ထားသော်လည်း အမှန်တကယ် ပိတ်ခံရသည့် ဘဏ်စာရင်းသည် ၆၀၀ မှ ၁၀၀၀ ခန့်ရှိပြီး ဇွန်လ ၂၃ ရက်နေ့က ပြန်လည်ဖွင့်လှစ်ပေးထားသော ဘဏ်စာရင်းအရေအတွက်မှာ ၃၀၈ ခုအထိရှိကြောင်း ကုန်သည်များထံမှ သိရသည်။ ■ S-04

# ရေထွက်ပစ္စည်း ဒေါ်လာသန်း ၁၃၀ ကျော်ဖိုး တင်ပို့

**ရန်ကုန်၊ ဇူလိုင် ၁၆**

ပြည်ပသို့ ရေထွက်ပစ္စည်းတင်ပို့မှုအနေနှင့် ယခု ၂၀၁၇-၁၈ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်နေ့မှ ဇွန်လ ၃၀ ရက်နေ့အထိ တင်ပို့မှုတန်ဖိုး အမေရိကန်ဒေါ်လာသန်း ၁၃၀ ကျော် ရရှိထားကြောင်း ငါးလုပ်ငန်းဦးစီးဌာနထံမှ သိရသည်။

သုံးလအတွင်း ငါး၊ ပုစွန်နှင့် အခြားငါးခြောက်၊ ပုစွန်ခြောက် မက်ထရစ်တန်ချိန် ၉၄၆၄၆ ဒသမ ၅၁၃ တန် တင်ပို့ထားပြီး တင်ပို့မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၃၂ ဒသမ ၁၂၄ သန်းရရှိထားကြောင်း ငါးလုပ်ငန်းဦးစီးဌာန၊ တိုင်းဦးစီးမှူး ဦးထွန်းဝင်းမြင့်က ပြောကြားသည်။

“ဖမ်းဆီးရေးထက် မွေးမြူရေးပိုင်းက ပိုပြီးပို့နိုင်ပါတယ်။ ဒီနှစ်က ငါးမြစ်ချင်း၊ ငါးကြင်းနဲ့ ငါးခေါင်းပွ တင်ပို့တာပိုများတယ်။ ဒီငါးတွေ တင်ပို့မှုများတာက ဒီနှစ်မှာ မွေးလို့ ဖြစ်တာလည်းပါတယ်” ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အလုပ်အမှုဆောင် ဦးဟန်ထွန်းက ပြောဆိုသည်။

ယခင်ဘဏ္ဍာနှစ်က ဖမ်းဆီးရေးမှ ရရှိသည့် ငါးသလောက်များကို အများဆုံး တင်ပို့နိုင်ခဲ့ပြီး ယခုဘဏ္ဍာနှစ်စတွင် ငါးမြစ်ချင်း၊ ငါးခေါင်းပွနှင့် ရွှေဝါငါးကြင်းတို့ မွေးမြူရာတွင် ပိုမိုဖြစ်ထွန်းသောကြောင့် ယင်းငါးများကိုသာ အများဆုံးတင်ပို့နိုင်ခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။

ယခင် ၂၀၁၆-၁၇ ဘဏ္ဍာနှစ်ကာလတူက ငါး၊ ပုစွန်နှင့် အခြားရေထွက်ကုန်ပစ္စည်းများ တင်ပို့မှုအနေနှင့် ၉၈၅၂၆ ဒသမ ၂၇၈ မက်ထရစ်တန်နှင့် တင်ပို့မှုတန်ဖိုး အမေရိကန်ဒေါ်လာသန်း ၁၃၀ ဒသမ ၉၀၅ သန်းရရှိခဲ့ပြီး ယခင်နှစ်ထက် အမေရိကန်ဒေါ်လာ ၂ သန်းကျော် ပိုမိုတင်ပို့ထားနိုင်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနထံမှ သိရသည်။ ■ J-11



ဓာတ်ပုံ - ရဲပြည့်ဇာနည်

# အိမ်ရာအဆောက်အအုံကဏ္ဍ၌ ဒေါ်လာသန်း ၄၅၀ ကျော် ရင်းနှီးမြှုပ်နှံ

**ရန်ကုန်၊ ဇူလိုင် ၁၆**

ယခုနှစ် ဇူလိုင်လအတွင်း အိမ်ရာအဆောက်အအုံကဏ္ဍတွင် ပြည်တွင်းပြည်ပကုမ္ပဏီလေးခုက အမေရိကန်ဒေါ်လာသန်း ၄၅၀ ကျော် ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်ခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။

ပြည်ပရင်းနှီးမြှုပ်နှံမှုဖြစ်သည့် စင်ကာပူအခြေစိုက်ကုမ္ပဏီနှစ်ခုက အမေရိကန်ဒေါ်လာသန်း ၃၀၀ ကျော် ဝင်ရောက်ရင်းနှီးမြှုပ်နှံထားပြီး ပြည်တွင်းကုမ္ပဏီများဖြစ်သည့် Fortune International နှင့် Pearl Gabar ကုမ္ပဏီတို့က အမေရိကန်ဒေါ်လာ ၁၅၃ သန်း ရင်းနှီးမြှုပ်နှံထားကြောင်း ယင်းဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစန်းမြင့်က ပြောကြားသည်။

“မနှစ်က ဒီလိုအချိန်မှာ အိမ်ရာကဏ္ဍက ဝင်ရောက်ရင်းနှီးမြှုပ်နှံမှု မရှိဘူး။ ဘာလို့လဲဆိုတော့ ဆောက်နေတဲ့ အဆောက်အအုံတွေတောင် ခဏရပ်ထားရလို့ပါ။ အခုတော့ အခြေအနေကောင်းတယ်။ ပြီးတော့ အိမ်ရာကဏ္ဍမှာ တန်ဖိုးနည်းဆောက်တဲ့သူတွေကို MIC အနေနဲ့ ခွင့်ပြုမိန့်ကို တခြားလုပ်ငန်းတွေထက်ပိုပြီး မြန်မြန်ဆန်ဆန်ချပေးသွားမယ်”ဟု ၎င်းကဆိုသည်။

ယင်းအပြင် ပြည်တွင်းဆောက်လုပ်ရေးကုမ္ပဏီများက တိုင်းနှင့် ပြည်နယ်များတွင် တန်ဖိုးနည်းအိမ်ရာများဆောက်လုပ်ရန် ဌာနသို့ အဆိုပြုချက်များတင်ထားပြီး ယင်းအဆိုပြုချက်များကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများထံသို့ တင်ပြထားကာ အစိုးရများထံမှ မြေနေရာရရှိပါက လုပ်ကိုင်ခွင့်ပေးမည်ဖြစ်ကြောင်း ဦးစန်းမြင့်က ပြောကြားသည်။

ယခင်ဘဏ္ဍာနှစ်က အိမ်ရာအဆောက်အအုံကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာသန်း ၇၄၀ကျော် ဝင်ရောက်ခဲ့ပြီး နိုင်ငံသားရင်းနှီးမြှုပ်နှံမှုအဖြစ် ကျပ် ၂၈ ဘီလီယံကျော် ဝင်ရောက်ခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။■J-13

# နှမ်းနက်ဈေးတက်၊ နှမ်းဖြူဈေးကျ

**ရန်ကုန်၊ ဇူလိုင် ၁၆**

နှမ်းရောင်းစုံဈေးကွက်အတွင်း ယခင်အပတ်ကထက် စမုန်နှမ်းနက်ဈေးနှုန်း ဆက်လက်မြင့်တက်ပြီး နှမ်းဖြူဈေးနှုန်းမှာမူ ကျဆင်းကြောင်း ယင်းဈေးကွက်အတွင်းမှ သိရသည်။

စမုန်နှမ်းနက်(ထိပ်စ) ၄၅ ပိဿာတစ်အိတ်လျှင် ကျပ် ၉၀၀၀ ခန့်မြင့်တက်သော်လည်း ဂျပန်နှမ်းဖြူ(ထိပ်စ)၄၅ ပိဿာတစ်အိတ်လျှင် ကျပ် ၅၀၀၀ ခန့်သို့ ကျဆင်းပြီး နှမ်းညို(ထောင်နှမ်း)ဈေးနှုန်းမှာမူ ငြိမ်သက်လျက်ရှိကြောင်း ယင်းဈေးကွက်အတွင်းမှ သိရသည်။

“နှမ်းဈေးနှုန်းက တက်ထားတာဆိုတော့ ပြန်ကျဖို့တော့ရှိပါတယ်” ဟု နှမ်းကုန်သည် ဦးမျိုးဆွေက ပြောဆိုသည်။

မြန်မာ့နှမ်းရောင်းစုံအဓိက ဝယ်လက်ဖြစ်သော တရုတ်နိုင်ငံဘက်က ဝယ်လိုအားကောင်းမွန်လာခြင်းကြောင့် နှမ်းဈေးနှုန်းများ မြင့်တက်ခြင်းဖြစ်ပြီး ယခုရက်ပိုင်းအတွင်း အရောင်းအဝယ် ပုံမှန်အခြေအနေသို့ ရောက်ရှိနေကြောင်း နှမ်းကုန်သည်များက ဆိုသည်။

လက်ရှိနှမ်းဈေးကွက်အတွင်း စမုန်နှမ်းနက်(ထိပ်စ) ၄၅ ပိဿာတစ်အိတ်လျှင် ကျပ် ၁၃၀,၀၀၀ ခန့်၊ ဂျပန်နှမ်းဖြူ(ထိပ်စ) ၄၅ ပိဿာတစ်အိတ်လျှင် ကျပ် ၁၂၀,၀၀၀ ခန့်နှင့် နှမ်းညို(ထိပ်စ)၄၅ ပိဿာတစ်အိတ်လျှင် ကျပ် ၈၃,၀၀၀ မှ ၈၇,၀၀၀ ခန့်ထိ ဈေးရှိကြောင်း နှမ်းရောင်းစုံဈေးကွက်အတွင်းမှ သိရသည်။ ■S-04

# သကြားသွင်းခွင့်လိုင်စင် ပါမစ်ဈေးတက်

**ရန်ကုန်၊ ဇူလိုင် ၁၆**

မြဝတီနယ်စပ်ဂိတ်တွင် သကြားတင်သွင်းခွင့် ပိတ်ပင်လိုက်သည်ဆိုသည့် ကောလာဟလသတင်းများကြောင့် လိုင်စင်ပါမစ်များ ဈေးတက်ကြောင်း သကြားကုန်သည်များထံမှ သိရသည်။

“ပါမစ်ဈေးတက်တယ်ဆိုတာ ကုမ္ပဏီတွေက ပါမစ်လျှောက်လိုက်တယ်။ ဒါကို သူတို့ကမသွင်းဘဲနဲ့ သွင်းမယ့်သူကို တစ်တန်သုံးသောင်းသတ်မှတ်ပြီး သူတို့သွင်းတဲ့ ပမာဏအတိုင်းဈေးယူတာ။ ဈေးတက်တယ်ဆိုတာ တစ်တန်ကိုသုံးသောင်းခွဲ လေးသောင်းဖြစ်သွားတာ ကိုပြောတာ” ဟု သကြားကုန်သည် ဦးဝင်းဋ္ဌေးက ရှင်းပြသည်။

တရုတ်နိုင်ငံသို့ တစ်ဆင့်ခံတင်ပို့နေသည့်သကြားများကို တရုတ်အစိုးရက အခွန်တိုးကောက်သည့်အပြင် ဖမ်းဆီးမှုများပါ ဆက်တိုက်ဆောင်ရွက်လာသောကြောင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တင်သွင်းခွင့်လိုင်စင်များကို လျှောက်ထားသမျှ မချပေးဘဲ စိစစ်နေခြင်းကို တင်သွင်းခွင့်ပိတ်သည်ဟူ၍ သတင်းထွက်လာခြင်းကြောင့် နယ်စပ်တွင် လိုင်စင်ကိစ္စနှင့်ပတ်သက်၍ အခက်အခဲဖြစ်နေကြောင်း ယင်းကုန်သည်များထံမှ သိရသည်။

“သကြားက ပို့ကုန်မထွက်တော့ ပြည်တွင်းမှာ ဈေးကထိုးကျသွားတယ်။ အဲဒါကြောင့် ပါမစ်က အလွယ်မရတော့လို့ ပါမစ်ယူတဲ့အခါ ကုန်သည်လောကမှာ ဈေးပိုတောင်းတာတွေဖြစ်လာတာ” ဟု မြဝတီနယ်စပ်မှ သကြားကုန်သည်တစ်ဦးက ရှင်းလင်းပြောကြားသည်။

ပြည်တွင်းတွင် လက်ကျန်သကြားများပြားနေသောကြောင့် တင်သွင်းခွင့်လိုင်စင်ကို ယခင်ကထက်ကန့်သတ်လိုက်ခြင်းဖြစ်ပြီး ကုန်သွယ်မှုကို ပိတ်ပင်ထားခြင်းမရှိကြောင်း၊ ကုန်သည်များအနေနှင့် တင်သွင်းမည့်ပမာဏကို မှန်ကန်စွာတင်ပြပါက လိုင်စင်ပါမစ်ချပေးကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက ပြောကြားသည်။

ဝန်ကြီးဌာနအနေနှင့် လိုင်စင်များကို ယင်းကဲ့သို့ကန့်သတ်လိုက်ခြင်းမှာ တင်သွင်းမှုလျော့သွားနိုင်သည့်အတွက် ပြည်တွင်းသကြားစက်ပိုင်ရှင်များလည်း အဆင်ပြေနိုင်ကာ ကြံစိုက်တောင်သူများအနေနှင့်လည်း ကြံဈေးကျဆင်းခြင်း မဖြစ်ပေါ်နိုင်ကြောင်း သကြားကုန်သည် ဦးဝင်းဋ္ဌေးက ပြောဆိုသည်။

နှစ်စဉ် တရုတ်သို့သကြားတန်ချိန်တစ်သန်းကျော်တင်ပို့နိုင်သည့်ဈေးကွက်ရှိသော်လည်း ယခုနှစ်တွင် အဖမ်းအဆီးကြမ်းသောကြောင့် တင်ပို့မှုပမာဏ လျော့ကျနေကြောင်း ၎င်းကဆိုသည်။■J-13

# မန္တလေး မဘသဆိုင်းဘုတ်များဖျက်ဆီးမခံရရန် သံဃာများနှင့်လူပုဂ္ဂိုလ်များစောင့်ကြည့်

**မန္တလေး၊ ဇူလိုင် ၁၆**

မဘသအဖွဲ့နှင့်သက်ဆိုင်သည့် ဆိုင်းဘုတ်များကို ဇူလိုင်လ ၁၅ ရက်နေ့နောက်ဆုံးထား ဖြုတ်သိမ်းပေးရန် သတိပေးထုတ်ပြန်ထားသောကြောင့် မန္တလေးမြို့ ကင်းဝန်မင်းကြီးကျောင်းတိုက် အကျော်ကျောင်းတွင်ရှိသော မဘသအဖွဲ့(အထက်မြန်မာပြည်) ဆိုင်းဘုတ် ဖျက်ဆီးမခံရရန် သံဃာတော်အချို့နှင့် လူပုဂ္ဂိုလ်အချို့ စောင့်ကြည့်လျက်ရှိသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က မြန်မာတစ်နိုင်ငံလုံးရှိ မဘသဆိုင်းဘုတ်များကို ဇူလိုင်လ ၁၅ ရက်နေ့နောက်ဆုံးထား ဖြုတ်သိမ်းပေးရန် ကြေညာထားပြီး အစိုးရကလည်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ကြေညာချက်ကို လိုက်နာခြင်းမရှိပါက အာဏာစက်ဖြင့် ဖယ်ရှားမည်ဖြစ်ကြောင်း သတိပေးထားသောကြောင့် စောင့်ကြပ်နေခြင်းဖြစ်သည်။

ယင်းကြေညာချက်နှင့်ပတ်သက်၍ အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့ (မဘသ) က အကြမ်းဖက်တုံ့ပြန်မည်မဟုတ်သော်လည်း ဆိုင်းဘုတ်များကို အစောင့်အကြပ်များဖြင့် စောင့်ရှောက်သွားမည်ဖြစ်ကြောင်း ပြောကြားထားပြီး လာရောက်ဖြုတ်သိမ်းပါက အသက်နှင့်လဲ၍ ကာကွယ်သွားမည်ဖြစ်ကြောင်း မဘသဆရာတော်များက ပြောဆိုထားသည်။

“ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ အခုချိန်အထိတော့ ဘာညွှန်ကြားချက်မှ မလာသေးဘူး၊ ဘယ်လိုဆောင်ရွက်ရမယ်ဆိုတာ မသိတဲ့အတွက် ဘာမှမလုပ်သေးပါဘူး” ဟု မန္တလေးတိုင်း သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်တင့်က ဇူလိုင်လ ၁၆ ရက်နေ့ မွန်းလွဲ ၃ နာရီ ခွဲခန့်က ပြောကြားသည်။

ဆိုင်းဘုတ်များ ဖြုတ်ချမည့်ကိစ္စနှင့်ပတ်သက်၍ အစိုးရဌာနများက လာရောက်ဆောင်ရွက်ခြင်း မရှိသေးသည့်အတွက် သတင်းမီဒီယာများကို အသိပေးထုတ်ပြန်ဦးမည်မဟုတ်သေးဘဲ ဇူလိုင်လ ၁၈ ရက်နေ့မှသာ ရှင်းလင်းပြောကြားပေးမည်ဖြစ်ကြောင်း ဦးဆောင်ဆရာတော်အချို့က ပြောဆိုသည်။

မဘသ၊ ၉၆၉၊ မျိုးချစ်ရဟန်းတော်များသမဂ္ဂအဖွဲ့ စသည်ဖြင့် ဖွဲ့စည်းဆောင်ရွက်နေခြင်းများသည် ၂၀၁၃ ခုနှစ် ဇူလိုင်လ ၁၅ ရက် နေ့က ကျင်းပခဲ့သည့် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဒုတိယ အစည်းအဝေးက ပြဋ္ဌာန်းခဲ့သော သံ/စည်း အခြေခံစည်းမျဉ်း အခန်း (၂) အပိုဒ်(၄) (၅) (၈)၊ သံဃာ့အဖွဲ့အစည်းဆိုင်ရာ ဥပဒေ အခန်း (၂) အပိုဒ် (၃) (၅)၊ အခန်း (၃) အပိုဒ် (၈) (၉)၊ ညွှန်ကြားလွှာအမှတ် (၈၁) တို့အရ ဖွဲ့စည်းခွင့်မရှိကြောင်း မဟနက ဆုံးဖြတ်ထားသည်။

ယင်းသို့ဆုံးဖြတ်ချက်အရ မဘသအမည်ဖြင့် ရဟန်း သံဃာများလုပ်ငန်းဆောင်ရွက်ခြင်းမပြုရန်နှင့် ဆိုင်ဘုတ်များဖြုတ်သိမ်းပေးရန် ကြေညာခဲ့ပြီး ယင်းကြေညာချက်ကို လိုက်နာခြင်းမရှိပါက သံဃာ့အဖွဲ့အစည်းဆိုင်ရာ ဥပဒေ ၂၀/၉၀ ဖြင့်အရေးယူရန်နှင့် လူပုဂ္ဂိုလ်များ ဆိုပါက တည်ဆဲဥပဒေများဖြင့်အရေးယူရန် ဆုံးဖြတ်ခဲ့သည်။ ■ **M-04**



ဓာတ်ပုံ-မြတ်မင်း

အာဇာနည်နေ့တွင်အခမဲ့ပြေးဆွဲပေးမည့် ရွှေကြယ်စင်ယာဉ်လိုင်းမှ ယာဉ်တစ်စီးကို သီရိမန္တလာကွင်းဝင်း၌ တွေ့ရစဉ်

# အာဇာနည်နေ့တွင် ရွှေကြယ်စင်ယာဉ်လိုင်း အခမဲ့ပြေးဆွဲပေးမည်

**မန္တလေး၊ ဇူလိုင် ၁၆**

မန္တလေးမြို့တော်မှ စစ်ကိုင်းတိုင်းအတွင်းရှိ မြို့များသို့ ပြေးဆွဲနေသော ရွှေကြယ်စင်ယာဉ်လိုင်းက နှစ် (၇၀) ပြည့် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် အခမဲ့ပြေးဆွဲပေးမည်ဖြစ်ကြောင်း အဆိုပါယာဉ်လိုင်းထံမှ သိရသည်။

ရွှေကြယ်စင်ယာဉ်လိုင်း တည်ထောင်ခြင်း ငါးနှစ်ပြည့်နေ့နှင့် အာဇာနည်နေ့အထိမ်းအမှတ်အနေနှင့် အခမဲ့ပြေးဆွဲပေးခြင်းဖြစ်ကြောင်း၊ ခရီးသွားပြည်သူများကို ကျေးဇူးတုံ့ပြန်သောအနေနှင့် တစ်ရက်တာအတွက် အခမဲ့စီးနင်းခွင့်ပြုရန်စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ ယာဉ်လိုင်းတာဝန်ခံ ဦးစိန်သောင်းက ပြောကြားသည်။

ရွှေကြယ်စင်ယာဉ်လိုင်းတွင် မော်တော်ယာဉ်အစီး ၂၀ ခန့်ရှိကြောင်း၊ မန္တလေးမြို့ကိုအခြေပြု၍ စစ်ကိုင်းတိုင်းအတွင်းရှိ ကန့်ဘလူ- ကျွန်းလှ-ကောလင်းခရီးစဉ်၊ ရေဦး-တန့်ဆည် ခရီးစဉ်၊ မန္တလေး-စစ်ကိုင်း- ရွှေဘိုခရီးစဉ်များပြေးဆွဲနေကြောင်း၊ ၂၀၁၆ ခုနှစ် အာဇာနည်နေ့ကလည်း ခရီးသွားများကိုအခမဲ့စီးနင်းခွင့်ပြုခဲ့ကြောင်း ရွှေကြယ်စင်ယာဉ်လိုင်းထံမှ သိရသည်။ ■ **M-05**

# သစ်တောဥပဒေစိုးမိုးမှု၊ အုပ်ချုပ်မှုနှင့် ကုန်သွယ်မှုဆိုင်ရာ လိုဂိုပြိုင်ပွဲ ကျင်းပမည်

**မန္တလေး၊ ဇူလိုင် ၁၆**

မြန်မာနိုင်ငံ သစ်တောဥပဒေစိုးမိုးမှု၊ အုပ်ချုပ်မှုနှင့်ကုန်သွယ်မှုဆိုင်ရာ မိတ်ဖက်သဘောတူညီချက် လုပ်ငန်းစဉ်အတွက် အသုံးပြုမည့် (logo) လိုဂိုပြိုင်ပွဲ ကျင်းပမည်ဖြစ်ကြောင်း တရားမဝင် သစ်တောထွက်ပစ္စည်းများ ဥပဒေနှင့်အညီ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကောင်းမွန်သော သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှု တိုးမြှင့်ဆောင်ရွက်ခြင်း သုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့ Myanmar FLEGT VPA ထံမှ သိရသည်။

ဆုရလိုဂိုကို အမေရိကန်ဒေါ်လာ ၅၀၀ ချီးမြှင့်မည်ဖြစ်ရာ ရေးဆွဲရာတွင် ရေရှည်တည်တံ့သော သစ်တောအုပ်ချုပ်မှုနှင့် ဥပဒေသက်ရောက်မှုကို ထင်ဟပ်ရန်၊ အကျိုးဆက်စပ်ပတ်သက်သူများအားလုံးပါဝင်သော သဏ္ဌာန်ပေါ်လွင်ရန်၊ တရားဝင်ကုန်သွယ်မှုကို တိုးမြှင့်ခြင်းနှင့် တရားမဝင်သစ်ထုတ်လုပ် ကုန်သွယ်ခြင်းကို တားမြစ်ခြင်းအဓိပ္ပာယ် ထင်ဟပ်ရန် စသည့်အချက်များ ပါဝင်ရမည် ဖြစ်ကြောင်း၊ အရွယ်အစားမှာ နှစ်လက်မပတ်လည်အရွယ်ဖြစ်ပြီး ဇူလိုင်လ ၂၀ ရက်နေ့နောက်ဆုံးထား ပေးပို့ရမည်ဖြစ်ကြောင်း ယင်းအဖွဲ့စည်းကမ်းချက်တွင် ဖော်ပြထားသည်။

ပြိုင်ပွဲဝင်လိုဂိုများကို Myanmar-EU FLEGT Secretariat Office အမှတ် ၅၃-၅၄ ကျိုင်းတုံလမ်း၊ ဥတ္တရသီရိ မြို့နယ် နေပြည်တော်သို့ ပေးပို့ရမည်ဖြစ်သည်။ ■

**M-01**

The VOICE Daily

CARTOON





ဓာတ်ပုံ-မောင်သန့်

အောင်မြေသာစံမြို့နယ် ၆၂ လမ်း၊ ၂၄ လမ်းနှင့် ၂၅ လမ်းတွင် ဇူလိုင်လ ၆ ရက်နေ့ကစ၍ သပိတ်စခန်းဖွင့်ကာ ဆန္ဒဖော်ထုတ်နေသည့် တောင်သူများကိုတွေ့ရစဉ်

# သပိတ်စခန်း မရုပ်သိမ်းဟု ဆန္ဒပြတောင်သူများပြော

**မန္တလေး၊ ဇူလိုင် ၁၆**

မန္တလေးတိုင်းအစိုးရအဖွဲ့နှင့် ရဲတပ်ဖွဲ့က သပိတ်စခန်းရုပ်သိမ်းပေးရန် တောင်းဆိုထားသော်လည်း ပိတ်သိမ်းမည်မဟုတ်ကြောင်း အောင်မြေသာစံမြို့နယ်အတွင်း သပိတ်စခန်းဖွင့်ကာ ဆန္ဒဖော်ထုတ်နေသည့် တောင်သူများက ပြောကြားသည်။

"ဒီနေ့ (ဇူလိုင်လ ၁၆ ရက်) ပဲ သပိတ်စခန်းဖျက်ပေးဖို့ ရဲတပ်ဖွဲ့က လာပြောတာ နှစ်ခါရှိပါပြီ။ ကျွန်တော်တို့က ၂၀ ရက်နေ့အထိ လုပ်မှာဖြစ်တယ်လို့ အကြောင်းကြားထားပြီးသား။ အဲ့ဒါကို ၁၅ ရက်နေ့အထိပဲ ခွင့်ပြုတာပါဆိုပြီး ဖျက်သိမ်းခိုင်းနေတယ်။ အစိုးရအဖွဲ့ကလည်း အာဇာနည်နေ့အခမ်းအနားနဲ့မို့ လုံခြုံရေးအရ ဖျက်ပေးပါဆိုပြီး ပြောတယ်။ ကျွန်တော်တို့တောင်းဆိုတာကို ကျတော့ အဆင်ပြေအောင် လုပ်မပေးနိုင်ဘူး။ ကျွန်တော်တို့ သပိတ်စခန်း မသိမ်းနိုင်ပါဘူး။ မနက်ဖြန်လောက်ဆိုရင် တောင်သူ အင်အား ၂၀၀ လောက် အင်အားထပ်ဖြည့်ဖို့ရှိပါတယ်" ဟု ဆန္ဒထုတ်ဖော်ပွဲစီစဉ်သူ ဦးမောင်စိုးက ပြောကြားသည်။

တောင်သူများအနေနှင့်သပိတ်စခန်း ပိတ်သိမ်းမည်မဟုတ်သည့်အပြင် သပိတ်စခန်းခွင့်ပြုရက် ကျော်လွန်သည်အထိ တောင်းဆိုချက်များကို ပြေလည်အောင် ဖြေရှင်းမပေးနိုင်ပါက ရက်ပေါင်းတစ်ရာအထိထပ်တိုးကာ သပိတ်စခန်းဖွင့်နိုင်ရန် အကြောင်းကြားစာပေးပို့မည်ဖြစ်ကြောင်း တောင်သူများကပြောဆိုသည်။

မန္တလေးတိုင်းအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်းအပါအဝင် တိုင်းအစိုးရအဖွဲ့ဝင် ဝန်ကြီး သုံးဦးသည် တောင်သူလယ်သမားထိုင်သပိတ်ကော်မတီဝင် ဦးအောင်(တံတားနီ)အပါအဝင်တောင်သူခေါင်းဆောင်များနှင့် ဇူလိုင်လ ၁၅ ရက်နေ့က ညှိနှိုင်းမှုများပြုလုပ်ခဲ့သေးသည်။

တိုင်းအဆင့် မြေယာစိစစ်ရေးကော်မတီတွင် ပါဝင်ခွင့်ရမှသာ ထိုင်သပိတ်ရုပ်သိမ်းပေးမည်ဟု ဆန္ဒပြတောင်သူများက တောင်းဆိုလျက်ရှိသည်။

"ကျွန်တော်တို့ကတော့ ၁၅ ရက်နေ့အထိပဲ ခွင့်ပြုထားတာပါ။ ၁၉ ရက်နေ့မှာက အာဇာနည်နေ့အခမ်းအနားရှိတော့ လုံခြုံရေးကိစ္စလည်း ရှိပါတယ်။ အာဇာနည်နေ့မှမဟုတ်ဘူး အခြားအစီအစဉ်ရှိလို့ လုံခြုံရေးအရဆိုရင်လည်း ခွင့်မပြုပါဘူး။ ဒါကလည်း စည်းကမ်းချက် ပြဋ္ဌာန်းထားပြီးသားပါ။ သူတို့နဲ့ညှိနှိုင်းနေပါတယ်။ သူတို့ဘက်က မသိမ်းဘူးဆိုရင်တော့ အစိုးရအဖွဲ့ရဲ့ ညွှန်ကြားမှုအတိုင်း ဆက်လုပ်ရမှာပါ" ဟု မန္တလေးမြို့ အမှတ် ၁ နယ်မြေရဲစခန်းမှူး ရဲအုပ်သန်းနိုင်က ပြောကြားသည်။

မန္တလေးတိုင်းအတွင်းရှိ စဉ့်ကိုင်၊ ပြင်ဦးလွင်၊ ငါန်းဇွန်၊ မတ္တရာ၊ မြစ်သား၊ သပိတ်ကျင်းနှင့် ဝမ်းတွင်းမြို့နယ်တို့မှ တောင်သူအင်အား ၂၀၀ ခန့်သည် အောင်မြေသာစံမြို့နယ် ၆၂ လမ်း၊ ၂၄ လမ်းနှင့် ၂၅ လမ်းတွင် ဇူလိုင်လ ၆ ရက်နေ့ကစ၍ ၎င်းတို့ကြုံတွေ့နေရသော မြေယာပြဿနာများကို ဖြေရှင်းပေးရန် တောင်းဆိုနေခြင်းဖြစ်သည်။ ■

**M-04**

# ပုဂံယဉ်ကျေးမှုနယ်မြေအတွင်း ဓာတ်ပုံရိုက်ကူးခွင့် ခရိုင်စီမံခန့်ခွဲရေးကော်မတီသို့ လွှဲပြောင်းရန်စီစဉ်

**မန္တလေး၊ ဇူလိုင် ၁၆**

ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်း ဓာတ်ပုံရိုက်ကူးခြင်းနှင့်ပတ်သက်သည့် စီမံခန့်ခွဲခွင့်များကို ညောင်ဦးခရိုင် စီမံခန့်ခွဲရေး ကော်မတီသို့ လွှဲပြောင်းပေးနိုင်ရန် စီစဉ်နေကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) ထံမှ သိရသည်။

"ဓာတ်ပုံရိုက်ကူးခွင့်နဲ့ ပတ်သက်ပြီးတော့ ခရိုင်စီမံခန့်ခွဲရေးကော်မတီက တာဝန်ယူဆောင်ရွက်ပေးနိုင်မယ်ဆိုရင် လွှဲပေးမှာပါ" ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) ညွှန်ကြားရေးမှူး ဦးအောင်အောင်ကျော်က ပြောကြားသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်း စီးပွားဖြစ် ဓာတ်ပုံရိုက်ကူးပါက တစ်ရက်လျှင် အခွန်ငွေ ကျပ်တစ်သိန်း၊ ဗွီဒီယို၊ ရုပ်ရှင် ရိုက်ကူးမှုများအတွက် တစ်ရက်လျှင် ကျပ်ငါးသိန်းသတ်မှတ်ထားပြီး အပျော်တမ်းရိုက်ကူးမှုများအတွက် ငွေကြေးကောက်ခံခြင်းမရှိကြောင်း ဦးအောင်အောင်ကျော်က ရှင်းပြသည်။

ဓာတ်ပုံရိုက်ကူးရာတွင် အပျော်တမ်းနှင့် စီးပွားဖြစ်ခွဲခြားသိရှိနိုင်ရန် တိကျသောညွှန်ကြားချက် ထုတ်ပြန်ပေးရန် လိုကြောင်း ပုဂံညောင်ဦးဒေသရှိ ဓာတ်ပုံဆရာအချို့က ပြောဆိုသည်။

ဓာတ်ပုံရိုက်ကူးရာတွင် ကြုံတွေ့နေရသည့် အခက်အခဲများနှင့်ပတ်သက်၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) နှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ညှိနှိုင်းမှုရလဒ်များကို မန္တလေးတိုင်းဝန်ကြီးချုပ်ထံ တင်ပြ၍ လုပ်ဆောင်မည်ဖြစ်ကြောင်း ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးစိုးတင့်က ပြောကြားသည်။ ■ **M-05**

## NEWS IN BRIEF

### မျက်မှောက်ကာလ မြန်မာ့နိုင်ငံရေး စကားဝိုင်း ပြုလုပ်မည်

မျက်မှောက်ကာလ မြန်မာ့နိုင်ငံရေး စကားဝိုင်းတစ်ရပ်ကို မန္တလေးမြို့ ယုံကြည်ရာအသိပညာ ပြန့်ပွားရေးအသင်းနှင့် စာကြည့်တိုက်တွင် ဇူလိုင်လ ၁၉ ရက်နေ့၊ မွန်းလွဲ ၁ နာရီမှ ၃ နာရီအထိ ပြုလုပ်မည်ဖြစ်ကြောင်း ယင်းအသင်းထံမှ သိရသည်။

ယင်းအသင်းအနေနှင့် လူထုပါဝင်သည့် စကားဝိုင်းများ လစဉ်ပြုလုပ်ပေးလျက်ရှိရာ ယခုစကားဝိုင်းအတွက် ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သည့် ဦးကိုကိုကြီး ဦးဆောင်ဆွေးနွေးမည်ဖြစ်ကြောင်း ပွဲစီစဉ်သူက ပြောဆိုသည်။

အဆိုပါစကားဝိုင်းကို မည်သူမဆို လွတ်လပ်စွာတက်ရောက်နိုင်မည်ဖြစ်ရာ အသင်းရုံးရှိရာ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အမှတ် (၁၄၃/၁)၊ ရွှေငုဝါလမ်းသွယ်၊ ၃၆ လမ်းနှင့် ၃၇ လမ်းကြား၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြားသို့ လာရောက်နိုင်ပြီး ဖုန်း ၀၉-၉၇၀၇၄၅၁၇၀ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း ယင်းအသင်းထံမှ သိရသည်။ **ဝင်းရွှေရည်ဦး**

### ဘေးအန္တရာယ်ကင်းရှင်းသော စားသောက်ကုန်များဆီသို့ ဆွေးနွေးပွဲကျင်းပမည်

မန္တလေးတိုင်း စားသောက်ကုန်ထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းက ဦးဆောင်ကာ ဇူလိုင်လ ၂၃ ရက်နေ့တွင် မန္တလေး မြို့တော်ခန်းမ (၁) ၌ ဘေးအန္တရာယ်ကင်းရှင်းသော စားသောက်ကုန်များဆီသို့ ဆွေးနွေးပွဲတစ်ရပ် ကျင်းပမည်ဖြစ်သည်။

အဆိုပါပွဲကို ယင်းနေ့ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြုလုပ်မည်ဖြစ်ရာ တက်ရောက်လိုသူများအနေနှင့် ဇူလိုင်လ ၂၀ ရက်နေ့ နောက်ဆုံးထားကာ ဖုန်း- ၀၉- ၉၁၀၁၀၅၄၆၊ ၀၉-၉၇၉၈၃၂၇၄၃ သို့ဆက်သွယ် စာရင်းပေးရမည်ဖြစ်ကြောင်း ယင်းအသင်းထံမှ သိရသည်။ **ဝင်းရွှေရည်ဦး**

# မန္တလေး အိမ်၊ ခြံ၊ မြေဈေးကွက်အတွင်း ပေါင်နှံမှုများရှိ

**မန္တလေး၊ ဇူလိုင် ၁၆**

ဝါတွင်းကာလရောက်ရှိလာ၍ အိမ်၊ ခြံ၊ မြေ အရောင်းအဝယ်ဈေးကွက် အေးနေရာ ဇူလိုင်လတတိယပတ်ကစ၍ ပေါင်နှံမှုများ ရှိလာကြောင်း မန္တလေးမြို့တော်ရှိ အိမ်၊ ခြံ၊ မြေအကျိုးဆောင်များ အသိုင်းအဝိုင်းထံမှ သိရသည်။

"ကြိုက်ဈေးရမှ ကိုယ့်မိတ်နဲ့ကိုယ် အရောင်းအဝယ်ဖြစ်တာဆိုတော့ ငွေလိုတဲ့သူတွေက ပေါင်နှံမှုတွေ လုပ်လာကြတယ်" ဟု မန္တလေးမြို့သစ်ပိုင်းမှ အိမ်၊ ခြံ၊ မြေ အကျိုးဆောင် ဒေါ်ညိုက ပြောကြားသည်။

ပုဂ္ဂလိကနှင့် အစိုးရဘဏ်များတွင် ပေါင်နှံထားနိုင်သော်လည်း ဘဏ်စည်းကမ်းများခြင်းကြောင့် ပြင်ပလုပ်ငန်းရှင်များထံ၌သာ အပေါင်ပစ္စည်းထား၍ ငွေချေးယူခြင်းဖြစ်ကြောင်း၊ အတိုးနှုန်းအနေနှင့် တစ်ရာလျှင် ငါးကျပ်တိုးနှုန်းဖြင့် ပြန်ရွေးနိုင်သောကာလအထိ လစဉ်အတိုးပေးရကြောင်း အိမ်၊ ခြံ၊ မြေ အပေါင်လုပ်ငန်း လုပ်ကိုင်ပေးလျက်ရှိသော အကျိုးဆောင်များထံမှလည်း သိရသည်။

"အရင်က အပေါင်လုပ်ငန်းတွေ အလုပ်ဖြစ်တယ်။ အခုက ငွေထုတ်ပေးဖို့ကို ငွေရှင်တွေကြောက်လာတယ်။ ဂရမ်အတုတွေ၊ ဂရမ်ထပ်တာတွေ ရှိလာတော့ ယုံကြည်တဲ့သူကိုပဲ ထုတ်ချေးပေးတော့တယ်" ဟု မန္တလေးမြို့ခံ အိမ်၊ ခြံ၊ မြေ အကျိုးဆောင် ဒေါ်ချိုက ပြောဆိုသည်။

အိမ်၊ ခြံ၊ မြေ ပေါင်နှံသည့်ဈေးကွက်အတွင်း အပေါင်ခံပစ္စည်း၏ ကာလပေါက်ဈေးပေါ်မူတည်ကာ ကျပ်သိန်းရာဂဏန်းအထိ ထုတ်ချေးပေးမှုများ ရှိကြောင်း၊ ယုံကြည်စိတ်ရသော အကျိုးဆောင်များနှင့် ချိတ်ဆက်၍ လုပ်ဆောင်ရကြောင်း အသက် ၄၂ နှစ်အရွယ် မန္တလေးမြို့ခံ စားသောက်ဆိုင်လုပ်ငန်းရှင် အမျိုးသမီးတစ်ဦးက ပြောကြားသည်။ ■

**ဝင်းရွှေရည်ဦး**

# ရန်ကုန်ဆေးရုံကြီး လုံခြုံရေးနှင့် သန့်ရှင်းရေးဝန်ထမ်းများ အပြင်မှငှားရန် စီစဉ်

**ရန်ကုန်၊ ဇူလိုင် ၁၆**

ရန်ကုန်ဆေးရုံကြီးတွင် လုံခြုံရေးဝန်ထမ်းနှင့် သန့်ရှင်းရေးဝန်ထမ်းများ လိုအပ်နေခြင်းကြောင့် ကန်ထရိုက်စနစ်ဖြင့် ငှားရမ်းအသုံးပြုရန် ကုသရေးဦးစီးဌာန (နေပြည်တော်)က ပုဂ္ဂလိက အငှားဝန်ထမ်းဝန်ဆောင်မှုကုမ္ပဏီအချို့နှင့် ချိတ်ဆက်ညှိနှိုင်းနေပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ကုသရေးဦးစီးဌာနထံမှ သိရသည်။

ရန်ကုန်ဆေးရုံကြီးတွင် သန့်ရှင်းရေးကဏ္ဍအတွက် ဆောင်ရွက်နေရသော အောက်ခြေဝန်ထမ်းမှာ ၁၀၀ ခန့်ရှိသော်လည်း မလုံလောက်တော့ခြင်းကြောင့် ထိုသို့စီစဉ်ခြင်းဖြစ်ကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ အေးကိုကိုက ပြောကြားသည်။

“အောက်ခြေအထွေထွေဝန်ထမ်းလေးရာကျော်လောက်နဲ့ ဆေးရုံကြီးတစ်ခုရဲ့ လည်ပတ်ပုံအရ အကုန်လိုက်ဆောင်ရွက်ဖို့ မလွယ်ဘူး။ နေ့စဉ်တက်နေတဲ့ လူနာနှုန်းနဲ့ သန့်ရှင်းရေးကဏ္ဍကို လုပ်ကိုင်ပေးရတဲ့ ဝန်ထမ်းအင်အားက ဘယ်လိုမှ မလောက်ဘူး၊ အမြန်ဆုံး ငှားရမ်းပြီးတော့ ခန့်ထားဖို့က စီစဉ်နေပြီ” ဟု ၎င်းက ဆိုသည်။

ရန်ကုန်ဆေးရုံကြီး တိုးချဲ့ပြီးနောက်ပိုင်း၌ နေ့စဉ် လူနာဝင်ရောက်မှုနှုန်းမှာ ပြင်ပလူနာ၊ အတွင်းလူနာ၊ အရေးပေါ်လူနာဟူ၍ ၇၀၀ နှင့် ၁၀၀၀ ကြား ရှိလာသော်လည်း ဆေးရုံကြီး၏ကဏ္ဍအရပ်ရပ်၌ ဆောင်ရွက်ပေးရမည့် သန့်ရှင်းရေးဝန်ထမ်းမှာ အဓိကလိုအပ်လာခြင်းဖြစ်ကြောင်း ရန်ကုန်ဆေးရုံကြီးအရေးပေါ်ဌာနမှ ဆရာဝန်ကြီးတစ်ဦးက ပြောကြားသည်။

“ဆေးရုံကြီး နေ့စဉ်လာကုသနေတဲ့လူနာက ပြင်ပလူနာဌာနမှာ ၅၀၀ လောက်ရှိသလို အရေးပေါ်ကုသရေးဌာနကို ရောက်လာတဲ့ လူနာကလည်း ၃၀၀ နဲ့ ၅၀၀ ကြား ပုံမှန်ရှိနေတယ်၊ အဓိက သန့်ရှင်းရေးဝန်ထမ်း လိုအပ်နေတာပဲ” ဟု ၎င်းက ဆိုသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ပုဂ္ဂလိကကန်ထရိုက်စနစ်ဖြင့် ငှားရမ်းရာတွင် ဆေးရုံဝန်ထမ်းများကို သန့်ရှင်းရေးလုပ်ငန်းတွင် အဓိကအသုံးပြုရမည်ဟု ညွှန်ကြားထားပြီး အခြားလိုအပ်သော ဆေးရုံအကူဝန်ထမ်း၊ လူနာတင်ယာဉ်မောင်းသည့် ဝန်ထမ်းများကိုမူ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနနှင့် ချိတ်ဆက်၍ နေ့စားလပေး ဝန်ထမ်းအနေနှင့် ခွေးချယ်ခန့်အပ်ရမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

■ **J-17**

# မြိတ် စက်သုံးဆီဆိုင် မီးလောင်မှု ရှစ်တန်းကျောင်းသားတစ်ဦး သေဆုံး

**မြိတ်၊ ဇူလိုင် ၁၆**

မြိတ်မြို့ စန္ဒဝတ်ကျေးရွာအုပ်စု ကျောက်ဖြူ တောင်ကျေးရွာ(မြိတ်မြို့ အဝင်)ရှိစက်သုံးဆီအရောင်းဆိုင်တစ်ဆိုင် ဇူလိုင် ၁၆ ရက် မွန်းလွဲ ၁၂ နာရီဝန်းကျင်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ယင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ သိရသည်။

စက်သုံးဆီအရောင်းဆိုင်ရှိဆီတိုင်ကီသို့ ဆီဘောက်ဆာကားကြီးက ပိုက်ဖြင့် ဆီဖြည့်နေစဉ် မီးလောင်ကျွမ်းမှုဖြစ်ပွားပြီး ဆိုင်ရှင်၏ ဆွေမျိုးတော်စပ်သူ ၁၄ နှစ်အရွယ် ၈ တန်းကျောင်းသားမှာ မီးလောင်ကျွမ်းပြီး သေဆုံးခဲ့ကြောင်း ယင်းဆီဆိုင်ရှင် ဦးဝင်းကိုက ပြောပြသည်။

“ဆီဖြည့်နေတုန်း ဆိုင်ထဲက မီးတစ်ခုခုရှိနေတာကြောင့် မီးလောင်ရတာဖြစ်နိုင်တယ်”ဟု မြိတ်ခရိုင် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဇော်ဝင်းက ခန့်မှန်းပြောသည်။

ထို့ပြင် ဆီဖြည့်သည့်ပိုက်ခေါင်းနှင့် ဆီတိုင်ကီပုံးတို့ ပွတ်တိုက်မှုဖြစ်ပြီး အပူဖြစ်ကာ မီးလောင်ကျွမ်းမှုဖြစ်တတ်ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

လက်ရှိတွင် မီးလောင်ရသည့် အကြောင်းအရင်းအသေးစိတ်နှင့် ဆုံးရှုံးမှုတန်ဖိုးကို စစ်ဆေးနေဆဲဖြစ်ကြောင်း မြိတ်မြို့နယ် မီးသတ်ဦးစီးဌာနမှ သိရသည်။

အဆိုပါ မီးလောင်သည့်နေရာကို အရန်မီးသတ်တပ်ဖွဲ့၊ မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်များနှင့် ရေသည်ယာဉ်များ၊ ရပ်ကွက်နေပြည်သူအချို့နှင့် တပ်မတော်သားအချို့တို့က ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြသဖြင့် မွန်းလွဲ ၁ နာရီကျော် အချိန့်ခန့်တွင် မီးငြိမ်းခဲ့သည်။

မီးလောင်မှုကြောင့် ဆီဆိုင်နှင့်နေအိမ်တစ်လုံး မီးလောင်ကျွမ်းခဲ့ရကြောင်း မီးသတ်ဌာနမှ သိရသည်။

■ **Dawei Watch**

The VOICE Daily

CARTOON




## ကုသိုလ်လမ်းညွှန်

ဒီနေ့တော့ The Voice စာဖတ်ပရိသတ်တွေအတွက် ကုသိုလ်ပြုဖို့ လမ်းညွှန်နေကျအတိုင်း ညွှန်ပေးချင်တာကတော့ ကျန်းမာရေးကုသိုလ်ပြုနိုင်ဖို့ပါ။ အသက် ၁၁ နှစ်အရွယ်ရှိတဲ့ ယွန်းသီရိက မွေးရာပါခြေထောက်ခွင်နေတဲ့ ရောဂါဝေဒနာ ခံစားနေရတာ ဖြစ်ပါတယ်။ လတ်တလောမှာတော့ ယွန်းသီရိရဲ့ခြေထောက်တစ်ဖက်ကို ခွဲစိတ်ထားတာဖြစ်ပြီး နောက်တစ်ဖက်ခွဲစိတ်ဖို့ ငွေကြေးအခက်အခဲကြုံတွေ့နေရတာပါ။ မိဘတွေကလည်း ကျောက်ဆည်မြို့နယ်၊ ဆင်ဖြူရွာမှာနေထိုင်တာဖြစ်ပြီး ကြုံရာကျပန်းလုပ်ကိုင်စားသောက်နေရတာမို့ ခွဲစိတ်ဖို့အတွက် ငွေကြေးလိုအပ်နေတာဖြစ်ပါတယ်။ ကလေးငယ်အတွက် တတ်အားသရွေ့ငွေကြေးအလှူဒါနပြုချင်ရင် မန္တလေး၊ ခုတင် ၅၀၀ အရိုးဆေးရုံမှာလှူဒါန်းနိုင်မှာဖြစ်ပြီး တစ်ဆင့်လှူဒါန်းချင်ရင် ဖုန်း ၀၉-၄၅၆၅၆၇၈၇၈ ကို ဆက်သွယ်စုံစမ်းနိုင်ပါတယ်။ ■



## ဈေးဝယ်လမ်းညွှန်

### အရေပြားပေါ်မှာ ဝက်ခြံထွက်တတ်တဲ့ သူတွေအတွက် Acne Lotion

ခန္ဓာကိုယ်ပေါ်မှာ ဝက်ခြံထွက်တတ်တဲ့သူတွေအတွက် အခုညွှန်ပေးချင်တာကတော့ Acne Lotion ဖြစ်ပါတယ်။ ဒီ Lotion ကတော့ ကျော၊ ကုပ် စတဲ့ အရေပြားပေါ်မှာဖြစ်တတ်တဲ့ဝက်ခြံတွေ၊ အသားအရေမညီတာတွေအတွက်လည်း လုပလာမှာ ဖြစ်တယ်လို့ ရောင်းချသူကဆိုပါတယ်။ ဒါ့အပြင် အသားအရေခြောက်တတ်တဲ့သူတွေအတွက်လည်း သိသိသာသာပြန်လည်စိုပြည်လာမှာဖြစ်တယ်လို့ ထပ်ဆင့်ဆိုပါတယ်။ ဂျပန်နိုင်ငံထုတ်ဖြစ်ပြီး တစ်ဘူးကို ၃၅၀၀ ကျပ်ဖြစ်ပါတယ်။ ရန်ကုန်မြို့တွင်းကနေ မှာယူသူတွေအတွက်လည်း အိမ်တိုင်ရာရောက်ပို့ဆောင်ပေးမှာဖြစ်ပြီး နယ်ကမှာယူသူတွေအတွက် တစ်ဆင့်ပို့ဆောင်ပေးမှာဖြစ်ပါတယ်။ ဝယ်ယူချင် တယ်ဆိုရင် အမှတ် ၅၆၊ မြေညီထပ်၊ ဌာနလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်၊ ဖုန်း ၀၉-၅၀၀၉၂၆၃ ကို မေးမြန်းဝယ်ယူနိုင်ပါတယ်။ ■



# ရန်ကုန်မြို့တော်အတွက် အကောင်အထည်ဖော်ဖို့လိုနေသေးတဲ့ ဥပဒေပါပြဋ္ဌာန်းချက်များ

အောင်ဝေယျ



နိုင်ငံရေးစနစ်များတွင် ဒီမိုကရေစီစနစ်သည် အခက်အခဲဆုံးဖြစ်သည်။ ထိုစနစ်ကိုကျင့်သုံးရန် အုပ်ချုပ်သူအစိုးရများဘက်က အကောင်အထည်ဖော်ရန် ခက်ခဲလှသလို ပြည်သူများအပိုင်းကလည်း စနစ်တကျ လိုက်နာကြရသည့်သဘောရှိသည်။ ဆိုလိုသည်မှာ အုပ်ချုပ်သူအစိုးရဘက်တွင် ၎င်းတို့၏သဘောဆန္ဒအရ ဆောင်ရွက်ကြရခြင်းမျိုးမဟုတ်ဘဲ ပြည်သူ အများက ရေးဆွဲထားသည့်ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအတိုင်း ဆောင်ရွက်ကြရခြင်းဖြစ်ပြီး ပြည်သူများဘက်မှလည်း ၎င်းတို့သတ်မှတ်ထားသည့်စည်းကမ်းများအတိုင်းပင် ကိုယ်တိုင် ပြန်လည်လိုက်နာကြရခြင်းကို ပြောလိုရင်းဖြစ်သည်။

နိုင်ငံတစ်ခုအတွင်း အုပ်ချုပ်ရေးယန္တရားဘက်မှ နေ့စဉ်ဆောင်ရွက်နေကြရသည့် အလုပ်ကိစ္စမှန်သမျှသည် ဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း၊ ချုပ်ဆိုထားကြသည့် စာချုပ်များအတိုင်းသာ အချိန်ဇယားဖြင့်သွားနေကြရသည်။ ဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ပေးကြရသည်။ အခြားသောနိုင်ငံရေးစနစ်များကဲ့သို့ အုပ်ချုပ်သူဘက်မှသာ တစ်ဖက်သတ် အမိန့်စည်းကမ်းများထုတ်ပြီး ဆောင်ရွက်လို့မရနိုင်သကဲ့သို့ နိုင်ငံတော်တည်ဆောက်ရေးများတွင် ပါဝင်သည့် လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ ပညာရေးကိစ္စ၊ ကျန်းမာရေး စသည့်ကိစ္စအဝဝကို ပြည်သူများ၏ဆန္ဒနှင့်အညီ ရွေးချယ်ပေးထားကြသည့် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးပြဋ္ဌာန်းထားပေးသည့်ဥပဒေများအတိုင်း လိုက်နာအကောင်အထည်ဖော်ပေးရသည်။ လွှတ်တော်အပိုင်းဖြစ်သည့် ဥပဒေပြုရေးမဏ္ဍိုင်က ဥပဒေတစ်ခုကိုထုတ်ပြန်ပြီးသည့်နောက်ပိုင်းတွင် အုပ်ချုပ်ရေးမဏ္ဍိုင်က လိုက်ပါအကောင်အထည်ဖော်ပေးခြင်း ရှိမရှိစောင့်ကြည့်ထိန်းညှိရသည်။ ထိုသို့အကောင်အထည်ဖော်ရာတွင်လည်း ဥပဒေပါပြဋ္ဌာန်းချက်များအတိုင်းဖြစ်၊ မဖြစ်နှင့် ဖောက်ဖျက်ကျူးလွန်ခြင်းရှိ၊ မရှိတို့ကိုပါ လေ့လာဖော်ထုတ်ပြီး ရှိပါက တရားရေးမဏ္ဍိုင်ဘက်မှ အရေးယူခြင်းများ ပြုလုပ်ကြရသည်။ ထိုအရာကိုပင် မဏ္ဍိုင်ကြီးသုံးရပ် အပြန်ပြန်အလှန်လှန် ထိန်းကျောင်းခြင်းဟု ဆိုခဲ့ကြခြင်းဖြစ်သည်။

ထိုအချက်ကို ဥပမာတစ်ရပ်ဖြင့် ရှင်းလင်းစွာတင်ပြရလျှင် မြို့ပြစနစ်တည်ဆောက်သည့်အခန်းကဏ္ဍတွင် အဓိကကျသည့်စည်ပင်သာယာရေးဥပဒေ၊ သက်ကြီးရွယ်အိုများ ကာကွယ်စောင့်ရှောက်ရေးဥပဒေနှင့် မသန်စွမ်းသူများ ကာကွယ်စောင့်ရှောက်ရေးဥပဒေများအကြောင်းကို နမူနာထားပြောရမည်ဖြစ်သည်။ မြို့ပြထူထောင်ခြင်းစနစ်တစ်ခုတွင် အဓိက ပါဝင်ကြသည့် အဆိုပါဥပဒေများမှ ပထမဦးစွာ စည်ပင်သာယာရေးဥပဒေအကြောင်းစပြောလျှင်ထိုဥပဒေတွင်မြို့တစ်ခု၏သန့်ရှင်းသာယာလှပရေးနှင့် တည်ဆောက်ရေးအကြောင်းများပါဝင်သည်။ အုပ်ချုပ်ရေးအပိုင်းမှ လိုက်နာအကောင်အထည်ဖော်ပေးကြရမည့်အချက်များပါဝင်သလို ပြည်သူများဘက်မှ လိုက်နာကြရမည့်အချက်များလည်း ပါဝင်ပါသည်။ ဥပမာအားဖြင့် အမှိုက်များစွန့်ပစ်ခြင်းစနစ်တွင် ပြည်သူများမှ မိမိအိမ်တွင်းနှင့် မိမိအိမ်ဝန်းကျင်ရှိ အမှိုက်များကို သိမ်းဆည်းထုပ်ပိုးကာ အသင့်ပြင်ထားကြရမည်။ ထိုအမှိုက်များကို စည်ပင်သာယာရေးအဖွဲ့က အချိန်မှန် သိမ်းဆည်းကြရမည်ဟု ပါရှိသလို ပတ်ဝန်းကျင်ကိုသန့်ရှင်းရေးနှင့် အလေးထားဂရုပြု ဆက်ဆံတတ်ရေးတို့အတွက်ပါ ထည့်တွက်ပြီး အများနားမခံသာသည့် သာရေးနာရေးကိစ္စများတွင် အသံချဲ့စက်သုံးစွဲခြင်း၊ အများထံသို့ ကူးစက်ရောဂါဖြစ်စေနိုင်သည့် တိရစ္ဆာန်မွေးခြင်းကိစ္စရပ်များကို ခွင့်ပြုချက်တောင်းခံခြင်း၊ စိစစ်ခွင့်ပြုပေးခြင်းတို့ ပါရှိသည်။ ၎င်းအပြင် လမ်းသွားလမ်းလာများနှင့် ခရီးသွားပြည်သူများကို အလေးထားခြင်းများနှင့် ရေစီးရေလာကောင်းမွန်စေခြင်းများအတွက်လည်း မိမိတို့အိမ်ရှေ့ပရိဝုဏ်မှကျော်လွန်ပြီး ရေမြောင်းများအပေါ်တွင် ကျူးကျော်နေထိုင်ခြင်း၊ ဈေးရောင်းချခြင်းနှင့် ရေမြောင်းများကို ပိတ်ဆို့စေခြင်းများ မပြုလုပ်ကြရသည့်အပြင် မြို့ပြစနစ်သန့်ရှင်းသာယာလှပစေရေးအတွက် အုပ်ချုပ်သူအပိုင်းဘက်ကလည်း ဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း စစ်ဆေးကြပ်မတ်ကာ ဖောက်ဖျက်ပါက အရေးယူကြရသည့်အပိုင်းများအထိ ပါဝင်လေသည်။ ထိုသို့အရေးယူသည်ဆိုရာတွင်လည်း ဥပဒေပါပြဋ္ဌာန်းချက်များကို ဖောက်ဖျက်သည့်ပြည်သူများကိုချည်းပင် မဆိုလိုပါ။ အုပ်ချုပ်ရေးအပိုင်းက ဥပဒေပါအတိုင်း လိုက်ပါစစ်ဆေးအကောင်အထည်မဖော်သည့်ဝန်ထမ်းများကိုပါ အရေးယူခြင်းများ ဆောင်ရွက်ကြရခြင်းတို့အထိ ပါဝင်ပါသည်။ ထိုအရာများ လက်တွေ့အကောင်အထည်ဖော်ခြင်းရှိ မရှိကိုမူ ဥပဒေပြုသူများအပိုင်းက စောင့်ကြည့်ကြရခြင်းကို ထိန်းညှိခြင်းဟု ဆိုလိုခဲ့ခြင်းဖြစ်သည်။

နောက်တစ်မျိုးမှာ မြို့ပြစနစ်တည်ဆောက်ရေးအပိုင်းတွင် အုပ်ချုပ်ရေးအပိုင်းမှ အဓိကအလေးအနက်ထား ထည့်သွင်းစဉ်းစားပြီး တည်ဆောက်အကောင်အထည်ဖော်ပေးရမည့် ဥပဒေများစွာအထဲမှ အထက်တွင် ဖော်ပြခဲ့သည့် မသန်စွမ်းသူများ ကာကွယ်စောင့်ရှောက်ရေးဥပဒေနှင့် သက်ကြီးရွယ်အိုများ စောင့်ရှောက်ခြင်းဥပဒေတို့ပင်ဖြစ်သည်။ ထိုဥပဒေများပါပြဋ္ဌာန်းချက်များအရ မြို့တွင်းရှိ လူသွားစင်္ကြံများ၊ လူကူးမျဉ်းကျားများ၊ မီးပွိုင့်များ၊ အဆောက်အအုံတိုင်းတို့တွင် အုပ်ချုပ်ရေးအပိုင်းက လိုက်နာအကောင်အထည်ဖော်ပေးရမည့်ပြဋ္ဌာန်းချက်များ အများအပြား ပါဝင်သည်။ ထိုပြဋ္ဌာန်းချက်များအတိုင်း အုပ်ချုပ်သူများဘက်က ထည့်သွင်းတည်ဆောက်ပေးရမည်ဖြစ်သည်။

အခြားနိုင်ငံများရှိ လမ်းများကို နမူနာယူတင်ပြရလျှင် ဥပမာ- မျက်စိမမြင်သူများအတွက် မည်သူတစ်ဦး၏ အကူအညီမှုမပါရှိဘဲ တုတ်ကောက်တစ်ချောင်းပါရှိရုံမျှဖြင့်ပင် မြို့တစ်မြို့လုံးရှိ လမ်းများအပြင် အဆောက်အအုံတိုင်းကို ဝင်၊ ထွက်သွားလာနိုင်သည်အထိ ထည့်သွင်းစဉ်းစား တည်ဆောက်ထားပေးကြရခြင်းကို ဆိုလိုသည်။ မျက်မမြင်သူများအတွက် စင်္ကြံလမ်းများတွင် တုတ်ကောက်ဖြင့် စမ်းပြီးလမ်းလျှောက်နိုင်ရန် ဖုထစ်လေးများစီတန်းပြီး ဖောက်ထားခြင်းများ၊ လမ်းကွေ့များတွင် ကန့်လန့်ဖြတ်အတန်းထားခြင်းများ၊ မီးပွိုင့်ကူးသည့်နေရာများတွင် မီးစိမ်းကိုနှိပ်ရန်နေရာများ၊ ထို့ပြင် ကိုယ်လက်အင်္ဂါ မသန်စွမ်းသူများအတွက် ဝှီးချဲဖြင့်သွားရမည့်နေရာများ၊ လမ်းဖြတ်ကူးရန် လွယ်ကူစေရန် ဖောက်လုပ်ထားမှုများနှင့် အဆောက်အအုံများသို့ဝင်ထွက်တက်ရောက်ရာတွင် စီစဉ်ထားပေးမှုများအထိ ပါဝင်ရမည်။ ၎င်းအပြင် ခြေလျင်သွားပြည်သူများအတွက် သီးသန့်နေရာနှင့် စက်ဘီးစီးခရီးသွားများအတွက် နေရာများကိုပါ ထည့်သွင်းဖောက်လုပ်စီစဉ်ပေးကြရမည်သာ ဖြစ်သည်။



ထို့အပြင် သက်ကြီးအရွယ်ဘိုးဘွားများ၊ ကလေးသူငယ်များနှင့် မသန်စွမ်းသူများ စီးနင်းလိုက်ပါကြမည့် ရထားတိုင်း၊ ကားတိုင်းတွင်လည်း အဆင်ပြေစွာ တက်နိုင်၊ ဆင်းနိုင်ရေးအတွက် စီစဉ်ပေးထားကြသည်ကိုလည်း တွေ့ရှိကြရမည်ဖြစ်သည်။ ထိုစနစ်များမှာ ယုတ်စွအဆုံး မြေအောက်ရထား (Metro) များအထိပင် စီစဉ်ဆောင်ရွက်ပေးထားကြသည်ကို တွေ့ခဲ့ရဖူးသည်။ မြို့တွင်းကားလမ်းဘေးတိုင်းရှိ စင်္ကြံများတိုင်းတွင် မျက်မမြင်သူများ၊ မသန်စွမ်းသူများအတွက် အခြားအကူအညီမပါဘဲ တစ်ဦးတည်းသွားလာနိုင်ရေး နေရာတိုင်းတွင် စီစဉ်ထားပေးရုံနှင့် မပြီးသေးဘဲ မြေပြင်မှ မြေအောက်ရထားသို့ဆင်းပြီး စီးနင်းမည့်နေရာများမှ ရထားလမ်းစင်္ကြံတစ်လျှောက်၊ နောက်ဆုံးရထားပေါ်တက်သည့်နေရာအဆုံး အမှတ်အသားများ၊ ကိုင်တွယ်၊ ထိစမ်း၍ရသည့်အမှတ်အသားများ ပြုလုပ်ထားပေးကြရသည်။

ထို့ပြင် လေဆိပ်များတွင်လည်း စီစဉ်ထည့်သွင်းပေးထားကြသည့်အပြင် အထပ်မြင့်အဆောက်အအုံများသို့ တက်ဆင်းပြုလုပ်ကြသည့် လှေကားတိုင်းတွင်လည်း ဆောက်လုပ်ထားပေးရသည်။ နောက်ဆုံး လွှတ်တော်များအတွင်းရှိ ထိုင်ခုံနေရာများအထိပင် မသန်စွမ်းသူကိုယ်စားလှယ်များအတွက်ပါ ရည်ရွယ်ပြီး ထိုင်ခုံနေရာများ အလွတ်ထားပေးသည်။ ၎င်းတို့အတွက် လွှတ်တော်အစည်းအဝေးခန်းမအတွင်း အဆင်ပြေစွာ ဝင်ထွက်သည့်နေရာများ ထည့်သွင်းစီစဉ် ဆောက်လုပ်ထားပေးကြရသည်။ အပြည်ပြည်ဆိုင်ရာလေဆိပ်ကြီးတစ်ခုတွင် အထူးခြားဆုံး တွေ့ခဲ့ရဖူးသည်။ မျက်မမြင်သူတစ်ဦး၊ မသန်စွမ်းသူတစ်ဦး၊ အရေးတကြီးသွားရောက်ရန်လိုသည့် သာမန်ပြည်သူတစ်ဦးအတွက် မီးပွိုင့်တစ်ခုသို့ရောက်လျှင် သူ့အတွက် စီစဉ်ပေးထားသည့်ခလုတ်ကို နှိပ်လိုက်ရုံဖြင့် မီးနီနေပါက အားချင်းမီးစိမ်းသွားပြီး သွားလာနေသည့်ကားများ အလိုလိုရပ်တန့်ပေးကြရသည်အထိ ဥပဒေပြဋ္ဌာန်းချက်များကို ထည့်သွင်းရေးဆွဲထားရန်လိုအပ်ပြီး အားလုံးလိုက်နာကြရမည်သာဖြစ်သည်။ ယနေ့လက်ရှိ ကျွန်ုပ်တို့နိုင်ငံတွင်မူ ဥပဒေများရှိနေပြီဖြစ်သော်လည်း ပြဋ္ဌာန်းချက်များမှာ ပြည့်စုံလုံလောက်မှုမရှိသေးသလို လူ့အခွင့်အရေးစံနှုန်းများလည်း အပြည့်အဝပါရှိပေးခြင်း မရှိကြသေးချေ။

ဒီမိုကရေစီစနစ် ကျင့်သုံးသည့်နိုင်ငံအများစုတွင် အထူးခြားဆုံး တွေ့ရှိရတတ်သည်မှာ အုပ်ချုပ်သူအစိုးရနှင့် ပြည်သူများအပိုင်းမှ နှစ်ဦး

စာမျက်နှာ 14 သို့

# တကယ်ချစ်ရင် တကယ်လုပ် အဟုတ်ဖြစ်ရမည်

ကိုသောင်း(ပညာရေး)



ဗိုလ်ချုပ်လက်ထက်ရောက်တော့ မြို့ကလူထုကလည်း ကြည်ညိုတာပဲ။ တောက လူငယ် လူကြီးတွေကလည်း ကြည်ညိုတာပဲ။ မြန်မာပြည်မကပင် မဟုတ်ဘဲ မြန်မာနိုင်ငံမှာရှိတဲ့ တိုင်းရင်းသား သွေးချင်းများဖြစ်တဲ့ ချင်း၊ ကချင်၊ ကရင်၊ ရှမ်း အစရှိတဲ့ ဒီတိုင်းရင်းသားတွေဟာ ဗိုလ်ချုပ်ကို ယုံကြည်တယ်။ အားကိုးတယ်။ ကြည်ညိုတယ်ဆိုတာ အထင်အရှား တွေ့ခဲ့တယ်။ အဲဒီတော့ ဗိုလ်ချုပ်ကို တစ်နိုင်ငံလုံးမှာရှိတဲ့ ကလေး လူကြီးပါမကျန် အကုန်လုံး အုံကြွပြီးတော့ အကြည်ညိုခံနေရတယ်ဆိုတာ ကျွန်တော်တို့တစ်သက်မှာ တစ်ခါမှ မတွေ့ဖူးဘူး။

ဗိုလ်ချုပ်ရဲ့အခြေအနေဟာ ဘယ်လောက်အထိ ဖြစ်နေသလဲဆိုရင် ကျွန်တော်တို့ မြန်မာရာဇဝင် နှစ်ပေါင်း နှစ်ထောင်ကျော်လောက်ရှိတဲ့အထဲမှာ ၄ ကြိမ်လောက်သာ ပေါ်ဖူးသေးတယ်။ ဒီလိုပေါ်ဖူးတဲ့ အဖြစ်အပျက်မျိုးဟာ ယခု ဗိုလ်ချုပ်ရဲ့လက်ထက်မှာ လာဖြစ်တယ်။ မြန်မာရာဇဝင်ကို ပြန်ကြည့်လျှင် ဟိုကတစ်မင်း။ ဒီက တစ်မင်း။ ဟိုက တစ်ဗိုလ်။ ဒီက တစ်ဗိုလ်။ ရွာကလေးတစ်ရွာနဲ့ တစ်ရွာလည်း လူစွမ်းကောင်းလုပ်နေတယ်။

ဘယ်တော့မှ တစ်နိုင်ငံလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ရှိခဲ့တာ မဟုတ်ဘူး။ မြန်မာပြည်ကို စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နှင့် လုပ်နိုင်တာ မြန်မာရာဇဝင် ပြန်ကြည့်ရင် အနော်ရထာမင်းစော လက်ထက်မှာ တစ်ကြိမ်၊ ဘုရင့်နောင်လက်ထက်မှာ တစ်ကြိမ်၊ အလောင်းဘုရားလက်ထက်မှာ တစ်ကြိမ်၊ ဆင်ဖြူရှင် လက်ထက်မှာ တစ်ကြိမ်၊ အဲဒီလေးကြိမ်ပဲ **ဗမာ**တစ်နိုင်ငံလုံးကို စည်းစည်းလုံးလုံးနှင့် လုပ်နိုင်တာကိုပဲ ကျွန်တော်တွေ့ရတယ်။

ယခု ဗိုလ်ချုပ်အောင်ဆန်းခေတ်မှာဆိုလျှင် ဒီတစ်ခေတ်လည်း (အရင်) လေးကြိမ်လိုပဲ တစ်နိုင်ငံလုံးမှာ လူကြီးရော ကလေးရော စည်းလုံးအောင် လုပ်သွားနိုင်တယ်ဆိုတာ ကျွန်တော်တို့ တွေ့ရတယ်။

(၁၉၄၆ ခုနှစ် မြန်မာပြည် ဗြိတိသျှလက်မှလွတ်ရန် ကြိုးပမ်းရာတွင် ပထမဆုံး နိုင်ငံရေးပါတီများ စုရုံးညီညွတ်ရန် လူကြီးလူငယ်၊ လက်ဝဲလက်ယာ အားလုံး စုပေါင်းစေပြီး ဖက်ဆစ်ဝါဒ တိုက်ဖျက်ရေးအဖွဲ့ချုပ်ကြီးကို ခိုင်ခိုင်မြဲမြဲ ဖွဲ့စည်းခဲ့ပေသည်။ ထိုသို့ ပါတီအသီးသီး ညီညွတ်ရေးသာမက ဒုတိယလူနည်းစု ရှမ်း၊ ကရင်၊ ချင်း၊ ကချင်၊ မွန် စသော လူမျိုးညီညွတ်ရေးကို အားတိုက်အင်တိုက် စွန့်စားပြန်သည်။ ထိုသို့ ကြိုးစားသည့်အတိုင်း လွတ်လပ်ရေးပန်းတိုင်သို့ ဝင်လာသောအခါ လူနည်းစုများနှင့် လက်တွဲ၍ ဝင်နိုင်ခဲ့ပေသည်။ ထို့ကြောင့် မြန်မာပြည်သမိုင်းတွင် မြန်မာတစ်ပြည်လုံး အမျိုးသားညီညွတ်ရေးကို လက်နက်မဆောင် မသုံးဘဲ ဆောင်ရွက်ခဲ့ရာ 'ကျန်စစ်သားနှင့် ဦးအောင်ဆန်း' တို့လောက် ဘယ်သူမှ ထမြောက်အောင်မြင်ခြင်းမရှိဟု သမိုင်းဆရာများက ဆိုပေသည်။)

**အဲဒီတော့ ကျွန်တော်တို့ ဗိုလ်ချုပ်အပေါ်မှာ တကယ်သစ္စာရှိတယ်၊ တကယ် ကျေးဇူးဆပ်ချင်တယ်၊ တကယ် တိုင်းပြည်လူထုအတွက် လုပ်ချင်တယ်၊ ကျေးဇူးတွေ ပြန်ဆပ်ချင်တယ်ဆိုရင် ကျွန်တော်တို့ရဲ့ရှေ့မှာ လမ်းတစ်လမ်းတည်း ရှိတယ်။**

ယခု ဗိုလ်ချုပ်ဟာ မသမာရန်သူတွေရဲ့ လက်ချက်နဲ့ ကျဆုံးသွားတယ်။ အဲဒီလို ကျဆုံးသွားတာတောင်မှ ဗိုလ်ချုပ်ဟာ တိုင်းပြည်ရဲ့အကျိုးကို ဆောင်ရွက်လျက်ပါပဲဆိုတာ သတိချပ်စေချင်ပါတယ်။ ဘယ်လို တိုင်းပြည်ရဲ့အကျိုးကို ဆောင်ရွက်နေသလဲ ဆိုရင်ဖြင့် ဖဆပလကို အတိုက်အခံလုပ်နေတဲ့လူတွေ၊ အတိုက်အခံလုပ်နေတဲ့ ဂိုဏ်းသားတွေရဲ့ စိတ်ဓာတ်တွေဟာ ဗိုလ်ချုပ် အနိစ္စရောက်သွားတယ်ဆိုတာကို အကြောင်းပြုပြီးတော့ ဗိုလ်ချုပ်အပေါ်မှာ စေတနာ၊ မေတ္တာ ၊ ကရုဏာ သက်လာပြီးတော့ ဗိုလ်ချုပ်အပေါ်မှာ ထားရှိတဲ့ မေတ္တာတွေ ကရုဏာတွေကြောင့် ဗိုလ်ချုပ်ခေါင်းဆောင်သွားတဲ့ ဖဆပလနောက်မှာရှိတဲ့ အင်အားများဟာ ဆထက်ထမ်းပိုး တိုးပြီး များလာတယ်ဆိုတာ ထင်ထင်ရှားရှား တွေ့တဲ့အခါမှာ ဗိုလ်ချုပ် အသက်ရှင်စဉ်ကနေပြီး အသက်သေဆုံးသွားတဲ့အခါတောင်မှ မြန်မာပြည်ရဲ့လူထုအကျိုး တိုင်းပြည်ရဲ့အကျိုးကို ဆောင်ရွက်နေပါသေးတယ်ဆိုတာ ကျွန်တော်တို့ ထင်ထင်ရှားရှား တွေ့ရပါတယ်။

အဲဒီတော့ ကျွန်တော်တို့ ဗိုလ်ချုပ်အပေါ်မှာ တကယ်သစ္စာ ရှိတယ်၊ တကယ် ကျေးဇူးဆပ်ချင်တယ်၊ တကယ် တိုင်းပြည်လူထုအတွက် လုပ်ချင်တယ်၊ ကျေးဇူးတွေ ပြန်ဆပ်ချင်တယ် ဆိုရင် ကျွန်တော်တို့ရဲ့ရှေ့မှာ လမ်းတစ်လမ်းတည်း ရှိတယ်။

ဘာလဲဆိုရင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နှင့် ဗိုလ်ချုပ်ရှိစဉ်အခါကထက် ဆထက်ထမ်းပိုး တိုးပြီး ကျွန်တော်တို့တတွေဟာ ဗိုလ်ချုပ်ချသွားတဲ့ ရည်မှန်းထားတဲ့ လွတ်လပ်တဲ့ သမ္မတမြန်မာနိုင်ငံ ထူထောင်ပြီးတဲ့နောက် နှစ်ပေါင်း တစ်ရာ နှစ်ရာ စသည်ဖြင့် ကျွန်တော်တို့တတွေ ညီညီညွတ်ညွတ်နှင့် ချီတက်သွားကြဖို့ ကျွန်တော် လေးလေးနက်နက် တောင်းပန်ပါတယ်။

ဝန်ခံချက်။ ဝန်ကြီးချုပ် သခင်နု၏ အဆိုမိန့်ခွန်းမှ မူရင်းအရေးအသားများအတိုင်း မှီငြမ်းတင်ပြပါသည်။

မှတ်ချက်။ ဗိုလ်ချုပ်အောင်ဆန်း အသက်ရှိစဉ်ကာလကိုသော်လည်းကောင်း၊ လုပ်ကြံခံရပြီးစ ကာလကိုသော်လည်းကောင်း မသိ မမီလိုက်သော စာရေးသူအပါအဝင် လူကြီး၊ လူလတ်၊ လူရွယ်နှင့် လူငယ်များ သမိုင်းကြောင်း ဖြစ်ရပ်များကို အမှန်အတိုင်း သိရှိနိုင်ကြစေရန် ၊ ၂၁ ရာစုပင်လုံညီလာခံ အောင်မြင်ရေးနှင့် ငြိမ်းချမ်းရေး အမြန်ဆုံးရရှိစေရန် ရည်ရွယ်၍ ရှာဖွေ စုဆောင်း ရေးသား တင်ပြရခြင်း ဖြစ်ပါသည်။

**ကိုသောင်း (ပညာရေး)**

---

**စာမျက်နှာ 13 ရန်ကုန်မြို့တော်အတွက် အကောင်အထည်ဖော်ဖို့လိုနေသေးတဲ့ဥပဒေပါပြဋ္ဌာန်းချက်များ မှအဆက်**

နှစ်ဖက် တရားဥပဒေများကို လေးစားလိုက်နာကြခြင်းပင်ဖြစ်သည်။ အထူးခြားဆုံးအချက်မှာ မြို့ပြစနစ်တည်ဆောက်မှုများတွင် လူ့အခွင့်အရေးကို ဦးစားပေးပြီး ထည့်သွင်းဆောင်ရွက်ကြခြင်းပင်ဖြစ်ပြီး လူတန်းစားညီမျှစွာ မခွဲခြားဘဲ အကောင်အထည်ဖော်ပေးထားခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့်ပင် မြို့တွင်းရှိလမ်းများကို လေ့လာလိုက်လျှင် သာမန်အားဖြင့် ကားလမ်းနှင့် လူသွားလမ်းသည် အကျယ်အဝန်းညီမျှစွာ ရှိနေတတ်ပါသည်။ ဆိုချင်သည်မှာ ကားလမ်း၏အကျယ်သည် ပေ ၄၀ ရှိလျှင် ကားလမ်းတစ်ဖက်တစ်ချက်စီရှိ လူသွားစင်္ကြံများသည် ပေ ၂၀ စီရှိကြသည်။ ထိုပေ ၂၀ စီတွင် လူကောင်းများအတွက် လမ်းသွားရန်နေရာ၊ မျက်မမြင်သူများအတွက်နေရာ၊ မသန်စွမ်းသူများအတွက် ဝှီးချဲလမ်းနှင့် စက်ဘီးစီးသူများအတွက်လမ်းဟူ၍ လေးမျိုးခွဲခြား ဖောက်လုပ်ထားပေးထားကြသည်။ ထိုအချက်များကို လေ့လာကြည့်လျှင် ကားစီးနိုင်သည့်သူများ၊ ကားဖြင့်သွားသည့်သူများနှင့် သာမန်ပြည်သူများ၊ မသန်စွမ်းသူများကို အတန်းအစားမခွဲခြားဘဲ ညီမျှစွာ အခွင့်အရေးပေးထားသည်ကို တွေ့ရှိနိုင်ပြီး မြို့ပြတည်ဆောက်ရေးအတွက် စည်ပင်သာယာရေးဥပဒေနှင့် ဆိုင်ရာဥပဒေများ စတင်ရေးဆွဲစဉ်ကတည်းကပင် ထိုသို့ထည့်သွင်းရေးဆွဲထားကြရခြင်း ဖြစ်သည်။

ဤအချက်များမှာ စိတ်ကူးဖြင့်တင်ပြနေခြင်းမျိုးမဟုတ်ဘဲ အထက်ပါ ဥပဒေများတွင် အဆိုပါပြဋ္ဌာန်းချက်များ အပြည့်အစုံမပါဝင်နေသော်လည်း အချို့ပါဝင်နေပြီး အများစုမှာ လိုအပ်နေသေးကြောင်း လေ့လာကြည့်လျှင် သိနိုင်ပါသည်။ ထိုအရာများမှာမူ ကျွန်ုပ်တို့နိုင်ငံအတွက်မူ ခပ်စိမ်းစိမ်းပင်ဖြစ်နေလင့်ကစား အခြားနိုင်ငံများတွင် လူ့အခွင့်အရေးကိုလေးစားတန်ဖိုးထားပြီး မရှိဆင်းရဲသားပြည်သူများ၊ မသန်စွမ်းသူများအတွက်ပါ အထူးအလေးထားဆောင်ရွက်ပေးထားသည်ကို နိုင်ငံခြား တိုင်းပြည်များသို့ ရောက်ဖူးကြသူတိုင်း သတိထားလေ့လာမိကြမည်ဖြစ်ပေမည်။ ဆိုလိုချင်သည်မှာ ကျွန်ုပ်အထက်တွင်တင်ပြခဲ့သည့် မြို့ပြစနစ်တည်ဆောက်ခြင်းကို ဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း စည်ပင်သာယာရေးအဖွဲ့များနှင့် ဆိုင်ရာဒေသန္တရအုပ်ချုပ်ရေးအာဏာပိုင်များက အကောင်အထည်ဖော်ပေးကြရခြင်းကို ဆိုလိုရင်းဖြစ်ပါသည်။ ထိုနည်းတူစွာပင် ပြည်သူများကလည်း စနစ်တကျသွားလာကြရသည်။ ဤနေရာတွင် ပြောစရာတစ်ချက်ကျန်နေခဲ့သည်မှာ မြို့တွင်းနေရာအတော်များများတွင် မြို့နေလူထုအတွက် အကောင်အထည်ဖော်ပေးကြရမည့် Public area များဖြစ်သည့် အနားယူအပန်းဖြေစရာ ပန်းခြံများ၊ ကစားကွင်းများနှင့် နားခိုစရာကွက်လပ်ငယ်များစွာကိုလည်း ပန်းပေါင်းစုံလင်စွာဖြင့် မျက်စိပသာဒကျအောင် စီစဉ်ဆောင်ရွက်ပေးကြရဦးမည်လည်း ဖြစ်သည့်အပြင် သယ်ယူပို့ဆောင်ရေးစနစ်ကိုလည်း ရိုးစင်းလွယ်ကူပြီး သက်သောင့်သက်သာရှိစေမည့် နည်းလမ်းများကို ပြောင်းလဲကျင့်သုံးရန် လိုအပ်နေပြီဖြစ်ပါသည်။

အချုပ်အားဖြင့်တင်ပြရလျှင် ကျွန်ုပ်တို့နိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးလာနေသည်မှာ ခြောက်နှစ်အတွင်းသို့ပင် ဝင်ရောက်လာခဲ့သည်ကို အားလုံးသိကြပြီးဖြစ်ကြပါမည်။ ဒီမိုကရေစီစနစ်နှင့်အတူ ကျွန်ုပ်အထက်တွင် တင်ပြခဲ့သည့် မြို့ပြစနစ်တည်ဆောက်ခြင်းဆိုင်ရာ ဥပဒေများသည်လည်း ယခင်အစိုးရလက်ထက်တွင် ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်များအတွင်း အသီးသီးဆွေးနွေးပြဋ္ဌာန်းခဲ့ကြပြီးပြီလည်း ဖြစ်ပါသည်။ လိုနေသည်မှာ မြေပြင်တွင် အကောင်အထည်ဖော်ပေးရန်နှင့် အထက်တွင်တင်ပြခဲ့သည့် လိုအပ်ချက်များကို ထပ်မံဖြည့်စွက်ရေးဆွဲပြဋ္ဌာန်းရန်သာဖြစ်ပါသည်။ ထိုသို့သောဥပဒေပါ ပြဋ္ဌာန်းချက်များကို ထပ်မံဖြည့်စွက်ပြဋ္ဌာန်းပြီး လက်တွေ့အကောင်အထည်ဖော် ကျင့်သုံးကြမှသာလျှင် နိုင်ငံ့အဝန်းရှိမြို့များ သန့်ရှင်းသပ်ရပ်လှပလာမည်။ ယာဉ်များမောင်းနှင်မှု၊ လူများသွားလာလှုပ်ရှားမှု ဟန်ချက်ညီလာမည်။ အုပ်ချုပ်သူအစိုးရနှင့် ပြည်သူများအကြား ကိုယ်စီဥပဒေပါပြဋ္ဌာန်းချက်များကို လိုက်နာကြပြီး ဟန်ချက်ညီလာမည်။ မြို့ပြသည် နေချင့်စဖွယ်အတိနှင့်ပြီးနေမည်။ လူ့အခွင့်အရေးစံနှုန်းများနှင့် ပြည့်စုံနေကာ ကျေနပ်နေကြမည်။ သို့မှသာ လူ့ဘောင်လောကကြီးတစ်ခုလုံး သာယာလျက် အစိုးရနှင့် ပြည်သူ မြဲကြည်ဖြူနေနိုင်မည်ဖြစ်ကြောင်း စိတ်ကောင်းစေတနာဖြင့် ရေးသားတင်ပြလိုက်ရပါသည်။

**အောင်ဇေယျ**

# “မဘသနဲ့ မဟန ဆွေးနွေးရင် ပြီးသွားမှာပါ”

## ကရင်ပြည်နယ် မဘသ ဥက္ကဋ္ဌ ဆရာတော်နှင့် တွေ့ဆုံခြင်း

ကျော်စိုးဦး

**မြန်မာနိုင်ငံအတွင်း စိုက်ထူထားသော မဘသဆိုင်းဘုတ်များကို ဇူလိုင်လ ၁၅ ရက်နေ့ အပြီးဖြုတ်သိမ်းရန် မေလ ၂၃ ရက်၌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(မဟန) က ထုတ်ပြန်ခဲ့သည်။ သို့သော် ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတွင် မဘသဆိုင်းဘုတ်များ ဖြုတ်သိမ်းမည်မဟုတ်ကြောင်း သက်ဆိုင်ရာ မဘသအဖွဲ့များက ထုတ်ပြန်ခဲ့သည်။ ယင်းအခြေအနေများကို သိရှိနိုင်စေရန် ကရင်ပြည်နယ် မဘသဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တကဝိဓေ (ဖွဲ့ကပင်ဆရာတော်ကြီး) ကို The Voice သတင်းစာက တွေ့ဆုံမေးမြန်း ဖော်ပြအပ်ပါသည်။**



ဓာတ်ပုံ-ကျော်စိုးဦး

**Voice : ဇူလိုင်လ ၁၅ ရက်နေ့မှာ မဘသ ဆိုင်းဘုတ်တွေကိုဖြုတ်ဖို့နဲ့ မဖြုတ်ရင် အာဏာစက်နဲ့ ဖြေရှင်းမယ်လို့ ကြေညာထားပါတယ်။ အခု ကရင်ပြည်နယ် အခြေအနေ သိပါရစေဘုရား။**

**ဆရာတော် :** ဒီနေ့ အစည်းအဝေးရှိတယ်။ မဟနက မဘသကြောင့် သံဃာတွေ သင်းကွဲတယ်ဆိုပြီး ပြောတယ်။ ကရင်ပြည်နယ်မှာ သံဃာအချင်းချင်း သင်းကွဲမှုလုံးဝမရှိဘူး။ ကရင်ပြည်နယ်မှာက စုစည်းညီညွတ်စွာ မဘသရှိတယ်၊ မဟနရှိတယ်။ လုပ်စရာရှိရင် အတူသွားအတူလုပ် အတူစားကြတယ်။ ဘာပဲလုပ်လုပ် မဟနနဲ့ မဘသ အတူတွဲလုပ်ကြတယ်။ အခြားပြည်နယ်တွေမှာလည်း ဒီလိုပါပဲ။ စည်းလုံးညီညွတ်စွာ လုပ်နေကြတယ်။ မဟန လိုတာ။ မဟန အများကြီးလိုတာပါ။ မဟန လုပ်လို့ ဒီလိုဖြစ်ရတာ။ အမိဋ္ဌာန်ဝင်ရင်း စဉ်းစားတယ်။ မဟနလုပ်တဲ့ လုပ်ထုံးလုပ်နည်းက တစ်ပြည်လုံး စိတ်ဆင်းရဲရအောင်လုပ်တာ။ ကိုယ့်အချင်းချင်းပဲ ပြန်စည်းရုံးရင် ပိုမကောင်းဘူးလား။ သူတို့တွေက ကြေညာတော့ ပိုဆိုးမနေဘူးလား။ မဟနနဲ့မဘသ ပြန်ညှိလိုက်ပြည်သူတွေ စိတ်ချမ်းသာဖို့ပါ။ အခုက သူတို့လုပ်တာတွေက ပြည်သူတွေ ဆင်းရဲဒုက္ခရောက်အောင် လုပ်နေတာ။ မဘသဆိုင်းဘုတ်ကို ကရင်ပြည်နယ်မှာ လာဖြုတ်ခိုင်းတယ်။ တင်းထားတယ် မဖြုတ်ဘူး။ ဘယ်သူဖြုတ်ချင်းလည်း လာဖြုတ်။ ဖြုတ်တဲ့နေ့ ပြဿနာဖြစ်တဲ့နေ့ပဲ။ ပြဿနာဖြစ်ရင် ဘယ်သူလဲ မဟနကြောင့်ဖြစ်တာ။ သူတို့ အမိန့်ကျလို့ ဒီကလုပ်တာလေ။ ဒီပြဿနာက ဘယ်ကလာလဲ မဟနကလာတာ။ ကရင်ပြည်နယ်တို့ဆရာတော်တို့က အေးအေးဆေးဆေးနေတာ။ ဘယ်သူ့ကိုမှ စော်ကားတာလည်း မလုပ်ဘူး။ သူတို့က ဆိုင်းဘုတ်တွေ ဖြုတ်ရမယ်ဆိုတော့ ဆရာတော်တို့ ဘယ်ခံနိုင်မှာလဲ။ ဆိုင်းဘုတ်က လူကိုဘာမှ မလုပ်ဘူး။

**Voice : မဘသကြောင့်သံဃာတွေသင်းကွဲတယ်ဆိုတဲ့အပေါ် ဘာများ မိန့်ကြားလိုပါသလဲ။**

**ဆရာတော် :** ဆရာတော်တို့က စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ပဲ။ ကြေညာထားတယ်။ ဆရာတော်တို့ မဘသအဖွဲ့ကို မတရားအဖွဲ့လို့ ပြောတယ်လေ။ ဗိုလ်ချုပ်နေဝင်း၊ ဗိုလ်ချုပ်စိန်လွင်တို့ လက်ထက်က သူတို့ကို အသိအမှတ်ပြုတယ်။ ဆရာတော်တို့ မဘသကို သမ္မတ(ဟောင်း)ဦးသိန်းစိန်က အသိအမှတ်ပြုခဲ့တာ။ အဲဒါ တရားမဝင်ဘူးလား။ သူတို့က အပေါ်ကနေ အနိုင်ကျင့်ပြီးတော့ ဒီလိုပြောတာက ဒါလုံးဝမကောင်းဘူး။

**Voice : မဘသ ဆိုင်းဘုတ်တွေ မဖြုတ်ခဲ့ရင် အာဏာစက် သုံးတာမျိုးအထိ လုပ်မယ်လို့ တရားဝင် ထုတ်ပြန်ထားတယ်ဘုရား။**

**ဆရာတော် :** ပြည်ထဲရေးက သူတို့ထက် နားလည်တယ်။ ပြည်ထဲရေးကို သူတို့က တာဝန်ချပေးသော်လည်း ပြည်ထဲရေးက ဘာမှလုပ်မှာ မဟုတ်ပါဘူး။ လာလုပ်ရင်လည်း ဘာဖြစ်မယ်ဆိုတာ ဆရာတော်တို့ ကရင်ပြည်နယ်မှာက သိတဲ့အတိုင်းပါ။

> “
> ## ပြည်ထဲရေးက သူတို့ထက် နားလည်တယ်။
> ## ပြည်ထဲရေးကို
> ## သူတို့က တာဝန်ချပေးသော်လည်း
> ## ပြည်ထဲရေးက ဘာမှလုပ်မှာ မဟုတ်ပါဘူး။
> ## လာလုပ်ရင်လည်း ဘာဖြစ်မယ်ဆိုတာ
> ## ဆရာတော်တို့ ကရင်ပြည်နယ်မှာက
> ## သိတဲ့အတိုင်းပါ။
> ”

**Voice : ဆရာတော်ကြီးအနေနဲ့ ကရင်ပြည်နယ်မှာရှိတဲ့ မဘသဆိုင်းဘုတ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့်ပဋိပက္ခအပေါ် မဟန ဆရာတော်ကြီးများထံ ဘာလျှောက်ထားချင်လဲဘုရား။**

**ဆရာတော် :** ပဋိပက္ခမဖြစ်စေချင်ရင် ဘာမှမလုပ်ကြပါနဲ့။ သူတို့မလုပ်ရင် ဆရာတော်တို့ ဘာမှမလုပ်ပါဘူး။ လုပ်တဲ့နေ့က ပြဿနာဖြစ်တဲ့နေ့ပါ။ မဘသကို မထိပါနဲ့။ မဘသက တိုင်းပြည်အတွက် လုပ်နေကြတာပါ။ တိုင်းပြည်နဲ့လူမျိုးအတွက် အကောင်းဆုံး လုပ်နေတာပါ။ ရေဘေး၊ လေဘေး ဘယ်သူတွေသွားလဲ။ ကရင်ပြည်နယ်မှာ အမျိုးဘာသာ သာသနာအတွက် ဆောင်ရွက်နေတာ နှစ်ပေါင်း နှစ်ဆယ်ကျော်နေပါပြီ။ မျိုးစောင့်ဥပဒေကို ပြဋ္ဌာန်းပေးဖို့ နိုင်ငံတော်ကို တောင်းဆိုခဲ့တာ မဘသပါ။ နိုင်ငံတော်သမ္မတ(ဟောင်း)ကြီး ကိုယ်တိုင် လက်မှတ်ရေးထိုးခဲ့တာပါ။ ဆရာတော်တို့ မဘသက အဲဒါဆိုရင် တရားမဝင်ဘူးလား။ တရားမဝင်တဲ့အဖွဲ့လို့ သူတို့က ကြေညာတယ်။ တကယ်တော့ ကျောင်းသားကြီးက ကျောင်းသားငယ်ကို အနိုင်ကျင့်နေတာပါ။ သူတို့က မဟနက ကြာပြီဆိုတော့ မဘသကို အနိုင်ကျင့်တာ။ မြန်မာနိုင်ငံမှာ ရေဘေးကို ဘယ်သူသွားလဲ၊ ဆရာတော် အသက် ခုနစ်ဆယ်ကျော်နေပြီ။ ရှစ်ဆယ်ပြည့်တော့မယ်။ ကိုယ်တိုင်သွားခဲ့တာ။ ပညာရေး၊ ကျန်းမာရေးတွေမှာ မဘသက ကူညီဆောင်ရွက်နေတာ။ ဒါကို သူတို့က တရားမဝင်ပါဘူးလို့ပြောတော့ ဆရာတော်က တော်တော်မကျေနပ်ဘူး။

**Voice : မဘသ ဆိုင်းဘုတ်တွေအပေါ်ငြိမ်းချမ်းစွာ ဖြစ်ပေါ်လာဖို့ ဘယ်လိုဆောင်ရွက်သင့်လဲဘုရား။**

**ဆရာတော် :** တစ်နိုင်ငံလုံး အေးအေးချမ်းချမ်းနဲ့ ဖြစ်ဖို့ဆိုရင် မဘသနဲ့ မဟန ပြန်လည်ဆွေးနွေးကြပါ။ ပြန်ဆွေးနွေးတဲ့အခါ တစ်ယောက်နဲ့တစ်ယောက် အဖြေပေါ်လာတဲ့အခါ တစ်နိုင်ငံလုံး စိတ်ချမ်းသာသွားမှာ။ အခုက တစ်နိုင်ငံလုံး စိတ်မချမ်းသာဘူး။ ဆရာတော်ဖြစ်စေချင်တာက ပြီးတာတွေ ထားလိုက်ပြီးတော့ နောက် အကောင်းဆုံးဖြစ်အောင် တိုင်းပြည်အတွက် လုပ်ကြမယ်။ အကောင်းဆုံးဖြစ်ရင် လက်ခံမယ်။ အကောင်းဆုံး လိုက်လုပ်ပေးမယ်။

**Voice : ကရင်ပြည်နယ်မှာရှိတဲ့ မဘသ ဆိုင်းဘုတ်တွေကို ကရင်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေက ကာကွယ်သွားမယ်လို့ပြောဆိုနေကြတယ်။ ဆရာတော်ကြီးအနေနဲ့ ဘာမိန့်မှာချင်လဲ ဘုရား။**

**ဆရာတော် :** ဒါက သူတို့လုပ်ရင် ပေါ်လာမှာပါ။ ကရင်ပြည်နယ်ကတော့ ကရင်ပြည်နယ် ငြိမ်းချမ်းရေး ပေါ်ပေါက်လာခဲ့တာက အမျိုး ဘာသာ သာသနာအတွက် ဖြစ်တယ်။ အမျိုး ဘာသာ သာသနာထိရင် သူတို့လည်း မခံဘူးလေ။

**Voice : ပြီးခဲ့တဲ့ ရက်ပိုင်းမှာ ကရင်ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးတွေက မဘသ ဆိုင်းဘုတ်တွေ ဖြုတ်ချဖို့ လာရောက်လျှောက်ထားတယ်လို့ သိရတယ်။ အခြေအနေကို သိပါရစေဘုရား။**

**ဆရာတော် :** သူတို့ကိုယ်တိုင် ဆရာတော်ထံ မလာဘူး။ ဆရာတော့် ဒါယကာတွေကို လွှတ်ပြီး ပြောခိုင်းတာ။ ဘာလဲဆိုတော့ ဆိုင်းဘုတ်ဖြုတ်ပေးပါ။ ဆရာတော်က ပြန်ပြောလိုက်တယ် ဆိုင်းဘုတ်ဖြုတ်တဲ့နေ့က တိုင်းပြည်ပျက်တဲ့နေ့လို့ မင်းတို့မှတ်လိုက်ပါ။ ဒီက အမြတ်တနိုးထားတဲ့ဟာကို သူတို့က လာဖျက်မယ်ဆိုတော့ မခံဘူးလေ။ အေးအေးဆေးဆေး နေချင်ရင် ဘာမှ မလုပ်နဲ့လေ။ သဘောက ဒီကြားထဲမှာ ငြိမ်းချမ်းရေး လိုတယ်။ မဘသနဲ့ မဟန ဆွေးနွေးရင် ပြီးသွားမှာပါ။ ■

ကျော်စိုးဦး

# စလစ်တစ်စောင် ကျပ် ၁၀ သိန်းခန့် ဈေးတက်

ရန်ကုန်၊ ဇူလိုင် ၁၆

အမြင့်ဈေးဖြင့် ငြိမ်သက်နေသော စလစ်ဈေး နှုန်းသည် ယခုအပတ်အတွင်း ယာဉ်အိုယာဉ်ဟောင်း အပ်ကားရှားပါးပြီး အရောင်းအဝယ်လိုက်လာခြင်း ကြောင့် နှစ် ၂၀ စလစ်တစ်စောင်လျှင် ကျပ် ၁၀ သိန်းခန့်အထိ ဈေးမြင့်တက်ကြောင်း မော်တော်ယာဉ်ဈေးကွက်အတွင်းမှ သိရသည်။

ထို့ပြင် နှစ် ၂၀ အမည်ပေါက် ဈေးနှုန်းမှာလည်း တစ်စောင်လျှင် ကျပ် ၆ သိန်းခန့်နှင့် နှစ် ၂၀ ကားဟောင်းတစ်စီးလျှင် ကျပ် ၆ သိန်းခန့်ထိမြင့်တက်လာကြောင်း ယင်းဈေးကွက်အတွင်းမှ သိရသည်။

"အရောင်းအဝယ်ကောင်းလာပြီး စလစ်က ရှားနေလို့ ဈေးတက်လာတာပါ။ အခုအပ်ကားတွေကလည်း ကားကောင်းတွေဆိုတော့ မအပ်ကြတော့ ရှားနေတယ်" ဟု စလစ်ဝယ်ရောင်း ဦးမောင်မောင်ဇော်က ပြောဆိုသည်။

လက်ရှိစလစ်ဈေးကွက်အတွင်း နှစ် ၂၀ စလစ် တစ်စောင်လျှင် ကျပ် ၁၀၅ သိန်းခန့်၊ နှစ် ၂၀ အမည်ပေါက် စလစ်တစ်စောင်လျှင် ကျပ် ၁၀၈ သိန်းခန့်နှင့် နှစ် ၂၀ ယာဉ်အိုယာဉ်ဟောင်းတစ်စီးလျှင် ကျပ် ၁၀၁ သိန်းခန့်သို့ရောက်ရှိလာကြောင်း စလစ်ဈေးကွက်အတွင်းမှ သိရသည်။ ■

S-04

## YBS နှင့် ယာဉ်မတော်တဆမှု

ခိုင်ချယ်ရီထွန်း

### "ယာဉ်မောင်းတွေကို ထိုက်သင့်တဲ့လစာနဲ့ မောင်းခိုင်းရင် တိုက်တာမရှိတော့သလို စည်းကမ်းလိုက်နာမှုလည်း ရှိလာမယ်"

ဦးညီညီစိုး (ယာဉ်မောင်း)

ကားက လက်ရှိတက္ကစီကို မောင်းနေတာဆိုပေမယ့် ခရီးသည်တင်ယာဉ်လည်း မောင်းခဲ့ဖူးတယ်။ ပိုင်ရှင်တွေရဲ့ တစ်ရက်ဝင်ငွေ ဘယ်လောက် ရှာပေးရမယ်ဆိုတဲ့ ဖိအားကိုမခံနိုင်လို့ ဆက်မလုပ်တော့တာ။ အခုဆိုရင် ယာဉ်တိုက်မှုတွေက ဆက်တိုက်ပဲ။ ဘာလို့အဲဒီလိုဖြစ်နေတာလဲဆိုတော့ မိသားစုဝင်ငွေကိုလောက်ငအောင် ရှာနေရလို့ပေါ့။ အခေါက်ရေမသတ်မှတ်သင့်ဘူး။ ယာဉ် မောင်းတွေကို ထိုက်သင့်တဲ့လစာနဲ့ မောင်းခိုင်းရင် တိုက်တာမရှိတော့သလို စည်းကမ်းလိုက်နာမှုလည်း ရှိလာမယ်။ တစ်ခုတော့ရှိတယ်။ လိုင်စင်အမှန်သမားကို ခန့်ဖို့လိုတယ်။ ဖြေဆိုတဲ့အခါ စည်းကမ်းလိုက်နာမှုအားကို စစ်ဖို့လိုတယ်။ ■


ဓာတ်ပုံ – ချယ်ရီ

### "အရင်ကတော့ YBS ကို စီးပါတယ်။ အခုတော့ ပိုက်ဆံချွေတာတဲ့အချိန်ကလွဲရင် မစီးရဲတော့ဘူး"

ဦးထက်ညဏ်ထူး (ခရီးသည်)

YBS ယာဉ် မတော်တဆ ဖြစ်နေတာတွေနဲ့ ပတ်သက်ပြီး ကားမကောင်းလို့ဆိုတာမျိုးက ဆင်ခြေတွေပါ။ ကားကို စစ်ဖို့ ယာဉ်မောင်းတိုင်းမှာ၊ ယာဉ်လိုင်းမှာ တာဝန်ရှိပါတယ်။ အဓိကကတော့ မော်တော်ယာဉ်မောင်းပါပဲ။ လက်ရှိမှာ YBS ကို တိုးတက်ဖို့ ကြိုးစားနေတဲ့ ယာဉ်မောင်းတွေလည်း တွေ့ဖူးပါတယ်။ အရင်က တော့ YBS ကို စီးပါတယ်။ အခုတော့ ပိုက်ဆံချွေတာ တဲ့အချိန်ကလွဲရင် မစီးရဲတော့ဘူး။ တစ်နေ့ကဖြစ်သွား တဲ့ အက်ဆီးဒင့်ကိစ္စလိုမျိုးမှာ နိုင်ငံခြားဆို Community Strong ဖြစ်တဲ့အတွက် သက်ဆိုင်ရာကို ဖိအားပေး တယ်။ Rule တွေကို အပြည့်အဝ အသုံးချခွင့်ရှိတယ်။ အခုလို ယာဉ်လိုင်းပိတ်လိုက်တာမျိုးတော့ ကျွန်တော့် အနေနဲ့ သဘောမကျဘူး။ ■


Htet Nyan Htoo(FB)

### "တစ်ခါတလေဆို ဘုရားတောင်တယူရတယ်"

ဒေါ်သဇင်မြင့်ထွန်း (ခရီးသည်)

အခုဖြစ်နေတာက ယာဉ်မောင်းတွေက အရင်တုန်းကလိုပဲ ပြိုင်မောင်းနေတုန်းပဲဆိုတော့ စီးရတာ Safety ဖြစ်တယ်လို့ မခံစားရဘူး။ အဲလိုစိတ်ကြီးက အော်တိုဝင်လာတာ။ တစ်ခါတလေဆို ဘုရားတောင် တယူရတယ်။ ကားမောင်းချက်တွေက တော်တော်ကြမ်းတယ်။ နောက်တစ်ချက်က ကားတွေက အသစ်တွေထက် အဟောင်းတွေများတယ်။ အဲဒီအတွက် ခရီးသည်တွေ အတွက် Safety မဖြစ်ဘူး။ နောက်ပြီး ပြီးခဲ့တဲ့ ယာဉ်မတော်တဆမှုဖြစ်စဉ်ကို ပြန်ကြည့်မယ်ဆို ယာဉ်မောင်းတွေက တာဝန်ယူမှုမရှိသလို အစိုးရပိုင်းကလည်း ထိထိ ရောက်ရောက် ဖြေရှင်းပေးတာမျိုးမရှိဘူး။ အဲဒီလိုတွေကို ခရီးသည်တစ်ယောက်အနေနဲ့ သဘောမကျဘူး။ ■


Thazin Myint Tun(FB)

## လတ်တလောဖြစ်ပေါ်နေသော မော်တော်ယာဉ်ဈေးနှုန်းများ

| No. | Vehicle Name | Model Year | Price – Kyats(Lakh) |
|---|---|---|---|
| 1 | Honda Fit | 2011-12 | 180 |
| 2 | Probox | 2011-12 | 130 to 160 |
| 3 | Mazda Demio | 2010-11 | 160 |
| 4 | Alphard | 2006 | 650 |
| 5 | Crown Athlete | 2004 | 450-500 |
| 6 | Toyota Ractis | 2010-11 | 170 |
| 7 | Suzuki Swift | 2010-11 | Over 150 |
| 8 | Hijet | 2006-11 | 100-130 |
| 9 | Royal Saloon | 2004-05 | 450 - 500 |
| 10 | Toyota Wish | 2003-04 | Over 250 |
| 11 | Mark 2(ရွှေငါး) | 2003 | 240 to 250 |
| 12 | Toyota Vitz | 2011-12 | 160 |
| 13 | Kluger | 2003-04 | Over 330 |
| 14 | Tiger(Double Cab) | 2003 | 270 |
| 15 | Mitsubishi RVR | 2015 | About 700 |

မော်တော်ယာဉ်အခြေအနေအပေါ်မူတည်၍ ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## Jokes

### ကားအတု မရောင်းလို့ပါ

အမေရိကန်စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ၎င်း၏မိတ်ဆွေကို ပြောပြသည်။

"မိန်းမကို မနေ့က မွေးနေ့လက်ဆောင်အဖြစ်နဲ့ စိန်ဘယက်တစ်ကုံး ပေးလိုက်တယ်"

"ဒါနဲ့ ကျုပ်သိရသလောက် ခင်ဗျားဇနီးက ကားအသစ်တစ်စီး လိုချင်တာ မဟုတ်လားဗျ"

"ကားအတုရောင်းတာ ခင်ဗျား မြင်ဖူးလို့လားဗျာ" ■

### သတိပေးခံထားရပြီ

"မနေ့က ညဉ့်နက်အထိ အိမ်မပြန်ဘဲ ကားလျှောက်မောင်းနေတော့ ခင်ဗျားမိန်းမ မဆူဘူးလား"

"မပြောပါနဲ့တော့ကွာ။ ကျောင်းဆရာမကို ယူထားမိတဲ့လူတွေရဲ့ဒုက္ခပဲ ဆိုပါတော့။ ငါလည်း အိမ်ထဲကိုရောက်ရော။ သူက ဗလာစာအုပ်တစ်အုပ်ထုတ်ပြီး 'ကျွန်တော်သည် ဆယ်နာရီထက် နောက်မကျဘဲ အိမ်ပြန်ရောက်ပါမည်' ဆိုတဲ့စာကြောင်းကို အကြိမ်တစ်ရာ ရေးခိုင်းပါလေရောလား" ■

### ယောက္ခမကြီးရဲ့စကား

ကားစုတ်ကြီးကို တွန်းနေသည့် ဖိတာကို အိမ်နီးနားချင်းများက ဝိုင်းမေးကြသည်။

"ဟေ့လူ။ အဲ့ကားစုတ်ကြီးကို ဘာလုပ်ဖို့ တွန်းနေတာလဲ"

"အမှိုက်ပုံမှာ သွားပစ်မလို့"

"ဘာဖြစ်လို့တုံးဗျ"

"ဒီကားစုတ်ကို လွှင့်ပစ်ရဲ လွှင့်ပစ်ကြည့်စမ်း။ ငါ့ကိုယ်ငါ သတ်သေပစ်လိုက်မယ်လို့ ယောက္ခမကြီးက ပြောနေလို့ဗျ" ■ E-11

The Voice Daily
လပေးမှာယူဖတ်ရှုသည့်
စာဖတ်ပရိသတ်များ
အဆင်မပြေမှုများရှိပါက
ဆက်သွယ်ရန် - ၀၉ ၇၈ ၅၅၅၅ ၇၇၃ (Hot Line)၊
မန္တလေး - ၀၉ ၇၇၂၂၂၉၀၇၁
နံနက်၉း၃၀မှ ညနေ ၅း၃၀ နာရီအထိသာ

# Check Engine မီးလင်းလာရခြင်းရဲ့ အကြောင်းအရင်းအချို့

ကိုသက်လင်းဦး

**ကားကွန်ပျူတာစနစ်ကိုယ်တိုင် မဖြေရှင်းနိုင်တဲ့ ပြစ်ချက်တစ်ခုခုဖြစ်ပေါ်လာရင် Check Engine သင်္ကေတ လင်းလာတတ်ပါတယ်။ ပြစ်ချက်ကိုသိစေဖို့ အထူးပြုလုပ်ထားတဲ့ Scanner နဲ့ စစ်ဆေးရမှာဖြစ်ပြီး ကျွမ်းကျင်တဲ့မက္ကင်းနစ်နဲ့ပြသရင် အကောင်းဆုံးဖြစ်ပါတယ်။ အဲဒီလိုသင်္ကေတတွေမပြခင် Check Engine မီးလင်းလာရခြင်းရဲ့ အကြောင်းအရင်းအချို့ကို စာဖတ်ပရိသတ်ကြီးအတွက် လေ့လာမှတ်သားနိုင်အောင် တင်ပြပေးလိုက်ပါရစေ။**


carfromjapan.com

### Airflow Sensor ချို့ယွင်းခြင်း

ဒီလို ချို့ယွင်းရခြင်းရဲ့ အကြောင်းအရင်းက ညစ်ပတ်ပိတ်ဆို့နေတဲ့ Air Filter ကြောင့် ဖြစ်နိုင်သလို Air Filter တပ်ဆင်ရာမှာ ပုံစံမကျတာကြောင့်လည်း ဖြစ်နိုင်ပါတယ်။ Air Filter ကို တစ်နှစ်တစ်ခါ အသစ်လဲဖို့ လိုအပ်ပါတယ်။ မပြင်လို့ရှိရင် ကားရဲ့ဆီစားနှုန်း မြင့်မားလာတာတွေ ဆိုးရွားတဲ့ထိခိုက်မှုက ကားမောင်းနေရင်း မကြာခဏထိုးရပ်သွားတာတွေ ဖြစ်တတ်ပါတယ်။

### Oxygen Sensor ချို့ယွင်းခြင်း

ဒီချို့ယွင်းခြင်း အကြောင်းအရင်းကတော့ Oxygen Sensor ပေါ်မှာ အညစ်အကြေး၊ ဆီနဲ့ ဖုန်မှုန့်တွေထူထဲစွာ ကပ်ငြိနေခြင်းကြောင့် ဖြစ်ပါတယ်။ မပြင်ဆင်ရင် ညစ်ပေနေတဲ့ Oxygen Sensor ကြောင့် ဆီစားနှုန်းမြင့်တက်လာနိုင်တဲ့အပြင် မီးခိုးအူတာတွေ၊ Catalytic Converter ပျက်စီးတာတွေလည်း ဖြစ်လာနိုင်ပါတယ်။

### Catalytic Converter ချို့ယွင်းခြင်း

ဒီလိုချို့ယွင်းရခြင်း အကြောင်းရင်းမှာ သတ်မှတ်ထားတဲ့ အချိန်အပိုင်းအခြားအလိုက် Catalytic Converter ကို Service ပြုလုပ်ထိန်းသိမ်းဖို့ ပျက်ကွက်တာကြောင့် ဖြစ်နိုင်ပါတယ်။ မပြင်ဆင်ဘဲ ထားမယ်ဆိုရင်တော့ အင်ဂျင်ကထွက်တဲ့ အိတ်ဇောငွေ့ကို ကာဗွန်မိုနောက်ဆိုက်အဖြစ် မပြောင်းလဲနိုင်တော့တဲ့အပြင် ဆီစားနှုန်းလည်း ပိုများလာနိုင်ပါတယ်။

### ဆီတိုင်ကီ မလုံခြင်း

ဒီလိုဖြစ်ရတဲ့အကြောင်းရင်းကတော့ ဆီတိုင်ကီအဖုံးကို ကျနစွာမပိတ်တာ၊ အဖုံးပေါ်မှာ အက်ရာရှိနေတာတွေကြောင့် ဖြစ်နိုင်ပါတယ်။ မပြင်ဆင်ဘဲ ဒီအတိုင်းထားမယ်ဆိုရင်တော့ ဆီတိုင်ကီထဲက လောင်စာငွေ့တွေ အပြင်ကိုရောက်ပြီး ပတ်ဝန်းကျင်ကို ညစ်ညမ်းစေနိုင်တဲ့အပြင် လောင်စာဆီလေလွင့်မှုတွေ ဖြစ်နိုင်ပါတယ်။

### မီးဖောက်ပလပ်များ ချို့ယွင်းခြင်း

ဒီအကြောင်းအရင်းကတော့ မီးဖောက်ပလပ်တွေ ချို့ယွင်းနေတာကြောင့် ဖြစ်ပါတယ်။ ပလပ်တွေကို ကားသစ်တွေမှာ မိုင်တစ်သိန်းအထိမောင်းပြီးတိုင်း၊ ကားဟောင်းတွေအတွက် မိုင်နှစ်သောင်းခွဲကနေ သုံးသောင်းအထိ မောင်းပြီးတိုင်း အသစ်လဲလှယ်သင့်ပါတယ်။ မပြင်ဆင်ဘဲ ဒီအတိုင်းဆက်မောင်းနေမယ်ဆိုရင် အရှိန်မြှင့်ဖို့ လီဗာကိုနင်းတဲ့အခါ ကားက ဆောင့်ဆောင့်နေတတ်တာတို့၊ ဆီစားနှုန်းနည်းနည်းများလာတာတို့ ဖြစ်နိုင်ပါတယ်။

### ပိုက်လိုင်းနဲ့ လေအဝင်စနစ် မလုံခြင်း

ဒီလိုပိုက်လိုင်းနဲ့လေအဝင်စနစ်မလုံရတဲ့အကြောင်းရင်းမှာ ဟောင်းနွမ်းဆွေးမြည့်နေတဲ့ ပိုက်လိုင်း၊ အဆက်တွေ ဒါမှမဟုတ် ဆီလေနှောအခန်းမလုံတာတွေကြောင့် ဖြစ်သလို ကားအသုံးပြုတဲ့သက်တမ်း ရင့်လာရင်လည်း ကြုံရတတ်ပါတယ်။ မပြင်ဆင်ဘဲထားရင် ကားရဲ့စွမ်းဆောင်ရည် ကျဆင်းလာနိုင်တဲ့အပြင် ဆီစားနှုန်းလည်း မြင့်တက်လာနိုင်ပါတယ်။ အခြေအနေဆိုးရင် အင်ဂျင်ပျက်စီးတဲ့အထိ ဖြစ်လာနိုင်ပါတယ်။ ■

ကိုသက်လင်းဦး

## Radiator



ဓာတ်ပုံ – ဟိန်းမြတ်စိုး

ဒီပစ္စည်းလေးက အင်ဂျင် Heat တက်တာကို ထိန်းသိမ်းနိုင်ပြီး OEM(Original equipment manufacture) တွေပျက်စီးတာကို ကာကွယ်နိုင်တဲ့အပြင် Coolant အသုံးပြုမှု ရပ်သွားတာမျိုးနဲ့ ဆုံးရှုံးသွားစေတာမျိုးတွေကို အကာအကွယ်ပေးနိုင်တဲ့ ဆေးလေးဖြစ်ပါတယ်။ ဒီဆေးလေးကို သုံးမယ်ဆိုရင် ရေတိုင်ကီထဲကရေတွေကိုရေအသစ်အဖြစ် အစားမထိုးခင်အချိန်မှာ ထည့်သွင်းအသုံးပြုနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရေတိုင်ကီထဲက ချေးတွေကို သန့်ရှင်းသွားစေနိုင်တဲ့ အာနိသင်လည်း ပါဝင်တာကြောင့်ပါ။ အသုံးပြုပုံကတော့ ရေတိုင်ကီထဲကို ထည့်သွင်းပေးလိုက်ရုံပါပဲ။ တစ်ထုပ်ကို ၁၀ ဂရမ်ပါဝင်ပြီး တစ်ထုပ်ကို တစ်ကြိမ်ခန့်သာ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ တစ်ထုပ်ကို ၅၀၀၀ ကျပ်ကျသင့်မှာဖြစ်ပါတယ်။ ဒီပစ္စည်းလေးကို ဆက်သွယ်ဝယ်ယူချင်တယ်ဆိုရင်တော့ ရန်ကုန်မြို့ အင်းစိန်မြို့နယ်၊ အရှေ့ရွာမရပ်ကွက်၊ သီရိမင်္ဂလာလမ်းမကြီးပေါ်မှာရှိတဲ့ Desire Autoworks (ဂျပန်လမ်းဆိုင်ခွဲ) သို့ဖြစ်စေ၊ ဖုန်းနံပါတ် ၀၉ ၄၂၀၀၁ ၂၃၅၉ သို့ဖြစ်စေ ဆက်သွယ်ဝယ်ယူနိုင်ပါတယ်။

■ S-04

## Bactakleen


ဓာတ်ပုံ – ဟိန်းမြတ်စိုး

မိုးရာသီဖြစ်တဲ့အတွက် ကားအတွင်းခန်း စိုစွတ်မှုလွန်ကဲခြင်းဒဏ်ကို ဖြစ်ပေါ်စေနိုင်ပါတယ်။ ဒီလို စိုစွတ်မှုကြောင့် ကားအတွင်းခန်းထဲမှာ မမြင်နိုင်တဲ့ပိုးမွှားတွေ ပိုမိုပေါက်ဖွားနိုင်သလို Air-Con လေစစ်မှာလည်း မှိုတွေစွဲနေတတ်ပါတယ်။ ဒီလိုကားအတွင်းမှာ စွဲနေတဲ့ ရောဂါပိုးမွှားတွေ၊ မှိုတွေကို ရှူရှိုက်မိရင် မောင်နှင်စီးနင်းသူတွေကို ရောဂါတွေဝင်လာစေနိုင်ပါတယ်။ ဒီလိုရောဂါတွေမဖြစ်ရအောင် ကာကွယ်ဖို့ Bactakleen လို့ခေါ်တဲ့ ငွေ့ရည်မှုတ်တဲ့ (Fumigation) ဘူးလေးကို ဆောင်ထားလိုက်ပါ။ ဒီဆေးရည်ကို အသုံးပြုမယ်ဆိုရင် ဗက်တီးရီးယားတွေနဲ့ မှိုလိုကျန်းမာရေးကို ထိခိုက်နိုင်မယ့် ပိုးမွှားတွေကို သေစေနိုင်တဲ့အပြင် တုပ်ကွေး၊ H1N1၊ SARS နဲ့ အဖျားပိုးတွေလို ရောဂါတွေပျံ့နှံ့မှုကိုလည်း လျှော့ချပေးနိုင်တဲ့အပြင် အခြားအကျိုးကျေးဇူးတွေလည်း ရရှိနိုင်ပါတယ်။ ဒီဆေးဘူးလေးက ကားတွင်းမှာသာမက အိမ်၊ ရုံးနဲ့အိမ်သာအတွင်းထဲမှာလည်း အသုံးပြုနိုင်ပါတယ်။ ဒီဆေးဘူးလေးတစ်ဘူးကိုကျပ် ၁၀၀၀၀ ကျပ်သင့်မှာဖြစ်ပါတယ်။ ဆက်သွယ်ဝယ်ယူလိုတယ်ဆိုရင်တော့ အမှတ် ၆၃ (က)၊ အင်းစိန်မြို့နယ်၊ အရှေ့ရွာမရပ်ကွက်၊ သီရိမင်္ဂလာလမ်းပေါ်မှာရှိတဲ့ Desire Autoworks (ဂျပန်လမ်းဆိုင်ခွဲ) ကိုပဲဖြစ်ဖြစ်၊ ဖုန်းနံပါတ် ၀၉၄ ၂၀၀၁ ၂၃၅၉၊ ၀၉ ၂၅၂ ၇၆၄၇၆၊ ၀၉ ၂၅၂ ၇၆၄၇၇ ကိုပဲဖြစ်ဖြစ် ဆက်သွယ်ဝယ်ယူနိုင်ပါတယ်။

■ S-04

# Celebrities' Choice

# "Mark X က ဟိုင်းဝေးမောင်းရတာ ကောင်းတယ်"

## သရုပ်ဆောင် ပွင့်နဒီမောင်နှင့် တွေ့ဆုံခြင်း

ခိုင်ချယ်ရီထွန်း

**ဒီတစ်ပတ်ရဲ့ Celebrities' Choice ကဏ္ဍအတွက် ရုပ်ရှင်နဲ့ ဗီဒီယိုသရုပ်ဆောင် ပွင့်နဒီမောင်နဲ့တွေ့ဆုံပြီး သူလက်ရှိစီးနေတဲ့ ကားအမျိုးအစား အကြောင်းလေးတွေကို ဖော်ပြပေးလိုက်ပါတယ်။**

**Voice** ။ **အခု ဘာကားလေး စီးနေလဲ။**

**PNDM** ။ အခု Harrier နဲ့ Mark X လေး စီးနေပါတယ်။

**Voice** ။ **ဒီကားတွေ ဝယ်ထားတာရော ကြာပြီလား။**

**PNDM** ။ ဝယ်ထားတာက ကြာပြီ။ ဒီကားတွေက ကိုယ်တိုင်သွင်းထားတာပါ။

**Voice** ။ **ကားနှစ်စီးလုံးကို စီးနေတယ်ဆိုတော့ အဲဒီကားနှစ်စီးရဲ့ ကွာခြားချက်တွေက ဘာတွေရှိတယ်လို့ မြင်လဲ။**

**PNDM** ။ ပိုးအိကတော့ Toyota Mark X ကို ပိုကြိုက်တယ်။ မောင်းရတာလည်း ပိုပြီးတော့ကောင်းတယ်။ အရမ်းအမြန်မောင်းလို့ရတယ်။ အဲဒီစီးရီးထဲက ဟာတွေ ပိုကြိုက်တယ်။ Harrier ကတော့ ပစ္စည်းထည့်တာ ဆံ့တာတစ်ခုကလွဲလို့ သိပ်မကြိုက်ဘူး။ သူ့ကို မကြိုက်တာက ဆီစားလို့။

**Voice** ။ **Mark X မှာ အားနည်းချက်တာတွေရှိလဲ။**

**PNDM** ။ အဲဒီမှာကျ အားနည်းချက် သိပ်ရှိတယ်လို့ မမြင်ဘူး။

**Voice** ။ **လက်ရှိစီးနေတဲ့ ကားနှစ်စီးလုံးကို ကိုယ်တိုင်ပဲမောင်းတာလား။**

**PNDM** ။ ကိုယ်တိုင်ပဲ မောင်းတာများပါတယ်။

**Voice** ။ **ကိုယ်တိုင်မောင်းတယ်ဆိုတော့ မြို့တွင်းနဲ့ ဟိုင်းဝေးမောင်းရတာ ဘယ်လိုကွာလဲ။**

**PNDM** ။ Mark X က ဟိုင်းဝေးမောင်းရတာ ကောင်းတယ်။ Harrier က ဆီလည်းစားတယ်။ ဟိုင်းဝေးလည်း မောင်းလို့မကောင်းဘူး။

**Voice** ။ **ဒီကားတွေအပြင် တခြားဘာကားအမျိုးအစားတွေကို သဘောကျမိသေးလဲ။**

**PNDM** ။ ပိုးအိ အခုစီးနေတဲ့ ကားနှစ်စီးထဲမှာဆိုရင်တော့ Mark X ကိုကြိုက်တာပေါ့နော်။ တခြားကားတွေကျ မစီးဖူးတော့ ပိုးအိ သေချာမပြောတတ်ဘူး။

**Voice** ။ **ကားနဲ့ပတ်သက်ပြီးတော့ရော အမှတ်တရတွေ ရှိခဲ့ဖူးလား။**

**PNDM** ။ အဲလိုကြီးတော့မရှိဘူး။ ကားကလည်း ခဏခဏလမ်းကို ဝင်တိုက်တာရှိတယ်။ ပိုးအိရဲ့ကားတွေက ပိုးအိလက်ထဲကို မရောက်ခင်ကတော့ သစ်ပြီးသန့်စင်တောက်ပြောင်နေတာပဲ။ ပိုးအိလက်ထဲရောက်သွားရင် တော်တော်လေး စုတ်ပြတ်သွားတယ်။ ပိုးအိက ကားကို ကားလိုစီးတာ။ သိပ်လည်း သမနေဘူး။ တော်တော်ကြီးညစ်ပတ်မှ တစ်ခေါက်လောက် ရေဆေးဖြစ်တာ။ သူများတွေဆို မိန်းကလေးစီးတဲ့ကားဆို သန့်သန့်ရှင်းရှင်းလေးထားတယ်။ ပိုးအိက အဲလိုမဟုတ်ဘူး။ ချိုင့်တွေ ဘာတွေဆိုလည်း မရှောင်ဘူး။ ပိုးအိကားတွေ အကုန်လုံးက အကြမ်းခံတယ်လို့ပြောလို့ရတယ်။ ဒီလောက်ထိခံတယ်ဆိုပြီး တန်တယ်လို့ ပြောလို့ရတယ်။ ပိုးအိဆီကနေ ဝယ်တဲ့သူကတော့ စိတ်ညစ်သွားမှာပဲ။ ■ ခိုင်ချယ်ရီထွန်း



PNDM(FB)

# G U I D E

## Mitsubishi ASX

**Model - 2016**

**အင်ဂျင်ပါဝါ - ၂၀၀၀ စီစီ**

**အာမခံ- သုံးနှစ် (သို့မဟုတ်) ကီလိုတစ်သိန်း**

**လောင်စာဆီအမျိုးအစား - ဓာတ်ဆီ**

**ဈေးနှုန်း- အမေရိကန်ဒေါ်လာ ၄၃,၉၀၀**

Mitsubishi ကနေ RVR (သို့မဟုတ်) ASX ကားလေးတွေကို ၁၉၉၁ ခုနှစ်ကနေ စတင်ထုတ်လုပ်ခဲ့တာဖြစ်ပါတယ်။ ၁၉၉၁ ကနေ ၉၇ ထိကို ပထမဆုံးမျိုးဆက်အနေနဲ့ ထုတ်လုပ်ခဲ့ပါတယ်။ ဒုတိယမျိုးဆက်ကိုတော့ ၁၉၉၇ ကနေ ၂၀၀၂ ထိ ထုတ်လုပ်ခဲ့ပါတယ်။ တတိယမျိုးဆက်ကိုတော့ ၂၀၁၀ ကျမှ ပြန်လည်ထုတ်လုပ်ခဲ့ပြီး အခုရောက်ရှိနှစ်အထိ ထုတ်လုပ်ထားပါတယ်။ Mitsubishi ASX ဆိုတဲ့ ဒီကားလေးက မြန်မာပြည်သူတို့အကြိုက်များတဲ့ RVR နဲ့ အတူတူပါပဲ။ ဘယ်လိုကြောင့် ဒီလိုနာမည်ကွဲသွားရတယ်ဆိုတာကတော့ RVR ကို ဂျပန်ပြည်တွင်းသီးသန့်အနေနဲ့သာ ထုတ်လုပ်တာဖြစ်ပြီး ASX ကိုတော့ နိုင်ငံတကာကို ဖြန့်ချိရောင်းချတာ ဖြစ်ပါတယ်။

RVR ကို ဂျပန်ပြည်တွင်းပဲ ဖြန့်တာကြောင့် ညာမောင်းပဲ ထုတ်တာဖြစ်တဲ့အတွက် ၂၀၁၅၊ ၁၆၊ ၁၇ မော်ဒယ်လ်တွေကို မြန်မာနိုင်ငံကို တင်သွင်းလို့မရပါဘူး။ ASX ကတော့ နိုင်ငံတိုင်းကိုဖြန့်တာဖြစ်တဲ့အတွက် နိုင်ငံအလိုက် မောင်းနှင်တဲ့ဘက်အလိုက် ရနိုင်တာဖြစ်တာကြောင့် ဘယ်မောင်းလည်းထုတ်တော့ မြန်မာနိုင်ငံရဲ့ မော်တော်ယာဉ်မူဝါဒနဲ့ တင်သွင်းရောင်းချလို့ရပါတယ်။



ဓာတ်ပုံ – ဟိန်းမြတ်စိုး

ပြီးတော့ ဒီ ASX ကားတွေကို နိုင်ငံအလိုက် ကိုက်ညီအောင် ထုတ်လုပ်ပေးထားတာဖြစ်တဲ့အတွက် ထူးခြားချက်အနေနဲ့ မြန်မာနိုင်ငံရဲ့ ဆီအရည်အသွေးနဲ့ ကိုက်ညီအောင် ထုတ်လုပ်ပေးထားတဲ့အတွက် ဆီမသန့်ခြင်းကြောင့် ဖြစ်ပေါ်လေ့ရှိတဲ့ ပန့်တွေမှာဖြစ်တတ်တဲ့ ပြဿနာတွေနဲ့ အခြားပြဿနာတွေကို မဖြစ်ပေါ်စေပါဘူး။ မြန်မာနိုင်ငံမှာ တစ်ဦးတည်းကိုယ်စားလှယ်အနေနဲ့ Mitsubishi ကားအရောင်းပြခန်းနဲ့ Service Center လည်း ရှိတဲ့အတွက် ပြင်ဆင်ထိန်းသိမ်းမှုနဲ့ အပိုပစ္စည်းတွေအတွက် စိတ်မပူရပါဘူး။ ဒါပေမဲ့ တစ်ခုရှိတာက ဒီကားလေးရဲ့ ဈေးတန်းပါ။ Brand New ခြင်းအတူတူ၊ ဈေးတန်းချင်းအတူတူဆိုရင်တော့ မြန်မာသုံးစွဲသူအများစုက သူနဲ့အမျိုးအစားတူတဲ့ ကားအချို့ကို ရွေးချယ်ဝယ်ယူသွားနိုင်တယ်လို့ ကားဝယ်ရောင်းတွေက မှတ်ချက်ပေးပါတယ်။

ဒီကားလေးရဲ့ နောက်ထပ်အခွင့်အရေးတစ်ခုကတော့ ရန်ကုန်မြို့ လှိုင်မြို့နယ်၊ သုဝိန်ရိပ်မွန်အိမ်ရာ၊ ဘုရင့်နောင်လမ်းနဲ့ ရွာမကျောင်းလမ်းထောင့်မှာရှိတဲ့ Mitsubishi Showroom မှာဝယ်မယ်ဆိုရင် နယ်လိုင်စင်အပြင် ရန်ကုန်လိုင်စင်နဲ့ပါ ရရှိနိုင်မှာဖြစ်ပါတယ်။ နယ်လိုင်စင်ဆိုရင် အမေရိကန်ဒေါ်လာ ၄၀၀၀၀ နဲ့ ရန်ကုန်လိုင်စင်ဆိုရင်တော့ အမေရိကန်ဒေါ်လာ ၄၃၉၀၀ ကျသင့်မှာပါ။ ■ S-04

# ခြင်ကိုခြင်ဖြင့် နှိမ်နင်းမည့် နည်းပညာတီထွင်

ဝါရှင်တန်၊ ဇူလိုင် ၁၆

ခြင်ကို ခြင်ဖြင့် ပြန်လည်နှိမ်နင်းမည့် နည်းပညာသစ်ကို အမေရိကန်ပြည်ထောင်စုတွင် စတင်စမ်းသပ်မည်ဖြစ်ပြီး လာမည့် နွေရာသီတွင် ဗက်တီးရီးယားများ ထည့်သွင်းထားသည့် ခြင်ကောင်ရေ သန်း ၂၀ ကို လွှတ်ပေးတော့မည်ဖြစ်ကြောင်း AP သတင်းတွင် ဖော်ပြထားသည်။

ခြင်ကိုခြင်နှင့်ပြန်တိုက်မည့် အစီအစဉ်ကို Alphabet ကုမ္ပဏီက စီစဉ်နေခြင်းဖြစ်ပြီး ဗက်တီးရီးယားများ ထည့်သွင်းထားသည့် ခြင်ထီးများကို လွှတ်ပေးလိုက်ကာ ခြင်မများကို မိတ်လိုက်စေခြင်းဖြင့် မျိုးမပွားနိုင်တော့သည့် အနေအထားမျိုး ရောက်သွားစေရန် ပြုလုပ်မည့်နည်းပညာဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

ခြင်ထီးများသည် လူတို့ကို အန္တရာယ်ပြုနိုင်စွမ်းမရှိဘဲ သူတို့ထဲတွင် ထည့်သွင်းပေးထားသည့် ဗက်တီး ရီးယားများက ခြင်မများကို ရောဂါပိုးကူးစက်သွားစေရန် လုပ်ပေးလိုက်ခြင်းဖြင့် ခြင်မျိုးများ ပျက်သုဉ်းသွားစေရန် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်သည်။

ယခုပစ်မှတ်ထားကာ တိုက်ခိုက်မည့်ခြင်အမျိုးအစားများမှာ Aedes Aegypti ခြင်အမျိုးအစား များဖြစ်ပြီး ထိုခြင်မျိုးများသည် ဇီကာ၊ ငှက်ဖျား၊ အသား ဝါဖြစ်စေသည့် ရောဂါပိုးများကို ပြန့်ပွားစေနိုင်သောကြောင့် ထိုခြင်များကို အဓိက ဦးတည်ကာ တိုက်ခြင်းဖြစ်သည်။

ယင်းခြင်မျိုးများသည် ၂၀၁၃ ခုနှစ်ကစတင်ပြီး ကာလီဖိုးနီးယား၊ အလယ်ပိုင်းတောင်ကြားကို ပထမဆုံး ရောက်လာပြီး ရောဂါပိုးများကို စတင်ဖြန့်နေခြင်းဖြစ်သည်။

၂၀၁၅ ခုနှစ်ကစတင်ပြီး Alphabet ကုမ္ပဏီသည်ကျန်းမာရေး ပရောဂျက်တစ်ခုအနေနှင့် လုပ်ကိုင်လျက်ရှိရာ စင်ကာပူနိုင်ငံ Temasek Holdings ကုမ္ပဏီက ဒေါ်လာ သန်း ၈၀၀ မတည်ပေးထားသည်။

Verily အဖွဲ့က လွှတ်မည့်ခြင်များတွင် Wolbachia ဆိုသည့် ဗက်တီးရီးယားများကို ပထမ ဆုံးကူးစက်စေရန် လုပ်ထားပြီး ထိုခြင်များက ခြင်ရိုင်းမများကို မိတ်လိုက်သည်နှင့် မျိုးဥများကို မပေါက်ပွား နိုင်ဘဲ မြုသွားစေပြီး နောက်ပိုင်းတွင် ခြင်လည်း မျိုးသုဉ်းသွားမည်ဖြစ်သည်။

ခြင်များကို လွှတ်ပေးပြီး ခြင်နှိမ်နင်းရေး လုပ်ငန်းများကို ဘီလ်ဂိတ်နှင့်ဇနီးတို့ ထူထောင်ထားသည့် ဖောင်ဒေးရှင်းကလည်း လွန်ခဲ့သော ဆယ်နှစ်ခန့်လောက်ကတည်းက အင်ဒိုနီးရှားနှင့် ဘရာဇီးနိုင်ငံများတွင် လုပ်ဆောင်ခဲ့ပြီးဖြစ်သည်။ ■ E01



AP

# စက်ရုပ် ထုတ်လုပ်ရေးလုပ်ငန်းများ
# ဗီယက်နမ်တွင်ထူထောင်ရန် ပြင်ဆင်

ဟိုချီမင်း၊ ဇူလိုင် ၁၆

ဗီယက်နမ်နိုင်ငံတွင် စက်ရုပ်များထုတ်လုပ်နိုင်ရေးအတွက နိုင်ငံခြားစက်ရုပ်ကုမ္ပဏီတစ်ခုတွင် နှစ်ပေါင်းများစွာ အလုပ်လုပ်ခဲ့သူ ထရောင်ထရွှန်တွိုင် ဆိုသူသည် ဗီယက်နမ်နိုင်ငံသို့ပြန်လာပြီး စက်ရုပ်ကုမ္ပဏီတစ်ခုကို ထူထောင်ခဲ့ကြောင်း Vietnam.net သတင်းတွင် ဖော်ပြထားသည်။

ထရွှန်တွိုင်သည် ဟိုချီမင်း နည်းပညာတက္ကသိုလ်က ဘွဲ့ရခဲ့သူတစ်ဦးဖြစ်ပြီး၊ တောင်ကိုရီးယားနိုင်ငံတွင် Master ဘွဲ့ကို သွားရောက်ယူခဲ့ပြီးနောက် Robotics 3T ဆိုသည့် ကုမ္ပဏီကို ထူထောင်ရန် ပြင်ဆင်နေကြောင်း ယင်းသတင်းကဆိုသည်။

၂၀၁၄ ခုနှစ်ကတည်းက စတင်ပျိုးထောင်ထားသည့် စက်ရုပ်ကုမ္ပဏီသည် စက်မှုကုန်ထုတ်လုပ်ငန်းများတွင် အသုံးပြုနိုင်မည့် ဈေးသက်သာသော စက်ရုပ်လုပ်သားများကို ထုတ်လုပ်ပေးနေသောကြောင့် လုပ်သားအင်အားထက် စက်ရုပ်အင်အားများဖြင့် ဗီယက်နမ်နိုင်ငံကို စတင်ပြောင်းလဲနိုင်ခဲ့သည်။




Vietnam.net

ဗီယက်နမ်နိုင်ငံတွင် ဟိုချီမင်းနည်းပညာတက္ကသိုလ် သိပ္ပံနှင့် နည်းပညာဌာနကလည်း ကျောင်းသား များဖြင့် လုပ်ငန်းများအတွက် လိုအပ်သော စက်ရုပ် လုပ်သားများကို တီထွင်ထုတ်လုပ်ပေးလျက်ရှိရာ အလိုအလျောက် လူမပါဘဲမောင်းနှင်နိုင်သည့် ပြိုင်ကားများ၊ ဘောလုံးကစားသည့် စက်ရုပ်များကိုလည်း ထုတ်လုပ်ပေးလျက်ရှိ သည်။

အချို့သော ကုန်ထုတ်လုပ်သည့် စက်များမှာ အသေးစားဆိုလျှင်ပင် နိုင်ငံခြားမှ တင်သွင်းရမည်ဆိုပါက ဒေါ်လာ ၆၀ မှ ၁၅၀ အတွင်း ကျသင့်ပြီး၊ ပြည်တွင်း၌ တီထွင်ထုတ်လုပ်မည်ဆိုပါက ဒေါ်လာ ၃၀ မှ ၈၀ အတွင်းသာ ကျသင့်မည်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံတွင် VN Robotics ဆိုသည့် ကုမ္ပဏီကို ၂၀၁၂ ခုနှစ်ကတည်းက ထူထောင်ထားပြီး ပုဂ္ဂလိကကုမ္ပဏီကြီး သုံးခုနှင့်အတူ ပူးပေါင်းကာ တီထွင်မှုများကို လုပ်ဆောင်လျက်ရှိသည်။

VN Robotics သည် ကုန်ထုတ်လုပ်မှုဆိုင်ရာ စက်ရုပ်မောင်း တံများ၊ ကလေးကစားစရာ အရုပ်များ ထုတ်လုပ်လျက်ရှိပြီး ပြည်တွင်းစက်ရုပ် ထုတ်လုပ်မှု၏ ၉၀ ရာခိုင်နှုန်းခန့်ကို စိုးမိုးထားနိုင်ခဲ့သည်။

အမေရိကန်ပြည်ထောင်စုတွင် အရုပ်စက်ရုပ်များ ထုတ်လုပ်မှုသည် အလွန်ရေပန်းစားနေပြီး နိုင်ငံခြား လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့်ထုတ်လုပ်မှုများကို Robotics 3T ကလည်း ဖြည့်ဆည်းပေးနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း Vietnam.net တွင် ရေးသားထားသည်။ ■ E01

# NEWS IN BRIEF

### ကမ္ဘာ့အကြီးဆုံးတီဗီ Samsung တီထွင်

တောင်ကိုရီးယားနိုင်ငံမှ ကမ္ဘာကျော် Samsung ကုမ္ပဏီကြီးသည် ကမ္ဘာ့အကြီးဆုံး တီဗီအဖြစ် မှတ်တမ်းဝင်မည့် မျက်နှာပြင် ၃၄ ပေ LED တီဗီကြီးကို အောင်မြင်စွာ တီထွင်လိုက်ကြောင်း ABC သတင်းတွင်ဖော်ပြထားသည်။

လက်ရှိ ရုပ်ရှင်ရုံများတွင် အသုံးပြုနေသည့် ပရိုဂျက်တာမြင်ကွင်းထက် ၁၀ ဆကြီးသည့် တီဗီကြီးကို ရုပ်ရှင်နှင့် ဖျော်ဖြေရေးလုပ်ငန်းများအတွက် ရည်စူးကာ ထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း ယင်းသတင်းက ဆိုသည်။

Samsung သည် High Dynamic Range (HDR) LED မြင်ကွင်းအဖြစ် ဆူပါရုပ်ရှင်ရုံကြီးများဖြစ်စေရန် တီထွင်ခြင်းဖြစ်ကြောင်း၊ လက်ရှိ တီထွင်ထားသည့် တီဗီကြီးကို တိုကျိုမြို့ Keio University တွင် စမ်းသပ်လျက်ရှိကြောင်း ABC သတင်းတွင် ရေးသားထားသည်။ ■

### အင်ဒိုနီးရှားနိုင်ငံတွင် Telegram ဆော့ဖ်ဝဲအသုံးပြုခွင့် ကန့်သတ်

အင်ဒိုနီးရှားနိုင်ငံတွင် Telegram ဆိုသည့် စာများပေးပို့နိုင်သော ဆော့ဖ်ဝဲတစ်မျိုးကို အသုံးပြုခွင့်အား အကန့်အသတ်နှင့် ပိတ်ပင်လိုက်ပြီး မကြာမီ အပြီးတိုင် ပိတ်ပင်ရန်ရှိကြောင်း AP သတင်းတွင် ဖော်ပြထားသည်။

အင်ဒိုနီးရှားနိုင်ငံ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ မွတ်ဆလင်အစွန်းရောက်များနှင့် စစ်သွေးကြွများ၏ အမုန်းစကားများ ဖြန့်ထုတ်ရာ နေရာဖြစ်နေခြင်းအပြင်၊ ဗုံးများဖောက်ခွဲရန်အတွက် ဆက်သွယ်ရန် အများဆုံး အသုံးပြုကြခြင်းကြောင့်ဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

Telegram သည် ၂၀၁၃ ခုနှစ်တွင် ရုရှားမှ ညီအစ်ကိုနှစ်ဦးဖြစ်သည့် နစ်ခိုလိုင်နှင့် ပါဗယ် ဒူးရော့တို့က တီထွင်ထားသည့် အခမဲ့စာရိုက်ပို့ကာ ဆက်သွယ်နိုင်သည့် ဆော့ဖ်ဝဲဖြစ်သော်လည်း အစွန်းရောက် အကြမ်းဖက်သမားများ၏ အသုံးချခံဖြစ်နေ၍ အင်ဒိုနီးရှားတွင် ပိတ်ရန်စီစဉ်နေသည်ဟု AP တွင် ရေးသားထားသည်။ ■

### ပြည်ဝင်ခွင့် ပိတ်ပင်ခြင်းခံရသည့် အာဖဂန်စက်ရုပ်ပြိုင်ပွဲဝင်ကျောင်းသူများ အမေရိကရောက်ရှိ

အမေရိကန်ပြည်ထောင်စုတွင် ကျင်းပမည့် နိုင်ငံတကာကျောင်းသားများ၏ စက်ရုပ်ပြိုင်ပွဲသို့ လာရောက်ရန် ပြည်ဝင်ခွင့် ဗီဇာပိတ်ပင်ထားခြင်းခံရသော အာဖဂန်နစ္စတန်မှ ကျောင်းသူအဖွဲ့သည် အမေရိကန် ဝါရှင်တန် ဒါးလက်စ်နိုင်ငံတကာလေဆိပ်သို့ အချိန်မီရောက်ရှိလာကြောင်း ABC သတင်းတွင် ဖော်ပြထားသည်။

အမျိုးသမီးတီထွင်ပညာရှင် ၆ ဦးပါဝင်သည့် အဖွဲ့အား အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ပြည်ဝင်ခွင့် ပိတ်ပင်ရေးနိုင်ငံများစာရင်းတွင် အာဖဂန်နစ္စတန်မပါသော်လည်း ဗီဇာထုတ်မပေးသဖြင့် နိုင်ငံတကာမှ ကန့်ကွက်မှုများကြောင့် နောက်ဆုံးတွင် ပြည်ဝင်ခွင့်ရခဲ့ကြောင်း ယင်းသတင်းက ဆိုသည်။

နိုင်ငံတကာစက်ရုပ်ပြိုင်ပွဲဝင်ရန် အာဖဂန်ရှိ အမေရိကန်သံရုံးသို့ အမျိုးသမီးအဖွဲ့သည် နှစ်ကြိမ်တိုင် သွားရောက်ပြီး ဗီဇာလျှောက်ထားရာ ပယ်ချခံရပြီး၊ အဘယ်ကြောင့် ပြည်ဝင်ခွင့် ငြင်းပယ်ရကြောင်းကို အမေရိကန်အာဏာပိုင်များက ရှင်းလင်းထုတ်ပြန်ခြင်း မပြုခဲ့ပေ။ ■

### ကျေးလက်ဒေသများတွင် တီဗီလေလှိုင်းများကတစ်ဆင့် အင်တာနက် အသုံးပြုနိုင်မည်

ကမ္ဘာကျော် ဆော့ဖ်ဝဲကုမ္ပဏီကြီးဖြစ်သည့် Microsoft သည် အမေရိကကျေးလက်ဒေသများတွင် ရုပ်မြင်သံကြား ရုပ်သံလွှင့်လိုင်းများက ထုတ်လွှင့်သည့် လေလှိုင်းကို အသုံးပြုပြီး အင်တာနက်အသုံးပြုနိုင်ရေးကို ကြိုးပမ်းစီမံဆောင်ရွက်လျက်ရှိကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။

Microsoft ကုမ္ပဏီသည် တီဗီလိုင်းများကတစ်ဆင့် အင်တာနက်ရယူသုံးစွဲနိုင်ရေးကို မိန်းပြည်နယ်မှ ဝါရှင်တန်အထိ ပြည်နယ် ၁၂ ခုအတွင်း ကျေးလက်ဒေသများတွင် ရရှိသွားစေရန် ဆောင်ရွက်မည်ဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

လာမည့်ငါးနှစ်အတွင်း အမေရိက ကျေးလက်နေပြည်သူပေါင်း ၂ သန်းကျော်သည် မြန်နှုန်းမြင့် အင်တာနက်ကို သုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း Reuters တွင် ရေးသားထားသည်။ ■

### အင်္ဂါဂြိုဟ်ဆင်းယာဉ် လေ့ကျင့်စမ်းသပ်မှု တက္ကဆက်ပြည်နယ်ရေပြင်တွင် ပြုလုပ်

အမေရိကန်အာကာသသိပ္ပံအဖွဲ့ NASA သည် အင်္ဂါဂြိုဟ်ဆင်းယာဉ်ထိပ်ဖူးပုံစံအတိုင်းပြုလုပ်ထားသည့် လေ့ကျင့်ယာဉ်ကို မက္ကဆီကိုပင်လယ်ကွေ့ တက္ကဆက်ပြည်နယ်၊ ဂါဗက်စ်တန်မြို့မှ လေးမိုင်အကွာ ရေပြင်တွင် ဆင်းသက်စမ်းသပ်ခဲ့ကြောင်း AFP သတင်းတွင် ဖော်ပြထားသည်။

Orion အာကာသယာဉ်သည် ဟပ်စ်တန်မြို့အနီး ဂျွန်ဆင်အာကာသစခန်းတွင် တည်ဆောက်ထားပြီး အင်္ဂါဂြိုဟ်သို့စေလွှတ်ရန် စွမ်းအားအမြင့်ဆုံးတည်ဆောက်စဉ် NASA အဖွဲ့သည် လေ့ကျင့်စမ်းသပ်မှုများ ပြုလုပ်နေခြင်းဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

အင်္ဂါဂြိုဟ်ပေါ်တွင် ရေပြင်များရှိခဲ့လျှင်ဆိုသည့် ယူဆချက်ဖြင့် ရေပြင်အတွင်း အရေးပေါ်ဆင်းသက်ရခြင်းများကို အာကာသယာဉ်မှူးများသည် ကယ်ဆယ်သူများ၊ စောင့်ကြည့်သူများကြားတွင် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း NASA အဖွဲ့က ထုတ်ပြန်ထားသည်။ ■ E01


ဓာတ်ပုံ- ရဲလေး Facebook Page

# ကျိတ်လုပ်တတ်တဲ့အကျင့်ရှိတဲ့ ရဲလေး

**ရန်ကုန်၊ ဇူလိုင် ၁၆**

အနုပညာအလုပ်တွေနဲ့ကင်းကွာသွားပြီးမှ လက်ရှိအချိန်မှာ တစိုက်မတ်မတ်ပြန်လုပ်လာတဲ့ အဆိုတော်၊ သရုပ်ဆောင်ရဲလေးက 'အောင်မြင်မှုခရီးစဉ်' ခွေထဲက သီချင်း MTV တစ်ပုဒ်ကို ဇူလိုင်လထဲမှာ အွန်လိုင်းကနေ ဖြန့်ချိသွားမှာဖြစ်ပြီး ကျိတ်လုပ်တတ်တဲ့အကျင့်ရှိတာကြောင့် နီးမှပဲ သီချင်းနာမည်ကို ပြောပြမယ်လို့ The Voice ကိုပြောကြားပါတယ်။

"ကျွန်တော်က ကိုယ့်အလုပ်ကို ဘယ်တော့မှ ကြိုပြောလေ့ပြောထ မရှိပါဘူး။ ကိုယ့်အိုင်ဒီယာနဲ့ ကိုယ် ကျိတ်လုပ်တတ်တဲ့ အကျင့်ရှိတယ်။ ပြီးတော့ ကိုယ့်ဘက်က အဆင်သင့် မဖြစ်သေးဘဲနဲ့လည်း ဘာမှမပြောဘူး။ ဒါပေမဲ့ ပြောသင့်ပြောထိုက်တဲ့အချိန်ရောက်ရင်တော့ ပြောပါတယ်။ အဲ့ဒါကြောင့် နီးတော့မှပဲ ကျွန်တော့်ရဲ့ Page ကနေ ကြေညာသွားပါ့မယ်" လို့ ၎င်းက ထပ်လောင်းပြောပါတယ်။

ဩဂုတ်လမှာ နှင်းဆီအဖွဲ့ရိုက်ကူးတော့မယ့် 'Rose Ridar' ရုပ်ရှင်ကားအတွက် လက်ရှိမှာ နည်းနည်းဝိတ်ချထားရပြီး လိုအပ်တဲ့အပိုင်းတွေကို ပြင်ဆင်နေရကြောင်း၊ ဆိုင်ကယ်စတန့်သမားတစ်ယောက်ပုံစံပေါက်အောင် လေ့လာနေရသလို ဆိုင်ကယ်က အသက်အန္တရာယ်စိုးရိမ်ရတဲ့ ပညာရပ်တစ်ခုဖြစ်ကြောင်း အဆိုတော်၊ သရုပ်ဆောင်ရဲလေးက ပြောပါတယ်။

"ဆိုင်ကယ်က အခန့်မသင့်ရင် ထိခိုက်မှုများတော့ ဘုရား၊ တရားရွတ်ပြီး လေ့ကျင့်နေရတယ်။ ဆိုင်ကယ်စီးရင် သေချာဦးထုပ်ဆောင်းပြီး ကာဗာပစ္စည်းအစုံအလင်နဲ့ လေ့ကျင့်တယ်။ ကိုယ့်ခြံထဲမှာ လေ့ကျင့်တဲ့သူလည်း ရှိသလို လမ်းမကို ထွက်စီးကြတဲ့သူတွေလည်းရှိတယ်။ ဒါပေမဲ့ ရန်ကုန်မှာက ဆိုင်ကယ်စီးခွင့်မပေးတော့ တော်တော်လေး အခက်အခဲဖြစ်တယ်" လို့ ၎င်းက ထပ်လောင်းပြောပါတယ်။

လက်ရှိမှာ ကိုးခွေမြောက်တစ်ကိုယ်တော်ခွေအတွက်ကိုလည်း သီချင်းတွေရေးနေပြီး One Man Show ကိုလည်း ဒီနှစ်ထဲမှာ လုပ်သွားမှာဖြစ်တာကြောင့် လက်ရှိအချိန်ကတည်းက စပြီးပြင်ဆင်နေတယ်လို့ အဆိုတော်၊ သရုပ်ဆောင်ရဲလေးက ဆိုပါတယ်။

# ကိုယ်က ဝလို့ ဝတယ်ပြောတာပဲ၊ လက်ခံရမှာပေါ့ ဆိုတဲ့ မိစန္ဒီ

**ရန်ကုန်၊ ဇူလိုင် ၁၆**



ဓာတ်ပုံ- မိစန္ဒီ Facebook Page

အနုပညာလောကက ခင်မင်ရင်းနှီးတဲ့ သူတွေနဲ့ ပရိသတ်တွေက ကိုယ့်ရဲ့ ခန္ဓာကိုယ် အချိုးအစားနဲ့ ပတ်သက်ပြီး ပြောဆိုကြတာတွေကို လက်ခံနိုင်စွမ်းရှိပါတယ် လို့ တေးသံရှင် မိစန္ဒီက The Voice ကို ပြောကြားပါတယ်။

"ကိုယ်က ဝလို့ ဝတယ်ပြောတာကို လက်ခံနိုင်ပါတယ်။ ဒါပေမဲ့ တစ်ခါတလေကျရင် နင့်မျက်နှာက ပြဲကွဲနေတာပဲ၊ ဝိတ်ချဦးလို့ ပြောကြတာတွေရှိတယ်။ ကိုယ့်အဖေကအစ တစ်ခါတလေကျရင် ပြောတယ်။ အမှန်တော့ မိစန္ဒီက Professional မဆန်ဘူးပေါ့နော်။ အဆိုတော်တစ်ယောက်လုပ်တာ၊ Public Figure တစ်ယောက်လုပ်တာ လုနေရမယ်လို့ ပြောကြတယ်။ သူတို့ပြောတာလည်း ဟုတ်ပါတယ်" လို့ ၎င်းက ထပ်လောင်း ပြောဆိုပါတယ်။

လူဆိုတာက တစ်ယောက်နဲ့တစ်ယောက် ခန္ဓာကိုယ် ဖွဲ့စည်းပုံချင်းမတူကြတဲ့အတွက် ဝတဲ့သူက ဝသလို၊ ပိန်တဲ့ သူကတော့ ပိန်မှာပဲ ဖြစ်ကြောင်း၊ ကိုယ်တိုင်လည်း သူများတွေလို အစားအများကြီး မစားပေမယ့် ဝနေတဲ့အပေါ်ကိုတော့ ဘာမှ မတတ်နိုင်ကြောင်း တေးသံရှင် မိစန္ဒီက ပြောကြားပါတယ်။

"တစ်ခါတလေကျရင် ကိုယ်ဝနေတဲ့ အချိန်မှာ အပြင်လည်းမထွက်ချင်ဘူး။ သီချင်းလည်း မဆိုချင်ဘူး။ စင်ပေါ်လည်း မတက်ချင်ဘူး။ လူတွေက ငါ့ရဲ့ ခန္ဓာကိုယ်ကို ကြည့်ပြီး ပြောတော့မယ်ဆိုပြီး ဆိုက်ကို ဝင်ခဲ့တာရှိတယ်။ နောက်ပိုင်းကျတော့ ကိုယ့်ကိုယ်ကိုယ် ချစ်တတ်လာအောင် ကြိုးစားတယ်။ ငါကအစကတည်းက ပြည့်ပြည့်လုံးလုံးလေးပဲ။ ငါအဆိုတော် တစ်ယောက် အနေနဲ့ သီချင်းကောင်းကောင်းဆိုနိုင်ဖို့ပဲ ကြိုးစားမယ်လို့ ဆုံးဖြတ်လိုက်တယ်" လို့ ၎င်းကဆိုပါတယ်။

မိန်းကလေးတိုင်းက ဝသည်ဖြစ်စေ၊ ပိန်သည်ဖြစ်စေ၊ ကိုယ့်အလှနဲ့ ကိုယ်ရှိကြပြီး၊ အရေးကြီးတာကတော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိဖို့၊ အရည်အချင်းရှိဖို့နဲ့ စိတ်ထားလေး ဖြူစင်ဖို့သာ အဓိကကျကြောင်း ၊ ဘယ်သူတွေ ဘယ်လောက်ပဲ ပြောပြော ကိုယ့်ရဲ့ ပကတိအရှိတရားကို လက်ခံနိုင်ဖို့ ကြိုးစားရမှာဖြစ်ကြောင်း မိစန္ဒီက ပြောကြားပါတယ်။

"လက်ရှိ နာမည်ကြီးနေတဲ့ မင်းသမီးတွေလည်း အကုန်လုံးက ပိန်ပြီး လှနေတာတော့ မဟုတ်ဘူး။ အားလုံးက သူ့အချိုးအစားလေးနဲ့သူ လှနေကြတာပါ။ ပိန်တဲ့သူက ပိန်တယ်။ ဝတဲ့သူက ဝတယ်။ ပြည့်တဲ့သူက ပြည့်တယ်။ ပုပုသေးသေးလေးတွေလည်းရှိတယ်။ မိန်းကလေးတွေကို ပြောချင်တာကတော့ သူများ ဘာပြောပြော ဂရုမစိုက်ဘဲ ကိုယ့်ဟာကိုယ် ပျော်အောင် နေတတ်ဖို့ အရေးကြီးပါတယ်" လို့ ၎င်းကဆိုပါတယ်။

# Mamma Mia ရုပ်ရှင်အသစ် ၂၀၁၈ တွင် ပရိသတ်ထံရောက်လာမည်


contactmusic. com

Mamma Mia ဇာတ်ကားဟာ ကမ္ဘာအနှံ့မှာ ပြဇာတ်မှာရော၊ ရုပ်ရှင်မှာပါ ထိပ်တန်းက နေရာယူခဲ့တဲ့ ဇာတ်ထုပ်ဖြစ်ပါတယ်။

ရုပ်ရှင်ကားဟာ အမေရိကန်ပြည်ထောင်စု တစ်နိုင်ငံတည်းမှာ အမေရိကန်ဒေါ်လာ ၁၄၄ သန်းရရှိခဲ့တာ ဖြစ်ပါတယ်။

ရုပ်ရှင်သမိုင်းတစ်လျှောက် ဂီတရုပ်ရှင် ဇာတ်ကားမှာ ဝင်ငွေအကောင်းဆုံး နံပါတ် ၆ ချိတ်ခဲ့တာ ဖြစ်ပါတယ်။ ကမ္ဘာအနှံ့ စုစုပေါင်း ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၆၀၀ လောက်ရှိခဲ့ပါသတဲ့။

ဂီတအဖွဲ့ ABBA ရဲ့ သီချင်းများ နဲ့ ပြသွားတဲ့ အဆိုပါ ရုပ်ရှင်ကားကို နောက်ဆက်တွဲ ရိုက်ကူးဖို့အတွက် Universal ကုမ္ပဏီက ထပ်မံကြိုးစားတာ ဆန်းတော့ မဆန်းပါဘူး။ အောင်မြင်တာကိုး။

Mamma Mia: Here We Go Again လို့ အမည်ပေးထားတဲ့ ဇာတ်ကားသစ်ကို ဇာတ်ဆောင်တွေ ရွေးပြီးပြီဖြစ်လို့ လာမယ့် ၂၀၁၈ ဇူလိုင်လလောက်မှာ ရုပ်ရှင်ရုံတွေပေါ်ကို ရောက်လာတော့မှာပါ။

ယခုဇာတ်ကားသစ်ကို ဒါရိုက်တာ အိုးပါကားက ဖန်တီးဦးဆောင်မှာ ဖြစ်ပါသတဲ့။ ပရိသတ်အချစ်ဇာတ်ကားကြီး Mamma Mia ကို မီမလားဆိုတာကတော့ စောင့်ကြည့်ရမှာပါပဲ။

**F-02**


soompi.com

# လိင်ကျွန်အဖြစ် အသုံးတော် ခံခဲ့ရတဲ့ အမျိုးသမီးတွေအတွက် ဆောင်ဂျွန်ကီရဲ့ ပရိသတ်များ လှူဒါန်း

**ဆိုးလ်၊ ဇူလိုင် ၁၆**

နာမည်ကျော် ကိုရီးယား သရုပ်ဆောင် ဆောင်ဂျွန်ကီရဲ့ပရိသတ်တွေက ဒုတိယကမ္ဘာစစ်အတွင်းတုန်းက ဂျပန်စစ်သားတွေရဲ့ လိင်ကျွန်အဖြစ် အသုံးတော်ခံခဲ့ရတဲ့ အမျိုးသမီးတွေအတွက် ငွေလှူဒါန်းခဲ့ကြောင်း kpop herald.com မှာ ဖော်ပြထားပါတယ်။

လက်ရှိအချိန်အထိ အသက်ရှင်သန် ကျန်ရစ်နေတဲ့ လိင်ကျွန်အမျိုးသမီးတွေကို ပြုစုစောင့်ရှောက်ပေးနေတဲ့ House Of Sharing ဂေဟာကို ဆောင်ဂျွန်ကီရဲ့ ပရိသတ်တွေက ကိုရီးယား ဝမ်ငွေ ၁၂ သန်းကို သွားရောက်လှူဒါန်းပေးခဲ့ကြတာ ဖြစ်ပါတယ်။ ဆောင်ဂျွန်ကီ ကိုယ်တိုင်လည်း ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလတုန်းက House Of Sharing ဂေဟာကို ကိုရီးယား ဝမ်ငွေ သန်းနှစ်ဆယ် လှူဒါန်းပေးခဲ့ပါသေးတယ်။ ဇူလိုင်လ ၂၆ ရက်နေ့မှာတော့ ဆောင်ဂျွန်ကီ ပါဝင်သရုပ်ဆောင်ထားတဲ့ Battleship Island ရုပ်ရှင်ဇာတ်ကားကို စတင်ရုံတင်ပြသသွားတော့မှာ ဖြစ်ပါတယ်။

ဒီဇာတ်ကားက သမိုင်းနောက်ခံရုပ်ရှင်ဇာတ်ကားဖြစ်ပြီး ဂျပန်နိုင်ငံရှိ ဟာရှီမာကျွန်းပေါ်မှာရှိတဲ့ ချွေးတပ်စခန်းကနေ လွတ်မြောက်ထွက်ပြေးဖို့ ကြိုးစားတဲ့ ကိုရီးယား လုပ်သား အယောက်လေးရာရဲ့ အကြောင်းကို ပုံဖော်ရိုက်ကူးထားတာ ဖြစ်ပါတယ်။

# "ကျွန်တော်ကတော့ ဒီလိုအချိန်မှာ ဒီလိုအပြောခံရဖို့ ကံပါလာတယ်လို့ပဲ မှတ်ယူပါတယ်။ ကျွန်တော့်မှာရှိတဲ့ဝဋ်ကြွေးကို ဆပ်လိုက်တယ်လို့ပဲ သဘောထားပါတယ်"

## ရဲရင့်အောင်နဲ့ တွေ့ဆုံခြင်း

ဝင်းထွန်းနိုင်

**အသည်းကွဲသီချင်းအေးအေးလေးတွေနဲ့ လူငယ်ပရိသတ်ရဲ့အားပေးမှုကို ရရှိထားတဲ့ တေးသံရှင် ရဲရင့်အောင်နဲ့ တွေ့ဆုံပြီး ဒုတိယတစ်ကိုယ်တော်ခွေအကြောင်း၊ သရုပ်ဆောင်မလုပ်ဖြစ်သေးတဲ့အကြောင်းနဲ့အတူ လတ်တလော ပရိသတ်တွေစိတ်ဝင်စားနေကြတဲ့ အချစ်ရေးအကြောင်းများကို The Voice က မေးမြန်းဖော်ပြလိုက်ပါတယ်။**



ဓာတ်ပုံ- ရဲရင့်အောင် Facebook Page

**Voice: ဒုတိယတစ်ကိုယ်တော်ခွေရဲ့ ခရီးပေါက်ရောက်မှုက ဘယ်အတိုင်းအတာထိရောက်နေပြီလဲ၊ သီချင်းပုံစံတွေကို အပြောင်းအလဲ လုပ်ထားသေးလား။**

**YYA:** လက်ရှိမှာ ခွေအတွက် သီချင်းအကြောင်းအရာနဲ့ စာသားပိုင်းက အားလုံးပြီးသွားပါပြီ။ အသံသွင်းဖို့ပဲ ကျန်ပါတော့တယ်။ ပြီးတော့ သီချင်းပုံစံတွေကတော့ ကျွန်တော် ရေးလေ့ရေးထရှိတဲ့ပုံစံမျိုး၊ ဆိုလေ့ဆိုထရှိတဲ့သီချင်း ပုံစံမျိုးကိုမှ ကိုယ့်ရဲ့အသက်အရွယ်အရရော အသိအရပါ ဖြစ်ပေါ်လာတဲ့စိတ်ခံစားမှုတွေကို ထပ်ပြီးပေါင်းစပ်ထားတယ်။

**Voice: တစ်ခွေလုံးက ကိုယ်တိုင်ရေးသီချင်းတွေချည်းပဲလား၊ Title ကို စဉ်းစားထားပြီးပြီလား။**

**YYA:** ဟုတ်ပါတယ်၊ တစ်ခွေလုံးလိုလိုကို ကျွန်တော် ရေးထားတာပါ။ ဒါပေမဲ့ ကိုဝေလ ရေးထားတဲ့သီချင်းတော့ ပါပါမယ်။ ပြီးတော့ Title ကို လောလောဆယ်မှာ နှစ်မျိုး စဉ်းစားထားတယ်။ အဲ့ဒါကြောင့် သေချာသွားတော့မှပဲ ပရိသတ်ကို ပြောတော့မယ်။ ခွေကိုတော့ ဒီနှစ်မကုန်ခင် ထွက်နိုင်အောင် ကြိုးစားနေပါတယ်။

**Voice: လက်ရှိမှာ Reference နဲ့ Copy မကွဲတဲ့အပေါ်မှာ ပရိသတ်က အာရုံစိုက်လာတာတွေ့ရတယ်နော်။**

**YYA:** ပရိသတ်ကတော့ သူတို့စိတ်ထဲမှာ မြင်တဲ့အတိုင်း၊ သူတို့နားထဲမှာကြားတဲ့အတိုင်းကို ခေါင်းစဉ်တပ်ကြမှာပါ။ ဒီအပေါ်မှာ ကျွန်တော်တို့အနေနဲ့ကတော့ သွားပြီးပြောလို့ မရပါဘူး။ ဒါပေမဲ့ သူတို့တွေ ဒီလိုမျိုးမြင်တတ်၊ ကြားတတ်လာတယ်ဆိုတော့ နောက်ပိုင်းကျရင်တော့ စစ်မှန်တဲ့အရာတွေ ပိုပြီးတော့ ပေါ်ထွက်လာမယ်ထင်ပါတယ်။

**Voice: ကိုယ်ကိုယ်တိုင်က Reference လုပ်ခဲ့တာမျိုးရှိလား။**

**YYA:** ကျွန်တော်သီချင်းစဆိုတဲ့အချိန်တုန်းကဆိုရင် မသိတာ၊ မတတ်တာတွေ အများကြီး ရှိခဲ့ပါတယ်။ အဲ့ဒါကြောင့် သီချင်းတစ်ပုဒ်ကို Reference လုပ်ခဲ့ဖူးပါတယ်။ ဒါပေမဲ့ နောက်ပိုင်းမှာတော့ မလုပ်ခဲ့ပါဘူး။ ထပ်ပြီးလည်း ဘယ်တော့မှလုပ်မှာ မဟုတ်ပါဘူး။ ကျွန်တော့်သီချင်းက ကျွန်တော်သီချင်းပါပဲ။

**Voice: ပရိသတ်တွေက သရုပ်ဆောင်ဘက်မှာလည်း သိပ်မတွေ့ရဘူးဆိုပြီး ပြောနေကြတယ်၊ သရုပ်ဆောင်ဘက်မှာ ဘာတွေလုပ်သွားဖို့ရှိလဲ။**

**YYA:** ကျွန်တော်လည်း ဇာတ်ကားတွေ ပြန်ရိုက်ချင်ပါတယ်။ ဒါပေမဲ့ ဒုတိယတစ်ကိုယ်တော်ခွေမပြီးမချင်းမှာတော့ တခြားဘက်ကို လှည့်နိုင်ဦးမှာမဟုတ်သေးဘူး။ ဒုတိယခွေထွက်ပြီးသွားရင်တော့ ပြန်လုပ်ဖြစ်မှာပါ။ ပြီးတော့ သရုပ်ဆောင်တဲ့အပိုင်းမှာလည်း ကျွန်တော့်အတွက် ခက်ခဲတာတွေရှိပါတယ်။ အဲ့ဒါကြောင့် အေးအေးဆေးဆေးနဲ့ အချိန်ပေးနိုင်မှလည်း အဆင်ပြေမှာပါ။

**Voice: 'ငါ့ကိုနမ်းတဲ့မုန်တိုင်း' ရုပ်ရှင်ကားက ၂၀၁၇ ထဲမှာ ရုံတင်မယ်လို့ကြားရတယ်၊ ကိုယ့်အနေနဲ့ ပရိသတ်ကို ကြိုပြီးပြောထားချင်တာမျိုးရှိလား။**

**YYA:** ကျွန်တော် ရိုးရိုးသားသားပဲ ပြောတာပါ။ အဲ့ဒီကား ရိုက်နေစဉ်အတွင်းမှာတော့ ကျွန်တော် လုပ်နိုင်သမျှကို အစွမ်းကုန်ကြိုးစားပြီးတော့ လုပ်ခဲ့တာပါ။ ဒါပေမဲ့ သီချင်းဆိုတဲ့ လူတစ်ယောက်အနေနဲ့ သရုပ်ဆောင်တဲ့အပိုင်းမှာ လိုအပ်ချက်တွေ ရှိကောင်းရှိပါလိမ့်မယ်။ ကျွန်တော်ပြန်ကြည့်တဲ့အခါမှာလည်း တချို့နေရာလေးတွေမှာ လိုအပ်တယ်လို့ ခံစားမိပါတယ်။ အဲ့ဒါကြောင့် ကျွန်တော့်ရဲ့ ပရိသတ်ကြီးလည်း ဒီကားကိုကြည့်တဲ့အချိန်မှာ ကျွန်တော့်လိုပဲ ခံစားရမယ်ထင်ပါတယ်။ သေချာတာကတော့ ကျွန်တော့်ကို မမြင်ဖူးသေးတဲ့ပုံစံတစ်မျိုးနဲ့ ပရိသတ်တွေ တွေ့ရမှာပါ။

**Voice: အချစ်ရေးနဲ့ပတ်သက်ပြီး သတင်းတွေထွက်လာပေမယ့် တရားဝင်မပြောတာက ပြောချိန်မတန်သေးလို့လား၊ ပရိသတ်ကို လျှို့ထားတာတော့ မဟုတ်ပါဘူးနော်။**

**YYA:** အဓိက ကျွန်တော့်ကိုယ်ရေးကိုယ်တာကိစ္စတွေနဲ့ ပရိသတ်ကို မရှုပ်ထွေးစေချင်တော့လို့ပါ။ ကျွန်တော် အများကြီး အရှုပ်တွေ လုပ်ခဲ့ဖူးပါတယ်။ ပြီးတော့ ကိုယ့်ရဲ့ကိုယ်ရေးကိုယ်တာတွေက သီချင်းတွေကိုပါ ထိခိုက်ပါတယ်။ အဲ့ဒါကြောင့် ပရိသတ်ကို စိတ်ရှုပ်အောင် ထပ်ပြီးမလုပ်ချင်တော့ဘူး။ ကျွန်တော် Facebook သုံးတယ်ဆိုရင်တောင်မှ ကိုယ့်ရဲ့စိတ်ညစ်စရာကောင်းတဲ့အပိုင်းတွေ၊ ဖြေရှင်းနေရတဲ့ ပြဿနာတွေကို ဘာမှအသိမပေးချင်တော့ဘူး။ ကျွန်တော်ပျော်နေတဲ့အချိန်ကိုပဲ ပရိသတ်ကို အသိပေးချင်ပါတယ်။ ကျွန်တော့်ပရိသတ်ကို သီချင်းတွေပဲ ခံစားစေချင်ပါတယ်။ ပရိသတ်ကို အသိမပေးချင်လို့ လျှို့ထားတာမျိုးလည်းမဟုတ်ပါဘူး။ ကျွန်တော့်မှာ ကိုယ့်ရဲ့ကိုယ်ရေးကိုယ်တာနဲ့ မရှုပ်ထွေးစေချင်တဲ့ စိတ်တစ်ခုပဲရှိပါတယ်။

**Voice: အချစ်ရေးမှာ တစ်ခုခုဖြစ်ပြီဆို ကိုယ့်ကိုပဲ ဝေဖန်ထိုးနှက်ကြတာများပေမယ့် ပြန်ဖြေရှင်းတာ မတွေ့ရတာက ဘယ်လိုမျိုးကြောင့်လဲ။**

**YYA:** တချို့အရာတွေမှာ ဖြေရှင်းသင့်တဲ့စကားတွေရှိပေမယ့် ကျွန်တော်မပြောချင်ဘူး။ မလိုလားအပ်တဲ့ ပြဿနာတွေလည်း ထပ်မဖြစ်ချင်တော့ဘူး။ ကျွန်တော်ပြောလိုက်တော့မှ ပိုပြီး ကြီးသွားတာမျိုးလည်း မလိုချင်ဘူး။ ကျွန်တော့်မှာ အထင်မှားစရာတွေ ရှိကောင်းရှိပါလိမ့်မယ်။ ကျွန်တော်ကတော့ ဒီလိုအချိန်မှာ ဒီလိုအပြောခံရဖို့ ကံပါလာတယ်လို့ပဲ မှတ်ယူပါတယ်။ ကျွန်တော့်မှာရှိတဲ့ ဝဋ်ကြွေးကို ဆပ်လိုက်တယ်လို့ပဲ သဘောထားပါတယ်။ အဲ့ဒါကြောင့် ဘာမှမဖြေရှင်းတာအကောင်းဆုံးပဲ ထင်ပါတယ်။



ဓာတ်ပုံ- ပြေတီဦး Facebook Page

# နာမည်ကျော် သရုပ်ဆောင်တွေပါဝင်တဲ့ Voting အများဆုံး အချစ် ရုပ်ရှင်ဇာတ်ကား ရိုက်ကူး

ရန်ကုန်၊ ဇူလိုင် ၁၆

အောင်တိုင်းကျော် ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ညေးရဲ့ ဝတ္ထုကို အခြေခံထားတဲ့ 'Voting အများဆုံး အချစ်' ရုပ်ရှင် ဇာတ်ကားကို ရန်ကုန်မြို့မှာ ရိုက်ကူးနေကြောင်း ဒါရိုက်တာကျော်ဇောလင်း ( အတွေးပုံရိပ် ) က The Voice ကို ပြောကြားပါတယ်။

"မူရင်းဝတ္ထုရဲ့နာမည်ကတော့ Official Crush လို့ပေးထားတယ်။ ရုပ်ရှင်ရိုက်တဲ့အခါမှာတော့ ကိုယ်တို့ ကြိုက်တဲ့ နာမည်လေး ပြန်ပြောင်းလိုက်တာပေါ့။ ဒီကားမှာ အဓိက သရုပ်ဆောင်အင်အားလည်း တောင့်တယ်။ ဇာတ်ပို့၊ ဇာတ်ရံတွေလည်း များပါတယ်။ ဇာတ်လမ်းကတော့ အချစ်၊ ဟာသ၊ ပညာပေးဇာတ်ကားလေးပါ" လို့ ၎င်းက ထပ်လောင်း ပြောဆိုပါတယ်။

ယင်းရုပ်ရှင်ဇာတ်ကား မှာတော့ သရုပ်ဆောင် ပြေတီဦး၊ မင်းမော်ကွန်း၊ ကျော်ကျော်ဗို၊ ရဲလေး၊ ဝတ်မှုံရွှေရည်၊ သတ္တိ၊ ဦးမိုးဒီ၊ ယွန်းရွှေရည်၊ ပိုးအိအိခန့်တို့ ပါဝင်သရုပ်ဆောင်ကြမှာဖြစ်ကြောင်း၊ ဇာတ်ကားနာမည်ကို လက်ရှိမှာ Voting အများဆုံးအချစ်လို့ ပေးထားပေမယ့် အတည်တော့ မဖြစ်သေးကြောင်း ဒါရိုက်တာ ကျော်ဇောလင်း (အတွေးပုံရိပ်) က ပြောကြားပါတယ်။

"ဒီကားမှာ ကျွန်တော်က Tennis Trainer တစ်ယောက် အဖြစ် ပါဝင်သရုပ်ဆောင်ရတာပါ။ တင်းနစ် ရိုက်တတ်ချင်လို့ လာတဲ့သူတွေကို သင်ပေးတဲ့ သင်တန်းဆရာပေါ့။ ကျွန်တော်က အပြင်မှာလည်း တင်းနစ် ရိုက်လေ့ ရိုက်ထရှိတော့ ဒီကာရိုက်တာက အရမ်းကြီး မခက်ခဲပါဘူး။ ကျွန်တော်က မင်းမော်ကွန်း၊ ကျော်ကျော်ဗိုနဲ့ ရဲလေး တို့ကို တင်းနစ်ရိုက်နည်း သင်ပေးရတဲ့ ဆရာပေါ့။ ဇာတ်လမ်းကတော့ အချစ်လေးနဲ့ ဟာသလေးတွေ ရောထားတာပါ" လို့ သရုပ်ဆောင် ပြေတီဦးက ပြောကြားပါတယ်။



ဓာတ်ပုံ- ဆိုင်စံ Facebook Page

# ဖခင်ဖြစ်သူ စိုင်းထီးဆိုင် မဆိုဖြစ်ခဲ့တဲ့ သီချင်းတစ်ပုဒ်ကို ဒုတိယခွေမှာ ထည့်ထားတယ်ဆိုတဲ့ ဆိုင်စံ

ရန်ကုန်၊ ဇူလိုင် ၁၆

ကွယ်လွန်သွားခဲ့ပြီ ဖြစ်တဲ့ ဖခင်ဖြစ်သူ တေးသံရှင် စိုင်းထီးဆိုင် မဆိုဖြစ်တဲ့ သီချင်းတစ်ပုဒ်ကို ဒုတိယတစ်ကိုယ်တော်စီးရီးမှာ ထည့်သွင်းသီဆိုထားပါတယ်လို့ သမီးဖြစ်သူ ဆိုင်စံက The Voice ကို ပြောကြားပါတယ်။

"ညီမရဲ့ ဒုတိယခွေကိုစီစဉ်နေပါတယ်။ ဒီနှစ်ကုန်ပိုင်းလောက်တော့ ထွက်ဖို့ လျာထားပါတယ်။ အဖေ့သီချင်းတွေတော့ အများကြီး မပါတော့ဘူးရှင့်။ အဖေရေးခဲ့ပြီးတော့ သူမဆိုဖြစ်ခဲ့တဲ့ သီချင်းလေး တစ်ပုဒ်တော့ ပြန်ပါပါမယ်။ ကျန်တာတွေကတော့ ကိုယ်ပိုင်သံစဉ် သီချင်းအသစ်လေးတွေ ပါပါမယ်" လို့ ၎င်းက ထပ်လောင်း ပြောဆိုပါတယ်။

တေးသံရှင် စိုင်းထီးဆိုင်သီဆိုခဲ့တဲ့ သီချင်းတွေကို စုစည်းပြီး တရားမဝင်ဖြန့်ချိတဲ့ ခိုးကူးခွေ ကာဗာတွေ မှာ ဖခင်ဖြစ်သူရဲ့ ရုပ်ပုံကို Photoshop နဲ့ ပြုပြင်ထားတာနဲ့ ပတ်သက်ပြီး ဆိုင်စံက သူ့ရဲ့ ခံစားချက်တွေကို လူမှုကွန်ရက် Facebook မှာ မကြာသေးခင်က ရေးသားခဲ့ပါသေးတယ်။

"ဒီလို ခံစားချက်တွေ ရေးဖြစ်ခဲ့တာကလည်း အဖေက ကိုယ် တန်ဖိုးထားရတဲ့ လူတစ်ယောက် ဖြစ်တယ်ဆိုတာကို ပရိသတ်တွေ အားလုံးကို သိစေချင်လို့ပါ။ ကိုယ်ကိုယ်တိုင်က တန်ဖိုးထားမှ သူများက မစော်ကားရဲမှာပေါ့။ မသိလိုက် မသိဘာသာ နေလိုက်လို့လည်း ရပါတယ်။ ကျွန်မတို့ နေခဲ့တာတွေ အများကြီးပါပဲ။ ဒါပေမဲ့ ဒီတစ်ခေါက် ကျတော့ မောင်နှမတွေအားလုံးလည်း မနှစ်သက်ကြတဲ့အတွက် ပြောဖြစ်တာပါ" လို့ ဆိုင်စံက ပြောကြားပါတယ်။

ဖခင်ဖြစ်သူရဲ့သီချင်းတွေအားလုံးကိုတော့ နှစ်သက်သဘောကျပြီး ကိုယ့်ရဲ့ပထမဆုံး စီးရီးမှာလည်း ကိုယ် အကြိုက်ဆုံးသီချင်းတွေကို ထည့်သွင်းသီဆိုခဲ့ကြောင်း၊ ဖခင်သီချင်းတွေကို ပြန်ဆိုရတာ တာဝန်ကြီးတယ်ဆိုပေမယ့် ကိုယ်ကြိုက်တဲ့သီချင်းကို ကိုယ်ဆိုရတဲ့အတွက် ပျော်ရွှင်ရကြောင်း ဆိုင်စံက ပြောကြားပါတယ်။

# FOREIGN AFFAIRS


BBC

## G-20 အစည်းအဝေး ကျင်းပရာ ဟမ်းဘတ်တွင် ဆူပူမှုဖန်တီးနိုင်သူများကို အမှတ်အသားပြုလုပ်ရန် ဂျာမန်ပြည်ထဲရေးဝန်ကြီးညွှန်ကြား

**ဟမ်းဘတ်၊ ဇူလိုင် ၁၆**

ဆူပူမှုဖန်တီးနိုင်သူများအား ၎င်းတို့၏လှုပ်ရှားမှုများကို တင်းကျပ်ရန် သို့မဟုတ် ခြေချင်းဝတ်တွင် အမှတ်အသားတပ်ဆင်ပေးရန် ဂျာမန်ပြည်ထဲရေးဝန်ကြီး သောမတ်စ်ဒီမေဇီရီက ပြောကြားလိုက်ကြောင်း BBC သတင်းတွင်ဖော်ပြထားသည်။

ဟမ်းဘတ်တွင် ကျင်းပသော G-20 အစည်းအဝေးကို ရုပ်ပျက်စေခဲ့သော ထပ်တလဲလဲဆူပူမှုများကို တားဆီးရန် ဝန်ကြီးက အကြံညာဏ်ထုတ်လိုက်ခြင်းဖြစ်သည်။

ဟမ်းဘတ်တွင် ရဲအရာရှိ ၂၀,၀၀၀ ကျော် ဖြန့်ကြက်ထားရပြီး ဆူပူသူများက ကားများကို ဖျက်ဆီးခြင်း၊ ဆိုင်များကို လုယက်ခြင်း၊ ကျောက်ခဲများ ခေါက်ဆီဗုံးများဖြင့် ပစ်ပေါက်ခြင်းတို့ကြောင့် လူ ၅၀၀ ခန့် ထိခိုက်ဒဏ်ရာရခဲ့သည်။

ဝန်ကြီးဒီမေဇီရီက ဘောလုံးပရိသတ် လူရမ်းကားများအား တင်းကျပ်သည့်ပုံစံနှင့် နှိုင်းယှဉ်ကာ ပြောဆိုခဲ့သည်။

ဟမ်းဘတ်မြို့တော်ဝန် အူလာရှုလ်ဇ်ကလည်း ယခုအကြမ်းဖက်ဖြစ်စဉ်များနှင့် ပတ်သက်၍ G-20 အစည်းအဝေးနှင့် ရဲများတွင် တာဝန်မရှိဘဲ မြို့တော်နေလူထုကိုမလေးစားဘဲ အကြမ်းဖက် ဖျက်ဆီးဖို့အတွက်သာ အာရုံစိုက်နေသော လူရမ်းကားများတွင် တာဝန်ရှိသည်ဟု ပြတ်သားစွာပြောကြားသည်။

G-20 အစည်းအဝေးကျင်းပသည့် ဇူလိုင်လ ၇ ရက်နှင့် ၈ ရက်နေ့အတွင်း ဆန္ဒပြသူ ၁၀၀,၀၀၀ ကျော် ပါဝင်ချီတက်ခဲ့သည်ဟု ယုံကြည်ရပြီး အများစုမှာ ငြိမ်းချမ်းစွာ ဆန္ဒပြခဲ့ခြင်းဖြစ်သည်။

ဆူပူသူလူရမ်းကားများကို ဆန္ဒပြပွဲများတွင် တက်ရောက်ခွင့် မပေးသင့်ဘဲ လိုအပ်ပါက ဘောလုံးလူရမ်းကားများကို ထိန်းချုပ်သကဲ့သို့ ရဲများထံ သတင်းပို့စေခြင်းနှင့် အမှတ်အသားတပ်ဆင်ပေးခြင်းတို့ ပြုလုပ်သင့်သည်ဟု ပြည်ထဲရေးဝန်ကြီး ဒီမေဇီရီက ဂျာမန်မီဒီယာသို့ ပြောကြားသည်။

ထို့ပြင် ကျူးကျော်နေထိုင်သူများကိုလည်း တင်းကျပ်သော အရေးယူဆောင်ရွက်မှုများပြုလုပ်ကာ ၎င်းတို့ အသုံးပြုနေသောအိမ်များကို အမြန်ဆုံးရှင်းလင်းရန် ဝန်ကြီးက တိုက်တွန်းပြောကြားသည်။

ကျူးကျော်နေထိုင်သူ လူတန်းစားများနှင့်ပတ်သက်၍ လူသိများသည့် ဟမ်းဘတ်တွင် လက်ဝဲအစွန်းရောက်များကြောင့် အဓိကရုဏ်းများဖြစ်ပွားမှုမှာ မဆန်းတော့ဟုဆိုသည်။

ယခုနှစ် အလုပ်သမားနေ့ ဆန္ဒပြပွဲများတွင်လည်း ဟမ်းဘတ်မြို့လမ်းများပေါ်တွင် အစွန်းရောက် လူရမ်းကားများနှင့် ရဲများ နာရီပေါင်းများစွာ ရုန်းရင်းဆန်ခတ်ဖြစ်ပွားမှုများကြောင့် မော်တော်ကား ၂၀၀၈ စီး မီးလောင်ပျက်စီးခဲ့သည်။

ဟမ်းဘတ်ရဲဌာနသည် G-20 အစည်းအဝေးမတိုင်မီကပင် ဖြစ်နိုင်ခြေပြဿနာများကို သိရှိထားပြီးဖြစ်သောကြောင့် နိုင်ငံတစ်ဝန်းမှ ရဲများကို ခေါ်ယူထားခဲ့သည်။

ဟမ်းဘတ်သို့ ဂျာမနီတစ်ဝန်းနှင့် အခြားမှ လက်ဝဲစွန်းစစ်သွေးကြွများပါ ရောက်ရှိနေသည်ဟူသောအချက်ကို အာဏာပိုင်များက စဉ်းစားသုံးသပ်လျက်ရှိသည်။ ■ F-04

## ဆီနီဂေါ ဒင်ဘာဒီရော့ပ် ဘောလုံးကွင်းတွင် နံရံပြိုကျမှုကြောင့် ရှစ်ဦးသေဆုံး

**ဒက်ကာ၊ ဇူလိုင် ၁၆**

ဆီနီဂေါနိုင်ငံရှိ ဘောလုံးကစားကွင်းတွင် နံရံပြိုကျမှုကြောင့် ရှစ်ဦးသေဆုံးပြီး အနည်းဆုံး ၄၉ ဦး ဒဏ်ရာရရှိသွားသည်ဟု BBC သတင်းတွင်ဖော်ပြထားသည်။

ဒင်ဘာဒီရော့ပ် ဘောလုံးကွင်းတွင် စတယ်ဒီအမ်ဘာအသင်းနှင့် ယူနီယံစပို့တစ်ကွာကမ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သော လိဂ်ဖလားဘောလုံး ဗိုလ်လုပွဲအပြီးတွင် ယင်းသို့ နံရံပြိုကျမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မျက်ရည်ယိုခေတ်ငွေ့အသုံးပြုသော ရဲများနှင့် ဘောလုံးပွဲပရိသတ်များအကြား ရုန်းရင်းဆန်ခတ်မှု ဖြစ်ပွားခဲ့မှုကြောင့် လူများကြောက်လန့်တကြား ထွက်ပြေးခဲ့ကြပြီးနောက် နံရံပြိုကျခဲ့ခြင်းဖြစ်သည်။

အချို့ ပရိသတ်များကလည်း ကျောက်ခဲများ၊ တွေ့ကရာပစ္စည်းများဖြင့် အခြားသူများကို ပစ်ပေါက်ခဲ့ကြသည်။

အွန်လိုင်းတွင် ပျံ့နှံ့နေသောဓာတ်ပုံများတွင် အခိုးအငွေ့များအကြား ပြိုကျနေသော အုတ်နံရံအပေါ်တွင် လူများကျော်လွှား ထွက်ပြေးနေကြသည်ကို တွေ့မြင်ရသည်။

အခင်းဖြစ်ပွားရာနေရာသို့အရေးပေါ်လူနာတင်ယာဉ်နှင့် မီးသတ်ကားများ ရောက်ရှိနေသည်ဟု ပြည်တွင်းသတင်းဌာန APS က ပြောကြားသည်။

ပွဲကစားချိန် မိနစ် ၉၀ ပြည့်သည်အထိ တစ်ဂိုးစီ သရေကျနေခဲ့ပြီးနောက် အချိန်ပိုပထမပိုင်းတွင် အမ်ဘာအသင်းက ဂိုးသွင်းကာ နှစ်ဂိုးတစ်ဂိုးဖြင့် ဦးဆောင်ကစားခဲ့ပြီး ပွဲသိမ်းခရာမှုတ်ချိန်တွင် ပရိသတ်များအကြား အကြမ်းဖက် ရုန်းရင်းဆန်ခတ်မှုများ စတင်ဖြစ်ပွားခဲ့သည်။

အခင်းဖြစ်ရပ်တွင် သူငယ်ချင်းတစ်ဦး သေဆုံးခဲ့ပြီး၊ ဘောလုံးကွင်းထဲမှ ပရိသတ်များ ထွက်နိုင်အောင် ကူညီပေးနေသူ ချိခ်မီဘာဒီရော့ပ်က “နံရံပြိုကျတဲ့အခါ အားလုံးက အံ့အားသင့်သွားကြတယ်။ အုတ်နံရံက လူတွေအပေါ်ကို တိုက်ရိုက်ပြိုကျပြီး ပိသွားလို့ ကျွန်တော်တို့အထဲက တချို့လူတွေ အသက်ဆုံးရှုံးသွားပြီဆိုတာကို သိလိုက်ပါတယ်” ဟု AFP သတင်းဌာနသို့ ပြောကြားသည်။

သမ္မတမက်ကီဆယ်လ်၏ ပြောရေးဆိုခွင့်ရှိသူက အခင်းဖြစ်ရပ်တွင် သေဆုံးသွားသူများအတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် လာမည့်ရွေးကောက်ပွဲအတွက် မဲဆွယ်မှုကို တနင်္ဂနွေနေ့တွင် ရပ်နားထားမည်ဖြစ်ကြောင်းနှင့် သတိပေးသည့်အနေနှင့် အရေးယူပြစ်ဒဏ်ပေးမှုများ လုပ်ဆောင်သင့်ကြောင်း ပြောကြားသည်။ ■ F-04


AP

## အမေရိကန်အမျိုးသမီးလွှတ်တော်အမတ်များ လက်မောင်းဖော်ခွင့်အတွက် ဆန္ဒပြ၊ သတ်မှတ်ဝတ်စုံစည်းကမ်းကို ကန့်ကွက်

**ဝါရှင်တန်၊ ဇူလိုင် ၁၆**

အမေရိကန်အမျိုးသမီး လွှတ်တော်အမတ်များက ဝါရှင်တန်ဒီစီရှိ လွှတ်တော်အဆောက်အအုံအတွင်းရှိ နေရာများတွင် လက်မောင်းဖော်ခွင့်အတွက် ဆန္ဒပြခဲ့ကြသည်ဟု BBC သတင်းတွင် ဖော်ပြထားသည်။


BBC

ကာလကြာရှည် ကျင့်သုံးခဲ့သော ကျင့်ဝတ်စည်းကမ်းတွင် လက်မောင်းအိုးမပါသော အပေါ်ဝတ်အင်္ကျီများ ဝတ်ဆင်မှုကို ပိတ်ပင်ထားသည်။

ယခုတစ်လောတွင် အမျိုးသမီးတော်တော်များများမှာ ၎င်းတို့၏ဝတ်စုံကစည်းကမ်းနှင့်မညီကြောင်း အပြောအဆိုခံခဲ့ရပြီးနောက် ယခုကဲ့သို့ ဆန္ဒပြမှု ထွက်ပေါ်လာခြင်းဖြစ်သည်။

နိုင်ငံရေးသမားများအား မေးမြန်းခွင့်ရှိသော ဧည့်ခန်းဧရိယာသို့ မဝင်ရန် တားမြစ်ခံခဲ့ရသည်ဟု အမျိုးသမီးသတင်းထောက်များက ပြောကြားထားသည်။

လက်မောင်းအိုးမပါသော သောကြာနေ့ဟုခေါ်သော ဆန္ဒပြပွဲကျင်းပရန်အတွက် လက်မောင်းဖော်သော အင်္ကျီများ ဝတ်ဆင်လာကြရန် လွှတ်တော်အမတ် ဂျက်ကီစပီးယားက သူမ၏လုပ်ဖော်ကိုင်ဖက်များကို Twitter မှတစ်ဆင့် လှုံ့ဆော်ခဲ့သည်။

အမျိုးသမီး ၂၅ ဦးသည် လက်မောင်းအိုးမပါသော အင်္ကျီများဝတ်ဆင်ကာ ကွန်ဂရက်လွှတ်တော်လှေကားထစ်များပေါ်တွင် စုဝေးခဲ့ကြသည်။

“ယခုအချိန်က ၂၀၁၇ ပါ။ အမျိုးသမီးတွေ မဲပေးခွင့်ရှိတယ်။ သမ္မတ ရာထူးရယူခွင့်ရှိတယ်။ ကိုယ်ပိုင်စတိုင်ကို ရွေးချယ်ခွင့်ရှိတယ်။ လွှတ်တော်စည်းကမ်းတွေက ခေတ်ကာလကို ထင်ဟပ်ရမယ့်အချိန်ဖြစ်တယ်”ဟု လွှတ်တော်အမတ် ချယ်လီပင်ဂရီက ပြောကြားသည်။

အင်္ကျီလက်မောင်းအိုးစည်းကမ်းကို အမျိုးသားများအပေါ်တွင်လည်း ချမှတ်ထားရာ သတ်မှတ်ဧရိယာတွင် ဝင်ထွက်သွားလာရန် အနောက်တိုင်းဝတ်စုံနှင့် လည်စည်းများ ဝတ်ဆင်ရန် လိုအပ်သည်ဟုဆိုသည်။ ခြေချောင်းဖော်ထားသော ရှူးဖိနပ်များကိုလည်း ခွင့်မပြုပေ။

စာ-23

# အကြမ်းဖက်ဖောက်ခွဲရေးသမားနှစ်ဦး မြန်မာနိုင်ငံအတွင်း ရောက်ရှိဟုဆို

**ရန်ကုန်၊ ဇူလိုင် ၁၆**

ပြည်ပအခြေစိုက် အကြမ်းဖက်အဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ မြန်မာနိုင်ငံအတွင်း အကြမ်းဖက်ဖောက်ခွဲမှုများ ပြုလုပ်ရန် ပြန်လည်ဝင်ရောက်လာသော မြန်မာနိုင်ငံသားနှစ်ဦး၏ ဓာတ်ပုံများကို ဖြန့်ဝေ၍ ဖမ်းဆီးစစ်ဆေးနိုင်ရန် လိုက်လံစုံစမ်းဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အကြီးတန်းရဲအရာရှိကြီးတစ်ဦးက ပြောကြားသည်။

"ဖောက်ခွဲရေးသမားနှစ်ယောက် မြန်မာနိုင်ငံထဲ ရောက်ရှိနေတာကိုအင်တာပိုနဲ့ချိတ်ဆက်ပြီး သတင်းရခဲ့တယ်။ လက်ရှိသူတို့နှစ်ယောက် ရှမ်းပြည်နယ်မြောက်ပိုင်းမှာ ရှိနေတယ်သတင်းရလို့ မြေလှန်ရှာနေတယ်။ သူတို့နှစ်ယောက်ရဲ့ဓာတ်ပုံကိုလည်း ရှမ်းမြောက်ပိုင်းမှာရှိတဲ့ လူစည်ကားရာနေရာတွေမှာ ချိတ်ဆွဲပေးထားတယ်။ တွေ့ရင် ပြည်သူတွေ သတင်းပေးနိုင်အောင်လို့ပါ" ဟု ၎င်းက ဆိုသည်။

အဆိုပါ ဖောက်ခွဲရေးသမားနှစ်ဦးမှာ အသက် ၂၀ နှစ်ဝန်းကျင်ရှိပြီး ၎င်းတို့မည်သည့် အဖွဲ့အစည်းနှင့် ပတ်သက်နေသည်ကိုမူ လတ်တလော သတင်းထုတ်ပြန်ပေးနိုင်ခြင်းမရှိသေးကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

လာမည့် ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျရောက်မည့် အာဇာနည်နေ့မတိုင်မီ မြန်မာနိုင်ငံတစ်ဝန်း၌ မလိုလားအပ်သည့် ပဋိပက္ခများနှင့် အကြမ်းဖက်မှုများ မဖြစ်ပွားစေရန် ရဲတပ်ဖွဲ့က လုံခြုံရေး အထူးတိုးမြှင့်ဆောင်ရွက်ထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်ထံမှ စုံစမ်းသိရှိရသည်။

■ **S-03**

# သန်လျင်မြို့နယ်တွင် ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦး အသတ်ခံရ

**ရန်ကုန်၊ ဇူလိုင် ၁၆**

သန်လျင်မြို့နယ်၊ သဒ္ဓေးကွင်းကျေးရွာတောင်ဘက်၊ ၆ ဖာလုံခန့်အကွာ၊ အကျယ်ပေ ၂၀ ခန့်၊ ရေအနက် ၆ ပေခန့်ရှိ ဘော့ချောင်းလက်တက်တွင် အသက် ၂၀ အရွယ် ကိုယ်ဝန်လေးငါးလခန့်ရှိသူ အမျိုးသမီးတစ်ဦး အသတ်ခံရပြီး စွန့်ပစ်ခံရထားကြောင်း ယင်းမြို့နယ်ရဲတပ်ဖွဲ့ထံမှ သိရသည်။

စွန့်ပစ်ခံရသူမှာ သန်လျင်မြို့နယ်၊ စစ်ပင်ကွင်းကျေးရွာတွင်နေထိုင်သူ အသက် ၂၀ အရွယ် မလှလှနွယ်ဖြစ်ပြီး ဇူလိုင်လ ၁၅ ရက် နေ့ နံနက် ၇ နာရီခန့်က ယင်းဘော့လက်ချောင်းလက်တက်အတွင်းတွင် နှုတ်ခမ်းဘယ်ဘက်အပေါ်/အောက်ပေါက်ပြဲဒဏ်ရာတစ်ချက်၊ ဘယ်ဘက်မျက်ခုံး တစ်လက်မခန့်ပေါက်ပြဲဒဏ်ရာတစ်ချက်၊ ညာနားရွက် ၂ စင်တီမီတာခန့် ပြတ်ရှဒဏ်ရာတစ်ချက်ဖြင့် မှောက်လျက်အနေအထားသေဆုံးနေသည်ကို တွေ့ရှိခဲ့ရကြောင်း အမှုဖွင့်တိုင်ကြားချက်အရ ယင်းမြို့နယ်ရဲတပ်ဖွဲ့ထံမှ သိရသည်။

"ရေနစ်သေနေတယ်ဆိုပြီး အကြောင်းကြားတာနဲ့သွားစစ်တာ၊ အစတော့ ဘယ်သူမှန်းမသိဘူး၊ ဒဏ်ရာတွေလည်း တွေ့တယ်၊ ကိုယ်ဝန်လည်း ရှိတယ်၊ လိုက်လံစုံစမ်းလိုက်တော့ စစ်ပင်ကွင်းကျေးရွာမှာနေထိုင်သူလို့ သိရတယ်၊ သူ့မှာ ယောကျ်ားရှိတယ်၊ သူ့ယောကျ်ားနဲ့ အရင်နေ့က စကားများရန်ဖြစ်တယ်လို့ သိရတယ်၊ သူ့ယောကျ်ားကလည်း ပျောက်နေလို့ လိုက်ရှာနေပါတယ်၊ ဘယ်သူသတ်တယ်ဆိုတာတော့ မသိရသေးဘူး" ဟု ယင်းမြို့နယ်ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ရှင်းပြသည်။

ကိုယ်ဝန်ဖြင့်စွန့်ပစ်ခံရသူ မလှလှနွယ်၏ ရုပ်အလောင်းကို သန်လျင်မြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကာ လူသေဆုံးအောင်ပြုလုပ်သူအား စုံစမ်းဖော်ထုတ်အရေးယူပေးရန် သပြေကန်ရဲကင်းစခန်းမှူး ရဲအုပ်အုန်းစိုးက တရားလိုပြုလုပ်တိုင်ကြားသဖြင့် သန်လျင်မြို့မရဲစခန်းက (ပ)၂၂၆၉/၁၇၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့် စုံစမ်းရှာဖွေလျက်ရှိကြောင်း သိရသည်။

■ **J 16**

# ရှူခင်းသာလမ်းရှိ ပြည့်တန်ဆာအခန်းကို ဖမ်းဆီး

**ရန်ကုန်၊ ဇူလိုင် ၁၆**

သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ ရှူခင်းသာလမ်းတွင် ဇူလိုင်လ ၁၅ ရက် မွန်းလွဲ ၃ နာရီခွဲက ပြည့်တန်ဆာပြုလုပ်နေသည့်တိုက်ခန်းတစ်ခန်းအား ဝင်ရောက်ရှာဖွေဖမ်းဆီးခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

အဆိုပါ ဝင်ရောက်ဖမ်းဆီးခဲ့သည့် တိုက်ခန်းတွင် ပြည့်တန်ဆာလုပ်ငန်း လုပ်ကိုင်နေကြောင်း သတင်းရရှိသဖြင့် ရဲတပ်ဖွဲ့က အမျိုးသားသုံးဦးကို ကြိုတင်မိတ္တူကူးယူထားသည့် ငါးထောင်ကျပ်တန် ငွေစက္ကူ ခြောက်ရွက်ပေးပြီး စေလွှတ်ခဲ့သည်။

ယင်းနောက် ရပ်ကွက်အုပ်ချုပ်ရေးမှူးအဖွဲ့နှင့်အတူ တိုက်ခန်းအတွင်း ဝင်ရောက်ရှာဖွေခဲ့ရာ ကြိုတင်စေလွှတ်ထားသူများနှင့်အတူ အခကြေးငွေလက်ခံပြီး ပြည့်တန်ဆာလုပ်ငန်း လုပ်ကိုင်နေသည့် အသက် ၁၇ နှစ်အရွယ် မိန်းကလေးသုံးဦးနှင့် တိုက်ခန်းငှားပြီး ပြည့်တန်ဆာလုပ်ငန်း လုပ်ကိုင်နေသည့် အမျိုးသားနှစ်ဦးကို ဖမ်းမိခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

"ပြည့်တန်ဆာအလုပ်နဲ့ ငွေကြေးရှာဖွေ အသက်မွေးဝမ်းကျောင်းပြုနေတဲ့ အမျိုးသမီးသုံးယောက်ကို မိခဲ့တယ်။ သူတို့ကို နောက်ကွယ်က စေခိုင်းနေသူတွေကိုတော့ မမိသေးဘူး။ ဆက်လက်စုံစမ်းနေဆဲပါ" ဟု ရဲအရာရှိက ပြောသည်။

ဖမ်းမိသည့် မိန်းကလေးသုံးဦးနှင့် အမျိုးသားနှစ်ဦးတို့ကို သာကေတနယ်မြေရဲစခန်းက(ပ)၈၂၄/၁၇၊ပြည့်တန်ဆာနှိပ်ကွပ်ရေး အက်ဥပဒေပုဒ်မ ၃(ခ) ဖြင့် အမှုဖွင့်အရေးယူထားပြီး ယခုနှစ် ရန်ကုန်တိုင်းဒေသကြီးအတွင်း စွန်ရဲစီမံချက်ဖြင့် ပြည့်တန်ဆာ လုပ်ကိုင်နေသည့်အမျိုးသမီး အယောက် ၂၀၀ ကျော်ကို ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

■ **S-03**

ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက ...
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

# မှုခင်းသတင်းတိုများ

■ လှိုင်မြို့နယ်၊ အမှတ်(၁၆)ရပ်ကွက်၊ ဗဟိုလမ်းနှင့် အုတ်ကျင်းဘူတာရုံလမ်းထောင့်တွင် ဇူလိုင်လ ၁၅ ရက် နံ နက် ၂ နာရီခန့်က မသင်္ကာဖွယ်ရာ တွေ့ရှိသည့် အနက်ရောင်ဆိုင်ကယ်တစ်စီးကို ရပ်တန့်စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ အမျိုးသားနှစ်ဦးကို ဖမ်းမိခဲ့သဖြင့် ယင်းမြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅/၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့်ထားသည်။

■ လှည်းကူးမြို့နယ်၊ ဆေးရုံကုန်းရပ်ကွက်၊ ဖောင်ကြီးအရှေ့ကျေးရွာ၊ နေအိမ်တစ်လုံးတွင် ဇူလိုင်လ ၁၅ ရက် နံ နက်ပိုင်းက အသက် ၂၂ နှစ်အရွယ် အမျိုးသမီးတစ်ဦး ဘယ်ဘက်လည်ပင်းကြိုးပွန်းညိုမည်းဒဏ်ရာဖြင့် ကြိုးဆွဲချသေဆုံးနေသည်ကိုတွေ့ရသဖြင့် ရုပ်အလောင်းကို ဖောင်ကြီးဆေးရုံကြီးသို့ ဆောင်ကာ ဓမ္မတာအတိုင်းသေ ဆုံးခြင်းဟုတ်၊ မဟုတ်သိရှိနိုင်ရန် ဖောင်ကြီးနယ်မြေရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၂/၁၇ ဖြင့် စစ်ဆေးနေသည်။

■ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(တောင်)ရပ်ကွက်၊ နန္ဒဝန်လမ်းအတွင်းရှိ စာသင်ကျောင်းတစ်ခု၏ နောက်ဖေးတွင်တပ်ဆင်ထားသော Cempum တံဆိပ်ပါ စိမ်းနုရောင်ရေမော်တာတစ်လုံးနှင့် The Water Pump တံဆိပ်ပါ အပြာရောင် ရေမော်တာနှစ်လုံးကို ဖြုတ်ခိုးကာရောင်းချခဲ့သည်ဟုဆိုသော အသက် ၂၂ နှစ်အရွယ် အမျိုးသား တစ်ဦးကို ဇူလိုင်လ ၁၅ ရက်နေ့က ဖမ်းဆီးပြီး ရာဇသတ်ကြီးပုဒ်မ ၃၈၀/၅၄ ဖြင့် အမှုဖွင့်ထားသည်။

■ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ၁၅ ပေကွက်သစ်ရှိ လူမနေသော တဲအိမ်တစ်လုံးတွင် ဇူလိုင်လ ၁၅ ရက် နေ့လည်ပိုင်းက အရက်သေစာသောက်စားကာ ဝင်ရောက်အိပ်စက်ရာမှ ရေထဲပြုတ်ကျ သေဆုံး နေသည့် အမျိုးသားတစ်ဦး၏ ရုပ်အလောင်းကိုတွေ့ရသဖြင့် ယင်းမြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ပို့ဆောင်ကာ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်၊ မဟုတ် သိရှိနိုင်ရန် သန်လျင်မြို့မရဲစခန်းကသေမှုသေခင်းအမှတ်စဉ် ၃၄ /၁၇ ဖြင့်စစ်ဆေးနေသည်။

■ လှိုင်သာယာမြို့နယ်၊ ပန်းလှိုင်ဂေါက်ကွင်းလမ်းအတိုင်း မြောက်မှတောင်သို့မောင်းနှင်လာသော အနက်ရောင် ဆိုင်ကယ်တစ်စီးသည် ဇူလိုင်လ ၁၄ ရက် ညနေပိုင်းက စန္ဒတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးစက်ရုံအနီးအရောက် အရှိန်မထိန်းနိုင်ဘဲ လမ်းညာဘက်ဘေးရှိ ဓာတ်တိုင်ကို ဝင်တိုက်ရာ ဆိုင်ကယ်စီးနင်း သူ အသက် ၂၅ နှစ်အရွယ် အမျိုးသားတစ်ဦး ပေါက်ပြဲပွန်းပဲ့ဒဏ်ရာများရရှိပြီး အခင်းဖြစ်နေရာတွင် သေဆုံးသွားသဖြင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ အမျိုးသားကို ယင်းမြို့မရဲစခန်းက ရာဇသတ်ကြီးပုဒ်မ ၃၀၄-က/၃၃၈/၂၇၉ ဖြင့် အမှုဖွင့်ထားသည်။

**J 16**

The VOICE Daily

CARTOON



# မြိတ်တွင် သက်ငယ်မုဒိမ်းမှု ပပျောက်ရေး လူထုလှုပ်ရှားမှုပြုလုပ်

**မြိတ်၊ ဇူလိုင် ၁၆**

သက်ငယ်မုဒိမ်းမှုပပျောက်ရေး လူထုလှုပ်ရှားမှုတစ်ရပ်ကို ဇူလိုင်လ ၁၆ ရက်က မြိတ်မြို့တွင် ပြုလုပ်ခဲ့သည်။

အဆိုပါ လူထုလှုပ်ရှားမှုတွင် မြိတ်တောင်နယ်မြေ အုပ်ချုပ်ရေးမှူးရုံးရှေ့နှင့် ဂေါက်ကွင်းလမ်းဆုံတို့မှ လမ်းကြောင်းနှစ်ကြောင်းခွဲပြီး ဟောပြောပွဲပြုလုပ်မည့် မြိတ်တောင်ရပ်ကွက်ရှိ အရှေ့သိမ်ကျောင်းဘောလုံးကွင်းသို့ ကြွေးကြော် ချီတက်ခဲ့ကြကြောင်း ယင်းလှုပ်ရှားမှုမှ သိရသည်။

ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး တို့အရေး၊ သက်ငယ်မုဒိမ်းမှု ပပျောက်ရေး တို့အရေး၊ သက်ငယ်မုဒိမ်းမှုများကြီးလေးစွာအပြစ်ပေးရေး တို့အရေး၊ ကလေးငယ်များကို အနိုင်ကျင့် အကြမ်းဖက်မှုမရှိရေး တို့အရေး၊ သက်ငယ်မုဒိမ်းမှု ချက်ချင်းရပ် ချက်ချင်းရပ် စသည့် ကြွေးကြော်သံများဖြင့် လူအင်အား ၃၀၀ ကျော်က ချီတက်ခဲ့ကြသည်။

"သက်ငယ်မုဒိမ်းမှုတွေက မြိတ်မှာ တော်တော်များများဖြစ်နေပြီး လူထုအကြားမှာ ပေါ်ပေါ်လွင်လွင် သိစေချင်တာရယ်နှင့် သက်ငယ်မုဒိမ်းမှုကို ထိရောက်စွာ အပြစ်ပေးချင်တဲ့ဆန္ဒနဲ့ ပြုလုပ်တာပါ" ဟု ဦးဆောင်သူ ဒေါ်ရှင်ဒွေးက ပြောသည်။

အဆိုပါဟောပြောပွဲတွင် မြိတ်ရှေ့နေများကွန်ရက်မှ ဆရာဦးအောင်လွင်နှင့် ဒေါက်တာ ဖြိုးသီဟတို့က ကလေးသူငယ်မုဒိမ်းမှုများနှင့်ပတ်သက်ပြီး အသိပညာပေးဟောပြောခဲ့သည်။

"သက်ငယ်မုဒိမ်းမှု ပပျောက်ကင်းဝေးအောင် ဌာနဆိုင်ရာနှင့် အာဏာပိုင်တွေက ပူးပေါင်းဆောင်ရွက်ပေးစေချင်တယ်" ဟု လူထုလှုပ်ရှားမှုတွင် ပါဝင်သူ ဒေါ်မော်မော်လွင်က ပြောသည်။

လူထုလှုပ်ရှားမှုတွင် ပါဝင်သူ အများစုမှာ အသက် ၁၈ နှစ်အောက်များ ဖြစ်ကြောင်း တွေ့ရသည်။

■ **Dawei Watch**



ဓာတ်ပုံ – မြင့်နိုင် (Dawei Watch)

The VOICE Daily CARTOON





## အခမဲ့ ကြော်ငြာကဏ္ဍ Classifieds

| | | | | | |
|---|---|---|---|---|---|
| မြတ်သုခ<br>Ph:09-444041925 | အောင်ချမ်းငြိမ်း<br>ကွန်ပျူတာစာစီစာရိုက်<br>မန္တလေးမြို့<br>Ph: 09-402666495,09-793230171 | ကျော်သူ<br>(ဘိတ်နှင့်ရေမိုးနံ)<br>မန္တလေးမြို့<br>Ph:09-402769749 | မြတ်သစ္စာ<br>Ph:09-43145693 | ထူးစေတနာ<br>(ကားပြုပြင်ရေး)<br>မန္တလေးမြို့<br>Ph:09-444039035 | စန္ဒီဂိုက်<br>မန္တလေးမြို့<br>Ph: 09-402630443,09-772009732 |
| Media Power Co,Ltd<br>Block 441, Hlay Thinn Min Street,<br>Near No.10 Police Station<br>West of Mahamuni Pogoda<br>Chan Mya Tharsi Tsp, Mandalay<br>Ph: 09-91008816,09-2057457 | ကြံတိုင်းအောင်<br>(ကုန်စည်ပို့ဆောင်ရေး)<br>Ph: 09-5310386 | မိဘအရိပ်<br>09-402630443,09-772009732 | ပန်းလေပြေ<br>(ရှမ်းထမင်းဆိုင်)<br>မန္တလေးမြို့<br>Ph: 09-444013863,09-265875839 | လပြည့်<br>No.101,Bldg2,1st Flr, 8th St,<br>Yuzana Garden City Housing,<br>A-block, Ward(94), DGSK<br>Ph:09-795354392,775496891 | ရတနာထွန်း<br>Shukhin Thar Road,<br>Ward (7-East). TKA<br>Ph:09-43031511,09-258554040 |
| Diamond Neon<br>(Adversiting)<br>Ph:09-253941911 | UMG<br>Relentless Pursuit Excellence<br>No.4/b,bayint naung St, Qtr 26,<br>Myayamon Housing,Waterfront Villa,<br>South dagon Tsp, Yangon,Myanmar<br>Ph:01-8100277<br>www.facebook.com/umgroups | ESS (Dress Markers)<br>No.39, 167th Street,<br>Tamway Gyee (Kha),<br>Ward, Tamwe<br>Ph: 09-5087629,09-43200561 | Ye Kyaw Htay<br>Issurance Agency<br>No.500,<br>Ph: 09-253055205 | No.98/B, 27 လမ်း<br>Ph:09-73208395,09-253385620,<br>09-781884622,01-337435 | Fashion<br>Ph:09-5103296,01-243817 |
| (ဆေးဆိုင်)<br>အမှတ်- B/18,<br>Ph: 09-428176808,09-458559005 | Akar Moe Oo<br>(Construction Services Co,Ltd)<br>No.2, Pathein Nyunt 8th St,<br>Corner of Pathein Nyut 9th Street,<br>Pathein Nyunt Ward, HNG<br>Ph:09-5194004,09-5409909 | Almighty Rainbow<br>Capability Co,Ltd (ARC)<br>Ph:09-73074902,09-421053072 | No.785/1,<br>Ph: 09-5054426,01-581312 | (တံဆိပ်ရိုက်လုပ်ငန်း)<br>Ph:09-250152633,09-252200036 | Aung Thamardi<br>No.158/A, Yangon Insein Rd,<br>Near Than Lan Bus Stop,<br>Ward 9, HIG,<br>Ph:09-5410889,01-521228 |
| Ph:09-5129086,09-73057797 | Super Lucky Star | (အိတ်ချုပ်လုပ်ငန်း)<br>Ph: 09-73159935,09-250143733, | (အိတ်ချုပ်လုပ်ငန်း)<br>Ph: 09-421179325,09-799983812 | မြတ်မင်းဦး<br>(အိတ်ချုပ်လုပ်ငန်း)<br>Ph: 09-450034995,09-251017545 | D-louzz<br>(Bag Tailoring)<br>No.744, Malar Nwe Street,<br>Myittar Nyunt Ward, Tamwe<br>Ph:09-31789830,09-73060258 |

# သိုလှောင်ကြက်သွန်နည်းပြီး ဝယ်လိုအားကောင်း၍ ဈေးတက်

**မိတ္ထီလာ၊ ဇူလိုင် ၁၆**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်အတွင်း သိုလှောင်ထားသော ဒေသထွက်ကြက်သွန်နီပမာဏသည်နည်းပါးနေပြီး ဒေသတွင်း ဝယ်လိုအားကောင်းလာသဖြင့် ပြီးခဲ့သည့် သီတင်းပတ်မှ စတင်ကာ ဈေးမြင့်တက်လာကြောင်း ဒေသခံလှောင်လက်များ၊ ကြက်သွန်နီပွဲရုံများနှင့် တောင်သူများထံမှ စုံစမ်းသိရှိရသည်။

မိတ္ထီလာခရိုင်တွင် ကြက်သွန်အသစ်များစထွက်ချိန် ဧပြီလပထမသီတင်းပတ်အတွင်းက ကြက်သွန်နီပိဿာတစ်ရာ၏ ပေါက်ဈေးသည် ၅၅,၀၀၀ ကျပ်သာရှိခဲ့ပြီး တဖြည်းဖြည်းဈေးတက်လာခဲ့ရာ ပြီးခဲ့သည့် မေလကုန်တွင် ကြက်သွန်နီပိဿာတစ်ရာ၏ ပေါက်ဈေးသည် ၇၀,၀၀၀ ကျပ် ရှိခဲ့ကြောင်း၊ ဇွန်လဆန်းက ပေါက်ဈေးသည် ကြက်သွန်ပိဿာတစ်ရာလျှင် တစ်သိန်းကျပ်အထိရှိခဲ့ပြီး ပြီးခဲ့သည့်သီတင်းပတ်အတွင်းက ပေါက်ဈေးသည် ပိဿာတစ်ရာလျှင် တစ်သိန်းနှစ်သောင်းကျပ်ရှိကာ ယနေ့ပေါက်ဈေးမှာပိဿာတစ်ရာလျှင်တစ်သိန်းသုံးသောင်းကျပ်ရှိကြောင်း မိတ္ထီလာ ကုန်စည်ဒိုင်ထံမှ သိရသည်။

"အရောင်းအဝယ်က အခုရက်ပိုင်းမှာ သွက်လာတယ်။ မြို့ပွဲစားတွေ လိုက်ဝယ်တဲ့သဘောရှိတယ်။ ရပ်ဝေးကလည်း မိတ္ထီလာကိုလှမ်းဝယ်တယ်။ ဒါပေမဲ့ ပစ္စည်းမရှိဘူးဖြစ်နေတယ်။ ဒီနှစ်ကုန်ရှားတယ်။ ဈေးကောင်းတယ်" ဟု မိတ္ထီလာမြို့မှ ကြက်သွန်ကုန်သည် ဦးကျော်ကျော်လင်းက ပြောဆိုသည်။

လက်ရှိ အနေအထားအရ တောင်သူကြီးအချို့၏လက်ထဲတွင် ကျန်ရှိသောပစ္စည်းမှာ မိုးမိကြက်သွန်မဟုတ်ဘဲ မိုးလွတ်ကြက်သွန်များဖြစ်၍ အထားခံသဖြင့် ဈေးတက်စောင့်ကာ သိုလှောင်ထားဆဲဖြစ်ပြီး မြို့ခံပွဲစားများက ကျေးလက်သို့ဆင်းကာအဝယ်လိုက်နေကြောင်း ဒေသခံတောင်သူများထံမှ စုံစမ်းသိရှိရသည်။

"အထားမခံတဲ့ မိုးမိကြက်သွန်တွေက သကြံန်ပြီးတစ်လကျော် လောက်ကကုန်သွားပြီ၊ အခုဟာက အကောင်းတွေ ကျန်နေတယ်။ ကြက်သွန်ရှားတော့ တော်သလင်း သီတင်းကျွတ်အထိ စောင့်ပြီးရောင်းမယ်" ဟု မိတ္ထီလာမြို့နယ် ကွက်ငယ်ရွာမှ တောင်သူ ဦးအောင်ငွေက ဆိုသည်။

အလားတူပင် မလှိုင်မြို့နယ်တွင်လည်း ရာသီဥတုကြောင့် ဒေသတွင်း ကြက်သွန်နီအထွက်နှုန်းသည် ၂၀ ရာခိုင်နှုန်းခန့် လျော့နည်းခဲ့ပြီး ယခုရက်ပိုင်းတွင် ဝယ်လက်စုံကာ လက်လီအရောင်းသွက်နေကြောင်း မလှိုင်စိန်သုံးလုံးကြက်သွန်ပွဲရုံမှ ဦးဖိုးကိုက ပြောကြားသည်။ ■

R-01

# ကျိုင်းတုံတွင် အမျိုးသားတစ်ဦးထံမှ စိတ်ကြွဆေးပြား ၂၀၀၀ ကျော်ဖမ်းမိ

**ကျိုင်းတုံ၊ ဇူလိုင် ၁၆**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ဝမ်လင်ရွာရှိ အိမ်တစ်လုံးတွင် ဇူလိုင်လ ၁၅ ရက် ညပိုင်းက အသက် ၃၉ နှစ်အရွယ် အမျိုးသားထံမှ စိတ်ကြွဆေးပြား ၂၀၀၀ ကျော်ကို ဖမ်းမိခဲ့ကြောင်း ကျိုင်းတုံမြို့ အမှတ် (၂၈) မူးယစ်တပ်ဖွဲ့စုထံမှ သိရသည်။

အဆိုပါ အိမ်သို့ တာဝန်ရှိသူများက ဝင်ရောက်ရှာဖွေရာမှ ဦးစိုင်းရှန် (၃၉ နှစ်) ထံမှ ကျပ် ၅၅ သိန်းတန်ဖိုးရှိ စိတ်ကြွဆေးပြားများနှင့် ကျပ်တစ်သိန်းကို ဖမ်းမိခဲ့ကြောင်း၊ မူးယစ်ဆေး တွေ့ရှိသူကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တားဆီးကာကွယ်ရေး ဥပဒေပုဒ်မများဖြင့် အမှုဖွင့်ထားကြောင်း ယင်းတပ်ဖွဲ့စုမှူး ဒုရဲမှူးဇော်ဝင်းထွန်းကပြောကြားသည်။ ■

R-16



ဓာတ်ပုံ-ZWT

# တောင်ငူမြို့နယ် ပညာရေးမှူးရုံးရှိ ဆိုင်ခန်းများကို ခြံစည်းရိုးခတ်သဖြင့် ဆိုင်ခန်းပိုင်ရှင်များ အခက်ကြုံ

**တောင်ငူ၊ ဇူလိုင် ၁၆**

တောင်ငူမြို့နယ် အမှတ် (၁၉) ရပ်ကွက်ရှိ မြို့နယ် ပညာရေးမှူးရုံး မြေနေရာတွင် အခကြေးငွေပေးသွင်းကာ ဖွင့်လှစ်ထားသည့် ဆိုင်ခန်းများကို တာဝန်ရှိသူများက လွန်ခဲ့သောနှစ်ရက်ခန့်က ခြံစည်းရိုးခတ်လိုက်သဖြင့် အခက်ကြုံနေကြောင်း ဆိုင်ခန်းပိုင်ရှင်များက ပြောကြားသည်။

၁၉၉၀ ခုနှစ်မှစတင်ကာ ဝန်ထမ်းသက်သာအနေနှင့် အုတ်ညှပ်တစ်ထပ်ဆိုင်ခန်း ၁၀ ခန်းကို တစ်ခန်းလျှင် ကျပ်ထောင်ဂဏန်းမှ သောင်းဂဏန်းအထိ ပေးသွင်းကာ ဖွင့်လှစ်ခဲ့ပြီး လက်ဖက်ရည်ဆိုင်ပိုင်ရှင်ကို ကိုယ်ပိုင်အစီအစဉ်ဖြင့် ဆိုင်ခန်းဖွင့် ရောင်းချခွင့်ပေးခဲ့ကြောင်း၊ ဆိုင်ခန်းရှင်များက သီတင်းကျွတ်တွင် ဖယ်ပေးရန် ပြောကြားထားပြီး နေရာရှာနေသော်လည်း ယခုကဲ့သို့ ခြံစည်းရိုး ခတ်လိုက်သဖြင့် ဆိုင်ခန်းရှင်များ အခက်အခဲနှင့် ရင်ဆိုင်နေရကြောင်း ၎င်းတို့ထံမှ သိရသည်။

"ဆိုင်ခန်းတွေကို ခြံစည်းရိုးခတ်လိုက်တော့ ကျွန်တော်တို့လို လက်ဖက်ရည်ဆိုင်က ဘယ်လိုလုပ် ရောင်းဝယ်လို့ရတော့မလဲ" ဟု တစ်လလျှင် ကျပ်ရှစ်သောင်းပေးကာ လက်ဖက်ရည်ဆိုင် ဖွင့်လှစ်ရောင်းချသူ ဦးပြေသိမ်းက ပြောဆိုသည်။

လက်မှတ်ထိုးခိုင်းသဖြင့် ဆိုင်ခန်းများ ဖယ်ပေးရမည်ကို သိရှိကြောင်း စာဟုထင်မှတ်ကာ လက်မှတ်ထိုး ပေးသော်လည်း အမှန်တကယ်မှာ ခြံစည်းရိုးခတ်သည်ကို သဘောတူကြောင်းစာဖြစ်နေကြောင်း၊ ဝါတွင်း လေးလအတွင်း အလုပ်ကောင်းကောင်းလုပ်နိုင်မှသာ နေရာသစ်သို့ အဆင်ပြေပြေ ရွှေ့နိုင်မည် ဖြစ်ကြောင်း ဈေးဆိုင်ခန်း ဖွင့်လှစ်ရောင်းချသူတစ်ဦးက ပြောကြားသည်။

ဈေးဆိုင်ခန်းများကို ဖယ်ရှားပေးရန် ယခုနှစ် နှစ်ဆန်းပိုင်းတွင် ပြောကြားထားပြီးဖြစ်ကာ ခြံစည်းရိုးကာရံရန်အတွက် ပညာရေးဝန်ကြီးဌာနမှ ဘတ်ဂျက်ကျလာသည့်အတွက် ဇူလိုင်လ ၁၃ ရက်က ခြံစည်းရိုး ကာရံရခြင်းဖြစ်ကြောင်း၊ ဈေးဆိုင်ခန်းများကို ဈေးသက်သာစွာဖြင့် နှစ်ပေါင်းများစွာ ငှားရမ်းပေးခဲ့ပြီး လက်ရှိမှာ ဝန်ကြီးဌာနပိုင်မြေ ဖြစ်သောကြောင့် ဌာန၏ ညွှန်ကြားချက်အတိုင်း လုပ်ဆောင်ရခြင်းသာဖြစ်ကြောင်း တောင်ငူမြို့နယ် ပညာရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပညာရေးမှူးရုံးမြေနေရာမှာလည်း တောင်ငူမြို့နယ် အမှတ် ၁ အခြေခံပညာ အထက်တန်းကျောင်းပိုင် ဘောလုံးကွင်းမြေနေရာတွင် ဆောက်လုပ်ထားခြင်းဖြစ်ကြောင်း၊ လက်ရှိ ဈေးဆိုင်ခန်းများကို ကျောင်းပိုင်မြေအဖြစ် ပြန်လည်ပေးအပ်ရန် တောင်းဆိုထားပြီး ယခုကဲ့သို့ ခြံစည်းရိုးခတ်သည့် ကိစ္စကိုလည်းမေးခွန်းထုတ်ရမည်ဖြစ်ကြောင်း အဆိုပါ အထက်တန်းကျောင်း ကော်မတီဥက္ကဋ္ဌ ဦးအေးလွင်က ပြောကြားသည်။ ■

R-15



ဓာတ်ပုံ-ခင်မေစန်း

# ချင်းတွင်းမြစ် အမြန်ရေယာဉ်လိုင်းများ ဇူလိုင် ၁၉ ပြန်လည်ပြေးဆွဲမည်

**မုံရွာ၊ ဇူလိုင် ၁၆**

ချင်းတွင်းမြစ်ရေစိုးရိမ်ရေမှတ်အထက်သို့ရောက်ရှိနေခြင်းကြောင့် ချင်းတွင်းအထက်ပိုင်းသွား အမြန်ရေယာဉ်များ ပြေးဆွဲမှုကို ရပ်နားထားရာမှ ဇူလိုင်လ ၁၉ ရက်နေ့တွင် ပြန်လည်ပြေးဆွဲခွင့်ပြုမည်ဖြစ်ကြောင်း ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေး ကော်မတီထံမှ သိရသည်။

ချင်းတွင်းမြစ်ရေသည် ပြီးခဲ့သည့်ရက်ပိုင်းက မုံရွာမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ရောက်ရှိနေခြင်းကြောင့် ချင်းတွင်းအထက်ပိုင်းသွား အမြန် ရေယာဉ်နှင့် ခရီးသည်များ ရေကြောင်းအန္တရာယ်ကင်းရှင်းစေရန် ဇူလိုင်လ ၈ ရက်နေ့မှစ၍ ၁၁ ရက်ကြာ ရပ်နားထားပြီးနောက် ဇူလိုင်လ ၁၉ ရက်နေ့တွင် အမြန်ရေယာဉ်လိုင်းများ ပြန်ဖွင့်မည်ဖြစ်ကြောင်း ရေကြောင်းဆိုင်ရာ ဌာနပေါင်းစုံအစည်းအဝေးထံမှ သိရသည်။

အဆိုပါအစည်းအဝေးကို ဇူလိုင်လ ၁၅ ရက်နေ့က ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၊ ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေး ကော်မတီ၊ ရေကင်းစောင့်ရှောက်ရေးအဖွဲ့၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အမြန်ယာဉ်ပိုင်နှင့် အသင်းတာဝန်ရှိသူများက ယခုကဲ့သို့ ဆွေးနွေး ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

"မြစ်ရေကတန့်နေပါတယ်။ မနက်က တိုင်းထားတဲ့အတိုင်း နေ့လယ်အထိ တိုးတာမရှိပါဘူး။ ဒါ့ကြောင့်အဖွဲ့ပေါင်းစုံက ပြန်ဖွင့်ဖို့ဆုံးဖြတ်ခဲ့တာပါ" ဟု အဆိုပါကော်မတီရုံးအဖွဲ့မှူး ဦးသောင်းညွန့်က ဆိုသည်။

ချင်းတွင်းမြစ်ရေတိုးနေချိန်တွင် မြစ်အတွင်း၌ ရေစီးသန်ခြင်းနှင့် ရေဝဲများရှိခြင်းတို့ကြောင့် ယင်းကဲ့သို့ ရပ်နားထားရခြင်းဖြစ်ပြီး မုံရွာမြို့မှ အခြေစိုက်ကာ အထက်ချင်းတွင်းသွားကုန်တင်နှင့် ခရီးသည်တင် အမြန်ရေယာဉ်ပေါင်း ၆၀၀ ကျော်ရှိကြောင်း ပုဂ္ဂလိကရေယာဉ်များ စနစ်တကျ ပြေးဆွဲရေးကော်မတီထံမှ သိရသည်။ ■

R-08

# ကလေးမြို့တွင် အာဇာနည်နေ့ အခမ်းအနားကို ဗိုလ်ချုပ်ကြေးရုပ်ရှိသည့်ကွင်းအတွင်း ပထမဆုံးအကြိမ်ကျင်းပမည်

**ကလေး၊ ဇူလိုင် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့တွင် ကျင်းပပြုလုပ်မည့် နှစ် (၇၀) မြောက် အာဇာနည်နေ့အခမ်းအနားကို ဗိုလ်ချုပ်ကြေးရုပ်တုရှိသည့် ကွင်းအတွင်း ပထမဆုံးအကြိမ်အဖြစ် စတင်ကျင်းပမည်ဖြစ်ကြောင်း ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မိုးက ပြောကြားသည်။

ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်က အာဇာနည်နေ့အခမ်းအနားကို ကလေးမြို့ မြို့တော်ခန်းမတွင်သာ ကျင်းပပြုလုပ်ခဲ့ပြီး ယခုနှစ်တွင်မှ ဗိုလ်ချုပ်ကြေးရုပ်တုရှိပြီး ဇူလိုင်လ ၁၉ ရက်နေ့ အပြီးတည်ဆောက်နေသည့် အာဇာနည်ကျောက်တိုင်ရှိရာ ကွင်းအတွင်း လွမ်းသူ့ပန်းခွေချသည့် အခမ်းအနားကို ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ၎င်းကရှင်းပြသည်။

ဇူလိုင်လ ၁၉ ရက် (အာဇာနည်နေ့) တွင် ကလေးမြို့ ဘုတာရုံရှိ ရထားမှ ဥသြဆွဲခြင်း၊ ခရိုင်မီးသတ်ရုံးမှ မီးသတ်ကားဖြင့် ဥသြဆွဲခြင်း၊ မြို့တော်ခန်းမရှေ့တွင် ရပ်ထားသည့် မီးသတ်ကားများမှ ဥသြဆွဲခြင်းစသည့်အစီအစဉ်ကို ထည့်သွင်းမည်ဖြစ်ပြီး ဥသြဆွဲသည်ကို ကြားသည်နှင့်တစ်ပြိုင်နက် ပြည်သူများအနေနှင့် ရပ်တန့်ပြီး အလေးပြုပေးရန် နှိုးဆော်ထားကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

ထို့ပြင် အာဇာနည်နေ့တွင် ကလေးခရိုင်အတွင်းရှိ အလံအားလုံး အလံတိုင်တစ်ဝက်လွှင့်ထူကြရန် နှိုးဆော်ထားပြီး အာဇာနည်နေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဖြစ်မြောက်ရေးကော်မတီကိုလည်း ကလေးခရိုင်အတွင်းရှိ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီအဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်း ဖွဲ့စည်းထားကြောင်း ဦးအောင်ဇော်မိုးက ပြောကြားသည်။

"ခေတ်အဆက်ဆက် ကျပ်တည်းတဲ့ ကာလတွေတုန်းကတောင်မှ အာဇာနည်နေ့ကို လူငယ်အဖွဲ့တွေလုပ်ခဲ့ကြတယ်။ အခု နိုင်ငံရေး အပြောင်းအလဲအရ အခုလိုလုပ်တဲ့အပေါ်ကို ဝမ်းသာပါတယ်။ တိုင်းရင်းသားအဖွဲ့အစည်းတွေနဲ့ အရပ်ဘက် အဖွဲ့အစည်းတွေကို ဒီထက်ပိုပြီး ဒီအခမ်းအနားမှာ ပါဝင်လာအောင် စည်းရုံးဖို့တော့ လိုအပ်သေးတယ်" ဟု အထက်ချင်းတွင်းလူငယ်ကွန်ရက်မှ ဒါရိုက်တာ ဦးကျော်သက်ဝင်းက ဆိုသည်။ ■

**R-20**

# လယ်ယာမြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲ စက်သုံးဆီဆိုင်ဖွင့်သူများကို သိန်း ၅၀ ဒဏ်ရိုက်မည်

**တောင်ငူ၊ ဇူလိုင် ၁၆**

ပဲခူးတိုင်းဒေသကြီး မြို့နယ်များရှိ လမ်းမကြီးဘေးမှလယ်မြေများအတွင်း ခွင့်ပြုချက်မရှိဘဲ စက်သုံးဆီဆိုင် ဖွင့်လှစ်သူများကို ကျပ်သိန်း ၅၀ ဒဏ်ရိုက်မည်ဖြစ်ကြောင်း တိုင်းဒေသကြီး သယံဇာတ၊ သစ်တောနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ဦးကျော်မင်းစံက ပြောကြားသည်။

လန-၃၀ မကျသေးဘဲ ဆိုင်ဖွင့်ကာ ရောင်းချသူများကို ကျပ်သိန်း ၅၀ ဒဏ်ရိုက်ရန် တိုင်းအစိုးရက ဆုံးဖြတ်ထားကြောင်း၊ တစ်နှစ်တာအတွင်း သတ်မှတ်ဒဏ်ကြေး ပေးဆောင်ပြီးသော်လည်း လယ်မြေကိုအခြားနည်းလမ်း အသုံးချခွင့်ကျမလာသေးပါက နောက်တစ်နှစ်အတွက် ဒဏ်ကြေး ထပ်မံ ပေးဆောင်ရမည် ဖြစ်ကြောင်း ၎င်းထံမှ သိရသည်။

တိုင်းဒေသကြီးများတွင် မြန်မာ့ရေနံလုပ်ငန်းက ပူးပေါင်းအဖွဲ့များဖြင့် စက်သုံးဆီဆိုင် ဖွင့်လှစ်ရောင်းချသူများကို လစဉ် စစ်ဆေးနေကြောင်း၊ စည်းကမ်းချက်နှင့် ကိုက်ညီမှုမရှိသည့် ဆီဆိုင်ကြီးများကို သတိပေးခြင်း၊ အရေးယူ ဆောင်ရွက်ခြင်းများကို လုပ်ဆောင်နေသည်။

တစ်နိုင်ငံလုံးတွင် လွန်ခဲ့သော ငါးနှစ်မှစတင်ကာ ပုဂ္ဂလိက လုပ်ငန်းရှင်များကို စက်သုံးဆီ တင်သွင်း ဖြန့်ဖြူး ရောင်းချခွင့်ပေးခဲ့ပြီး နေရာအနှံ့အပြားတွင် စက်သုံးဆီဆိုင်များ ဖွင့်လှစ်လာကြကြောင်း၊ လွန်ခဲ့သော တစ်နှစ်ကျော်ခန့်မှ စတင်ကာ မြို့ငယ်အချို့နှင့် ကျေးရွာအချို့တွင် ဘက်ထရီပန့်ဆိုင်ငယ်များ ဖွင့်လှစ်ရောင်းချနေသော်လည်း အရေးယူ ဆောင်ရွက်ခြင်း မရှိကြောင်း စက်သုံးဆီဆိုင်ကြီးအချို့ထံမှ သိရသည်။

ပဲခူးတိုင်းဒေသကြီး မြို့နယ် ၂၈ မြို့နယ်တွင် တရားဝင်ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်ထားသော ပုဂ္ဂလိက စက်သုံးဆီ ဆိုင်ပေါင်း ၂၂၄ ဆိုင်ရှိကြောင်း၊ ယင်းဆိုင်များအနက် စက်သုံးဆီဆိုင် ၂၀ ခန့်မှာ လယ်ယာမြေများပေါ်တွင် အခြားနည်းသုံးစွဲခွင့် မကျသေးဘဲ ဖွင့်လှစ်ထားခြင်းဖြစ်ကြောင်း တိုင်းဒေသကြီး အစိုးရအဖွဲ့ထံမှ သိရသည်။ ■

**R-15**




ပြည်ထောင်စု လွှတ်တော်နာယကနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းမှာ ဇူလိုင်လ ၁၆ ရက် နံနက်ပိုင်းက ထိုင်းနိုင်ငံမှ မြဝတီမြို့သို့ ရောက်ရှိလာသည့် ရွှေ့ပြောင်း မြန်မာလုပ်သားများကို အားပေးစကား ပြောကြားသည်။ ဇူလိုင်လ ၁၆ ရက် နံနက်ပိုင်းတွင် ရွှေ့ပြောင်းမြန်မာလုပ်သား ၁၂၄ ဦး ရောက်ရှိလာပြီး ၎င်းတို့ကို ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ အစားအစာများကျွေးမွေးခြင်းနှင့် နေရပ်ပြန်လိုသူများကို ခရီးစရိတ်များ ထောက်ပံ့ပေးကြောင်း၊ ဇွန်လ ၂၉ ရက်မှ ဇူလိုင်လ ၁၅ ရက်အထိ မြန်မာရွှေ့ပြောင်းလုပ်သား ၃၂,၄၉၂ ဦးရောက်ရှိကြောင်း မြဝတီမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုက ပြောကြားသည်။




# ဝက်လက်မြို့နယ်တွင် ကားနောက်ဘီးမြေကျွံရာမှ တရားမဝင်သစ်များဖမ်းမိ

**ရွှေဘို၊ ဇူလိုင် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မြို့နယ်၊ စိုင်နိုင်ကွေ့တွင် ဇူလိုင်လ ၁၅ ရက်နေ့ ညနေ ၄ နာရီခွဲခန့်က ခြောက်ဘီးယာဉ်တစ်စီး ကားနောက်ဘီးမြေကျွံရာမှ တမလန်းသစ် ငါးတန်ကျော်ကို ဖမ်းဆီးရမိခဲ့ကြောင်း ခရိုင်ရဲတပ်ဖွဲ့မှူးရုံးထံမှ စုံစမ်းသိရှိရသည်။

ရွှေဘို- မန္တလေး ကားလမ်းဘေး စိုင်နိုင်ကွေ့တွင် ကားတစ်စီးနောက်ဘီး မြေကျွံနေရာမှ သတင်းအရ ပိတ်ဆို့ စစ်ဆေးရာ ယင်းနေ့ညနေက ဟန်လင်း- ပျူမြို့ဟောင်းအဝင် ဂျကန်တံတားနှင့် သက်ကယ်တန်းချောင်းအကြားတွင် အဆိုပါယာဉ်ရှိ လူနှစ်ဦးအနက်မှ တစ်ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဝင်းက ပြောကြားသည်။

အဆိုပါယာဉ်ပေါ်မှ တမလန်းသစ် ၈၄ ချောင်း၊ တန်ချိန် ငါးတန်ကျော်ကို ဖမ်းဆီးရမိပြီး ဝက်လက်မြို့မစခန်းတွင် ပုဒ်မ ၆ (၁) ဖြင့် အမှုဖွင့်အရေးယူထားကြောင်း ခရိုင်ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

"ကားက နေ့လယ် ၁၂ ခွဲလောက်ကတည်းက စိုင်နိုင်ကွေ့မှာ နောက်ဘီးကျွံနေတာ။ ရွှေဘိုဘက်က ကရိန်းနဲ့ငှားဆွဲတာတွေ မြင်နေရတယ်။ အဲဒီပတ်ဝန်းကျင်က သတင်းပေးလို့ပိတ်ဆို့ စစ်ဆေးရာဖွေတာကနေ ဖမ်းဆီးရမိတာ" ဟု အနီးဝန်းကျင်မှ ဒေသခံတစ်ဦးက ဆိုသည်။ ■

**R-09**

# NEWS IN BRIEF

## လှိုင်ကော် တောင်ကြီးလမ်းတွင် ဘိန်းဖြူများဖမ်းမိ

ကယားပြည်နယ် လွိုင်ကော်မြို့နယ် ကျောက်ကြီးမြောင်ကျေးရွာအနီး လွိုင်ကော်-တောင်ကြီးကားလမ်းပေါ်တွင် ဇူလိုင်လ ၁၅ ရက် ညပိုင်းက အငှားယာဉ်တစ်စီးပေါ် လိုက်ပါလာသော အသက် ၂၈ နှစ်အရွယ် အမျိုးသားတစ်ဦးထံမှ ဘိန်းဖြူဂရမ် ၂၀ ခန့် ဖမ်းမိခဲ့ကြောင်း လွိုင်ကော်မြို့ အမှတ် (၂၀) မူးယစ်တပ်ဖွဲ့စုထံမှ သိရသည်။

တောင်ကြီးမြို့မှ လွိုင်ကော်သို့ မောင်းလာသော ပရိုဘောက်ယာဉ်ပေါ် လိုက်ပါလာသော ကိုအန်ထော်နီ (ခ) ဆန်းစစ် (၂၈နှစ်) ထံမှ ဘိန်းဖြူများဖမ်းမိကြောင်း၊ ယင်းအမျိုးသားကို မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေတတ်သောဆေးဝါးများ တားဆီးကာကွယ်ရေး ဥပဒေပုဒ်မများဖြင့် အမှုဖွင့်ထားကြောင်း အဆိုပါတပ်ဖွဲ့စုမှ ရဲအုပ်တစ်ဦးက ပြောကြားသည်။ **R-15**

## ရေတာရှည်သကြားစက်လိုင်းခန်းတွင် ဖဲရိုက်သူ အမျိုးသမီးငါးဦးကို ဖမ်းမိ

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် အမှတ် (၆) ရေတာရှည်သကြားစက် နေအိမ်လိုင်းခန်းတစ်ခုတွင် ဇူလိုင်လ ၁၅ ရက် ညနေပိုင်းက ဖဲရိုက်နေသော အမျိုးသမီးငါးဦးကို ဖမ်းမိကြောင်း ရေတာရှည် မြို့မရဲစခန်းထံမှ သိရသည်။

ဖမ်းမိသူများမှာ သကြားစက်ဝန်ထမ်း အမျိုးသမီးတစ်ဦးနှင့်အနီးရှိ ကျေးရွာအချို့မှ အမျိုးသမီးများပါဝင်ပြီး အသက် ၃၀ မှ အသက် ၅၉ နှစ်အရွယ်ကြား ရှိသူများဖြစ်ကြောင်း၊ ၎င်းတို့ကို ဖဲချပ် ၁၀၈ ချပ်နှင့် လောင်းကြေးငွေကျပ်လေးထောင်ကျော်နှင့်အတူ ဖမ်းမိခဲ့သဖြင့် လောင်းကစားဥပဒေပုဒ်မများဖြင့် အမှုဖွင့်ထားကြောင်း ရေတာရှည်မြို့မရဲစခန်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **R-15**



ဓာတ်ပုံ-မောင်ချိုထက်

# ပုသိမ်တွင် ဆိုက်ကားဆရာကြီးများအသင်း ဖွဲ့

**ပုသိမ်၊ ဇူလိုင် ၁၆**

ဧရာဝတီတိုင်း ဒေသကြီး ပုသိမ်မြို့ ရွှေစည်းခုံ စေတီရင်ပြင်ရှိ တန်ဆောင်းတွင် ဇူလိုင်လ ၁၆ ရက်နေ့ မွန်းလွဲပိုင်းက မြို့တွင်း ဆိုက်ကားဆရာများ တွေ့ဆုံဆွေးနွေးကာ ပုသိမ်မြို့အခြေစိုက် ဆိုက်ကားဆရာကြီးများအသင်းနှင့် ဗဟို ကော်မတီကို ဖွဲ့စည်းခဲ့သည်။

ဆိုက်ကားနင်းသူများ၏ လူမှုအခက်အခဲနှင့် ဒေသခံပြည်သူများ၏ လူမှု အခက်အခဲများကိုကူညီရန်၊ အစိုးရသာမက မည်သည့် လူမှုအဖွဲ့အစည်းများနှင့်မဆို လူမှုအကျိုးပြုလုပ်ငန်းများတွင် တတ်စွမ်းသမျှ ပါဝင်ကူညီရန်ရည်ရွယ်ကာ အသင်းဖွဲ့စည်းရခြင်းဖြစ်ကြောင်း ဆိုက်ကားဆရာကြီးများအသင်းဥက္ကဋ္ဌ ဦးသန်းဇော် (ခ) ဦးတရုတ်ကြီးက ပြောကြားသည်။

“ကျွန်တော်တို့ ဆိုက်ကားဆရာတွေ လုပ်အားခထဲက ထည့်ဝင် စုဆောင်းတဲ့ ငွေနဲ့ လူမှုကူညီရေး လုပ်ငန်းတွေကို ဆောင်ရွက်သွားမှာပါ၊ အနည်းစုအခက်အခဲဖြစ်နေတာကို လူအများပေါင်းစုကူညီတဲ့စနစ်ပါ၊ ဆိုက်ကားဆရာတွေကလည်း လူသားဂုဏ်သိက္ခာရှိတယ် ဆိုတာကိုလည်း ဆိုက်ကားဆရာတွေရောအခြားသော လူတန်းစားအဖွဲ့အစည်းတွေ ဂရုပြုလာစေချင်ပါတယ်” ဟု အသင်းဖွဲ့စည်းရေးဦးဆောင်သော ဦးသန်းစိုးက ပြောကြားသည်။

အစည်းအဝေးတက်ရောက်သူများက ရွေးချယ်လိုက်သော ဗဟိုကော်မတီဝင်များက နိုင်ငံအပေါ် သစ္စာရှိရန်၊ တည်ဆဲဥပဒေများကို လေးစားလိုက်နာရန်၊ ဆိုက်ကားဆရာအချင်းချင်းသစ္စာရှိရန် စသည့် အချက် ၃ ချက်ပါရှိသော ဝန်ခံစာချုပ် ပေါ်တွင် လက်ဗွေနှင့် လက်မှတ်ရေးထိုးကာ ဝန်ခံ ကတိပြုရကြောင်း၊ ယင်းအသင်းကို မြို့ပေါ် ၁၄ ရပ်ကွက်မှ ဆိုက်ကားဆရာ ၅၀ ကျော်ဖြင့် စတင်ဖွဲ့စည်းပြီး အဖွဲ့ဝင်များ တိုးချဲ့နိုင်ရေးအတွက် ရပ်ကွက်အလိုက် ဒေသခံ ဆိုက်ကားဆရာကြီးများ အသင်းကို ဖွဲ့စည်းမည်ဖြစ်ကြောင်း ယင်းအသင်းထံမှ သိရသည်။ ■ R-12

# ဘဏ်အတွင်း ဇနီးဖြစ်သူကို လက်ထိတ်ခတ်ချုပ်နှောင်ခေါ်ဆောင်သည့်အမျိုးသားကို ဖမ်းမိ

**ကျိုင်းတုံ၊ ဇူလိုင် ၁၆**

ထိုင်း-မြန်မာနယ်စပ် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ရှိ KBZ ဘဏ်ခွဲအတွင်း၌ ဇူလိုင်လ ၁၄ ရက် နံနက် ၈ နာရီခွဲခန့်က ငွေထုတ်ယူမည့် ဇနီးဖြစ်သူကိုလက်ထိတ်ခတ်ချုပ်နှောင်ခေါ်ဆောင်သွားသည့်ခင်ပွန်းကို ဖမ်းဆီးရမိ၍ အမှုဖွင့်အရေးယူထားကြောင်း တာချီလိတ်မြို့မရဲစခန်းထံမှ သိရသည်။

အဆိုပါနေ့က အိမ်တွင်းရေးပြဿနာတစ်ခုဖြစ်ပွားပြီး ဘဏ်မှငွေလာထုတ်သည့် အသက် ၄၈ နှစ်အရွယ် ဇနီးဖြစ်သူကို အသက် ၄၉ နှစ်အရွယ် ခင်ပွန်းဖြစ်သူက လက်ထိတ်ခတ်ချုပ်နှောင်၍ မော်တော်ယာဉ်ဖြင့် ခေါ်ဆောင်သွားခြင်းဖြစ်ရာ အဆိုပါခင်ပွန်းဖြစ်သူကို မိနစ်ပိုင်းအတွင်း ဖမ်းဆီးရမိကြောင်း ကျိုင်းတုံမြို့ပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

“သူ့ဇနီးက အသက် ၂၁ နှစ်အရွယ် ယောကျ်ားလျာတစ်ဦးနဲ့ ငွေထုတ်ယူပြီး ထွက်ပြေးဖို့ဆိုတာသိပြီး အခုလိုလုပ်တယ်လို့ ထွက်ဆိုထားတယ်။ ဘဏ်ထဲကနေ သူ့မိန်းမကိုလက်ထိတ်ခတ်ခေါ်သွားပြီး ရပ်ကွက်ရုံးမှာဖြေရှင်းဖို့ရောက်နေချိန်မှာ ဖမ်းဆီးရမိခဲ့တယ်” ဟု ၎င်းကဆိုသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ အသက် ၄၉ နှစ်အရွယ် စိုင်းအွန်ခမ်းကို (ပ)၁၄၈/၂၀၁၇၊ ရာဇသတ်ကြီးပုဒ်မ ၁၇၁/၃၅၄/၃၄၂ အရ အမှုဖွင့်အရေးယူထားကြောင်း တာချီလိတ်မြို့မရဲစခန်းထံမှ သိရသည်။ ■ R-16

# အမြန်လမ်းတွင် တစ်ရက်အတွင်း ယာဉ်မတော်တဆမှု သုံးကြိမ်ဖြစ်၊ ငါးဦး ဒဏ်ရရ

**တောင်ငူ၊ ဇူလိုင် ၁၆**

ရန်ကုန်-မန္တလေး အမြန်လမ်းတွင် ဇူလိုင်လ ၁၄ ရက်က ယာဉ်မတော်တဆမှု သုံးကြိမ်ဖြစ်ပွားကာ အမျိုးသမီးတစ်ဦး အပါအဝင် စုစုပေါင်းငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှူးရုံး နေပြည်တော်ထံမှ သိရသည်။

အဆိုပါနေ့ နံနက် ၅ နာရီခန့်က ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင် ၃၇ နှင့် ၃ ဖာလုံအနီး နေပြည်တော်မှ ရန်ကုန်ဘက်သို့ ဦးကျော်သက် (၅၄နှစ်)မောင်းလာပြီး ယာဉ်မောင်းအပါအဝင် ခရီးသည် ၁၈ ဦး လိုက်ပါလာသည့် ဝေဖြိုးအောင် ခရီးသည်တင်ယာဉ်မှာ လမ်းဘေး ကတ်တုံးများကိုဝင်တိုက်ကာ လမ်းလယ်ကျွန်းပေါ် ရောက်ရှိခဲ့ရာ လူထိခိုက်မှုမရှိကြောင်း၊ အလားတူ နံနက် ၁၀ နာရီတွင် မိုင်တိုင် ၁၆ နှင့် ၄ ဖာလုံအနီး နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ ကိုမောင်မောင်စိန် (၃၃နှစ်) မောင်းလာပြီး ခရီးသည်ငါးဦး လိုက်ပါလာသော ခြောက်ဘီးကုန်တင်ယာဉ်က လမ်းဘေး အလူမီနီယံတန်းများကိုတိုက်မိပြီး တိမ်းမှောက်ရာ လေးဦးဒဏ်ရာရခဲ့ကြောင်း အဆိုပါရုံး ထံမှ သိရသည်။

ယင်းနေ့ နံနက် ၁၁ နာရီခန့်က မိုင်တိုင် ၂၄၅ အနီးတွင် မန္တလေးဘက်မှ နေပြည်တော်ဘက်သို့ ဦးမိုးကျော် (၆၅ နှစ်) မောင်းလာပြီး အမျိုးသားသုံးဦး လိုက်ပါသော တိုယိုတာကိုယ်ပိုင်ယာဉ်မှာ လမ်းဘေးကတ်တုံးများကို ဝင်တိုက်သဖြင့် ယာဉ်မောင်း ဒဏ်ရာရရှိခဲ့ကြောင်း၊ အဆိုပါယာဉ်မတော်တဆမှုများနှင့် ပတ်သက်၍ ယာဉ်မောင်းများကို ရာဇသတ်ကြီး ဥပဒေပုဒ်မများဖြင့် အသီးသီးအမှုဖွင့်ထားကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှူးရုံး (နေပြည်တော်) ၏ ထုတ်ပြန်ချက်အရ သိရသည်။ R-15

# ပုသိမ်တွင် အမှိုက်သိမ်းဆည်းရေးအစီအစဉ် တိုးချဲ့ဆောင်ရွက်မည်

**ပုသိမ်၊ ဇူလိုင် ၁၅**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တွင် နေ့စဉ်ထွက်ရှိနေသော စွန့်ပစ်အမှိုက်များကို အမှိုက်သိမ်းယာဉ် အသစ်သုံးစီးနှင့် ရွေ့လျားအမှိုက်ကန် ၂၀ တို့ဖြင့် ဇူလိုင်လ ၁၅ရက်မှစတင်ကာ တိုးချဲ့သိမ်းဆည်းဆောင်ရွက်မည်ဖြစ်ကြောင်း ပုသိမ်မြို့နယ်စည်ပင်သာယာရေး ကော်မတီထံမှ သိရသည်။

ကော်မတီသစ် စတင်တာဝန်ယူကတည်းက ထိပ်တိုက်ရင်ဆိုင်ရခြင်း၊ စိန်ခေါ်မှုများ ကြုံတွေ့ရခြင်းမှာ အမှိုက်ပြဿနာဖြစ်ကြောင်း၊ ပုသိမ်မြို့တွင်း ထွက်ရှိသော စွန့်ပစ်အမှိုက်များကို ယခင်ရှိပြီးသား အမှိုက်သိမ်းယာဉ်များသာမက အသစ်ဝယ်ယူထားသော အမှိုက်သိမ်းယာဉ် ၃ စီး၊ အမှိုက်ပစ်များသောနေရာ ၁၁ခုတွင် ရွေ့လျား အမှိုက်ကန်များကို ထားရှိကာ နေ့စဉ်နှင့် ရက်ခြားသိမ်းဆည်းသော စနစ်များဖြင့် သိမ်းဆည်းမည်ဖြစ်ကြောင်း၊ အမှိုက်သိမ်းဆည်းမှုလုပ်ငန်း အောင်မြင်စေရန် နေထိုင်သူများက ပူးပေါင်းပါဝင်ရန် လိုအပ်ကြောင်း ပုသိမ်မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးဇော်ထွန်းခိုင် က ပြောကြားသည်။

“ရွေ့လျားအမှိုက်ကန်များ ထားရှိပေးခြင်းကြောင့် ပုသိမ်မြို့ရှိ အမှိုက်ကားမရောက်နိုင်သေးသည့် နေရာများသို့ပါ အမှိုက်ကားများ ပိုမိုစေလွှတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ခေါင်းလောင်းထိုး အမှိုက်သိမ်းဆည်းခြင်း၊ ဈေးများတွင် အမှိုက်သိမ်းဆည်းခြင်း၊ အမှိုက်ပုံး အမှိုက်စုကန်များတွင် သိမ်းဆည်းခြင်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွေ့လျား အမှိုက်ကန်များတွင် မီးဖိုချောင်ထွက်အမှိုက်များကိုသာ အိတ်များဖြင့် ထုပ်ပိုးကာ စွန့်ပစ်ရမည်ဖြစ်ကြောင်း၊ ခြံထွက်အမှိုက်နှင့် စီးပွားရေးအမှိုက်များကို ဝန်ဆောင်ခပေးဆောင်ကာ အမှိုက်သိမ်းယာဉ်ဖြင့် စွန့်ပစ်ရမည် ဖြစ်ကြောင်း ပုသိမ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးကျော်စိုး က ပြောကြားသည်။

“ပုသိမ်မှာတော့ အစကတော့ တော်တော်လေး လုပ်လုပ်ပြကြတယ်၊ နောက်ပိုင်းကျတော့ အကြောင်း အမျိုးမျိုးပြပြီး ဘာမှ မလုပ်ကြတော့ဘူး၊ ဘယ်စနစ်နဲ့ပဲ အမှိုက်သိမ်းသိမ်း ရေရှည်လတွေအတွက် ကျကျနနနဲ့ စီမံချက်ချပြီး ဆောင်ရွက်ဖို့တော့လိုပါတယ်” ဟု အမှတ်(၃) ရပ်ကွက်နေသူ ဦးဝင်းကျော် က ပြောပြသည်။

ပုသိမ်မြို့ရှိ ရပ်ကွက် ၁၅ခုမှ စွန့်ပစ်အမှိုက် တန် ၇၀ခန့် နေ့စဉ်ထွက်ရှိကြောင်း၊ မြို့နယ်စည်ပင်မှ အမှိုက်သိမ်းယာဉ် ၁၀စီး၊ သုံးဘီးမော်တော်ဆိုင်ကယ် ၆ စီးဖြင့် ခေါင်းလောင်းတီး အမှိုက်သိမ်းစနစ်ဖြင့် ဆောင်ရွက်နေကြောင်း၊ အမှိုက်စွန့်ပစ်မှုများသောနေရာများနှင့် ဈေးများတွင် အမှိုက်ပုံးများ ချကာ သိမ်းဆည်းပေးနေကြောင်း၊ အမှိုက်သိမ်းယာဉ်သစ်နှင့် ရွေ့လျား အမှိုက်ကန်များ ဝယ်ယူပြီးနောက် ရပ်ကွက်များတွင် အမှိုက်အများဆုံးပစ်သောနေရာ ၁၁ ခုတွင် ရွေ့လျားအမှိုက်ကန်ချထားမည် ဖြစ်ကြောင်း၊ အမှိုက်ကန်ချထားရာတွင် နေ့စဉ် သိမ်းမည့် နေရာ၅ နေရာနှင့် တစ်ရက်ခြားသိမ်းမည့် နေရာ၆ နေရာသတ်မှတ်ထားကြောင်း၊ ပုသိမ်မြို့နယ် စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။ ■ R-11



ဓာတ်ပုံ-မင်းမင်းစိုး

# ရေနစ်မြုပ်သည့် နေအိမ် ၂၀၀ ကျော်ကို သောက်သုံးရေလှူ

**မုံရွာ၊ ဇူလိုင် ၁၆**

ချင်းတွင်းမြစ်ရေဝင်ရောက်မှုကြောင့် မုံရွာမြို့မြောက်ပိုင်း၊ စစ်ပင်ရပ်ကွက်၊ ရွှေပြည်အေးရပ်ကွက်၊ အမှတ် (၇) မြစ်ကိုင်းနားရွာတို့တွင် မြစ်ရေများ ဝင်ရောက်လျက်ရှိပြီး သောက်သုံးရေခက်ခဲနေသည့်နေအိမ် ၂၀၀ကျော်ကို သောက်သုံးရေများ လှူဒါန်းခဲ့ကြောင်း ဒေသခံများထံမှ စုံစမ်းသိရှိရသည်။

ယင်းသို့ မြစ်ရေမြင့်တက်မှုကြောင့် ရေနစ်မြုပ်နေသည့် နေအိမ်များအတွက် သောက်သုံးရေကို မုံရွာမြို့မရဲစခန်း၊ နယ်မြေရဲစခန်း၊ အလုံရဲကင်းစခန်းတို့ ပူးပေါင်း၍ ရေသန့်ဘူးကြီး ၆၀၀ ကိုအိမ်တိုင်ရာရောက် လိုက်လံလှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သွားရောက်လှူဒါန်းသူများထံမှ သိရသည်။

“တာရိုးအပြင်ဘက် နေတဲ့သူတွေဆိုတော့ အိမ်တွေရေနစ်ပေ၊ သုံးပေလောက်မြုပ်တယ်။ လက်လုပ်လက်စားတွေနေကြတဲ့နေရာပါ။ မနှစ်ကလည်း ရဲတပ်ဖွဲ့ကပဲ ရေလှူပါတယ်။ ဒီနှစ်လည်း သူတို့ပဲလာလှူတာပါ။ သောက်ရေသန့်ဘူးတွေကို လာဝေပေးတာပေါ့” ဟု စစ်ပင်အုပ်ချုပ်ရေးမှူး ဦးအေးကိုက ဆိုသည်။

ချင်းတွင်းမြစ်ရေဝင်ရောက်မှုကြောင့် စစ်ပင်ရပ်ကွက်၊ ပန်းပဲတန်းနယ်မြေတွင် အိမ်ခြေ ၈၀၊ လူဦးရေ ၃၀၀ ကျော် ရွှေပြည်အေး အမှတ် (၇) မြစ်ကိုင်းနားရွာတွင် အိမ်ခြေ ၁၇၅ အိမ်၊ လူဦးရေ ၇၀၀ ကျော်ရှိရာ စုစုပေါင်းအိမ်ခြေ ၂၅၀ ကျော်ကို သောက်သုံးရေလှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။ ■ R-08

# အာဆီယံယူ-၁၅ ပြိုင်ပွဲဝင် မြန်မာအသင်း အကြိုဗိုလ်လုပွဲတက်ရန် အခွင့်အရေးနည်း

**ရန်ကုန်၊ ဇူလိုင် ၁၆**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပနေသည့် ၂၀၁၇ ခုနှစ် အာဆီယံယူ-၁၅ ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်းသည် အကြိုဗိုလ်လုပွဲတက်ရန် အခွင့်အရေးနည်းပါးနေပြီဖြစ်သည်။

ဩဂုတ် ၁၇ ရက်တွင် ယှဉ်ပြိုင်မည့်ပွဲစဉ်တွင် ထိုင်းအသင်းကို အနိုင်ရသော်လည်း ဩစတြေးလျအသင်းက နိုင်ပွဲမရမှသာ မြန်မာအသင်းအနေနှင့် အကြိုဗိုလ်လုပွဲကစားခွင့်ရမည့်အနေအထားသို့ ရောက်ရှိနေသည်။

မြန်မာအသင်းသည် လာအိုနှင့် စင်ကာပူအသင်းတို့ကို နှစ်ဂိုးစီသွင်းယူကာ အနိုင်ရခဲ့သော်လည်း အင်ဒိုနီးရှားအသင်းနှင့် နှစ်ဂိုးစီသရေကျခဲ့ပြီး ဇူလိုင်လ ၁၅ ရက်နေ့ကပွဲစဉ်တွင် ဩစတြေးလျအသင်းကို ငါးဂိုးပြတ်ရှုံးခဲ့သည့်အတွက် အကြိုဗိုလ်လုပွဲတက်ရန် အခွင့်အလမ်း နည်းပါးခဲ့ခြင်းဖြစ်သည်။

မြန်မာလက်ရွေးစင် ယူ-၁၅ အသင်းကို ယူ-၁၈ အသင်း နည်းပြဟောင်း ဦးညီညီလတ် တာဝန်ယူထားပြီး အသင်းအုပ်ချုပ်သူအဖြစ် ဦးဝင်းသူမိုးက တာဝန်ယူထားသည်။

ယခင်က ယူ-၁၆ ပြိုင်ပွဲအဖြစ် ကျင်းပခဲ့သော်လည်း ယခုနှစ်တွင်ကျင်းပသည့် ၁၁ ကြိမ်မြောက်ပြိုင်ပွဲကို အာဆီယံဘောလုံးအဖွဲ့ချုပ်က ယူ-၁၅ ပြိုင်ပွဲအဖြစ် ပထမဆုံးအကြိမ် ပြောင်းလဲကျင်းပနေခြင်းဖြစ်သည်။

■ J-04

# စီးတီးရန်ကုန်နှင့် မဟာယူနိုက်တက်တို့ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ဝင်ခွင့်ရ

**ရန်ကုန် ဇူလိုင် ၁၆**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကျင်းပသည့် ၂၀၁၇ ခုနှစ် မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲဝင် စီးတီးရန်ကုန်နှင့် မဟာယူနိုက်တက်အသင်းတို့ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ကစားခွင့်ရရှိခဲ့သည်။

၂၀၁၇ ခုနှစ် မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ၏ ပွဲစဉ် ၂၀ ကို ဇူလိုင်လ ၁၆ ရက်နေ့က ကျင်းပခဲ့ရာ စီးတီးရန်ကုန်အသင်းက ချန်ပီယံ၊ မဟာယူနိုက်တက်က ဒုတိယနေရာဖြင့် ပြိုင်ပွဲပြီးဆုံးသွားခဲ့သည်။

ယင်းပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် စီးတီးရန်ကုန်(Horizon) အသင်းနှင့် ဒုတိယရရှိခဲ့သည့် မဟာယူနိုက်တက်အသင်းတို့ အနေနှင့် ၂၀၁၈ ခုနှစ် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကို ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

ချန်ပီယံဖြစ်ခဲ့သည့် စီးတီးရန်ကုန်အသင်းသည် ပြိုင်ပွဲမပြီးဆုံးမီကတည်းက ဗိုလ်စွဲခဲ့ခြင်းဖြစ်သော်လည်း မဟာယူနိုက်တက်အသင်းမှာ တတိယနေရာမှ မြဝတီအသင်းနှင့်အပြိုင် အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ရပြီး ပြိုင်ပွဲမပြီးဆုံးမီ နှစ်ပွဲအလိုတွင်မှသာ တန်းတက်ခွင့်အတွက် သေချာသွားခဲ့ခြင်းဖြစ်သည်။

ချန်ပီယံဖြစ်ခဲ့သည့် စီးတီးရန်ကုန်အသင်းသည် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကို ဒုတိယအကြိမ်မြောက် ယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်ပြီး ၂၀၁၆ ခုနှစ်က Horizon အမည်ဖြင့် ပထမအကြိမ် ယှဉ်ပြိုင်ခွင့်ရရှိခဲ့ဖူးသည်။

မြန်မာ့လက်ရွေးစင်ကစားသမားဟောင်း ဇော်လင်းထွန်း-၂ နည်းပြချုပ်အဖြစ် တာဝန်ယူထားသည့် မဟာယူနိုက်တက်အသင်းသည် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကို ပထမဆုံးအကြိမ် ယှဉ်ပြိုင်ခွင့်ရမည့် အသင်းသစ်ဖြစ်လာခဲ့သည်။ ■ J-04

# အော်ဘာမီယန်ကိုခေါ်ယူလိုပါက ရက်အနည်းငယ်သာ အချိန်ကျန်တော့သည်ဟု ဒေါ့မွန် အသိပေး

**မြူးနစ်၊ ဇူလိုင် ၁၆**

ဒေါ့မွန်အသင်းတာဝန်ရှိသူများသည် ၎င်းတို့၏တိုက်စစ်မှူး အော်ဘာမီယန်ကို ခေါ်ယူလိုပါက ရက်အနည်းငယ်သာ အချိန်ကျန်တော့သည်ဟု သတိပေးပြောကြားလိုက်ပြီး ယင်းအတွက် အော်ဘာမီယန်ကို ခေါ်ယူလိုသောအသင်းများအနေနှင့် ဆက်သွယ်ကမ်းလှမ်းမှုများကို အမြန်ဆုံးဆောင်ရွက်စေလိုသည်ဟု ဒေါ့မွန်အသင်းစီအီးအို ဝေါ့ဇ်ကီကလည်း အသိပေးထားပြီဖြစ်ကြောင်း The Bild က ဖော်ပြထားသည်။

ချယ်လ်ဆီး၊ အေစီမီလန်နှင့် ပီအက်စ်ဂျီတို့သည် အော်ဘာမီယန်ကိုခေါ်ယူရန် စိတ်ဝင်စားနေကြပြီး ပြောင်းရွှေ့ကြေးပမာဏ ပေါင်သန်း ၆၀ ဝန်းကျင် ရရှိမည်ဆိုပါက ဒေါ့မွန်မှာ အော်ဘာမီယန်ကို လက်လွှတ်လိုက်မည့် အခြေအနေများ ရှိနေပြီလည်းဖြစ်သည်။

ဒေါ့မွန်အသင်းတာဝန်ရှိသူများသည် အော်ဘာမီယန်ကို ခေါ်ယူလိုပါက ဇူလိုင်လ ၂၆ ရက်နေ့ကို နောက်ဆုံးထား၍ ကမ်းလှမ်းရန် လိုအပ်လိမ့်မည်ဟု ရက်သတ်မှတ်ပေးထားပြီး ယင်းနောက်ပိုင်းတွင် ဆက်သွယ်ကမ်းလှမ်းလာသည့် မည်သို့သော ကမ်းလှမ်းမှုမျိုးကိုဖြစ်စေ ၎င်းတို့အနေနှင့် ငြင်းဆန်ပယ်ချသွားမည်သာဖြစ်သည်ဟု ဝေါ့ဇ်ကီက ပြောကြားထားသည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာတွင် ဝေါ့ဇ်ကီက “အော်ဘာမီယန်ကို ခေါ်ယူချင်ရင် အမြန်ဆုံးဆက်သွယ်ကမ်းလှမ်းကြဖို့တော့ လိုပါလိမ့်မယ်။ ဘောလုံးရာသီသစ် ပြန်လည်စတင်မယ့်အချိန်နဲ့ အရမ်းနီးလွန်းသွားရင် သူ့ကိုရောင်းထုတ်ဖို့ ဘယ်လိုမှ အဆင်ပြေနိုင်တော့မှာ မဟုတ်ပါဘူး။ တကယ်လို့ အော်ဘာမီယန်ကို ရောင်းထုတ်ဖြစ်ခဲ့ရင် သူ့နေရာကို အစားပြန်ဖြည့်မယ့် ကစားသမားသစ်တစ်ဦးရှာဖွေဖို့အတွက် ကျွန်တော်တို့လည်း အချိန်လိုပါတယ်”ဟု အသိပေးသွားခဲ့သည်။■E-11



# မန်ယူကစားသမားဘဝ စိန်ခေါ်မှုများကို ရင်ဆိုင်ရန် စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှု များစွာလိုအပ်ကြောင်း လုကာကုကို ရူနီသတိပေး

**မန်ချက်စတာ၊ ဇူလိုင် ၁၆**

အသင်းဟောင်း အဲဗာတန်ထံသို့ ပြန်လည် ပြောင်းရွှေ့သွားခဲ့ပြီဖြစ်သည့် မန်ယူတိုက်စစ်မှူးဟောင်း ရူနီသည် မန်ယူတိုက်စစ်မှူးသစ် လုကာကုကို မန်ယူကစားသမားဘဝ စိန်ခေါ်မှုများကို ရင်ဆိုင်ရန်အတွက် စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှု များစွာလိုအပ်သည်ဟု သတိပေးစကားပြောကြားလိုက်ကြောင်း Sky Sports က ဖော်ပြသည်။

ရူနီသည် ယခုနောက်ပိုင်းနှစ်ကာလများတွင် မန်ယူထံသို့ ပြောင်းရွှေ့ရောက်ရှိလာသည့် ကစားသမားသစ်များမှာ ၎င်းတို့ခေတ်ကာလကထက် အသင်းနှင့်အံဝင်ရန် ပို၍ခက်ခဲစွာ ကြိုးပမ်းရလေ့ရှိသည်ဟုလည်း မှတ်ချက်ပေးသွားခဲ့ပြီး မန်ယူကစားသမားတစ်ယောက်အတွက် အရေးအကြီးဆုံးအချက်မှာ မိမိခြေစွမ်းကို မိမိကိုယ်တိုင် သံသယပြန်မဝင်မိစေရန် ဖြစ်ကြောင်း ရူနီက ရှင်းပြသွားခဲ့သည်။

ရူနီသည် မန်ယူထံသို့ အသက် ၁၈ နှစ်အရွယ်တွင် ပြောင်းရွှေ့ရောက်ရှိလာခဲ့ခြင်းဖြစ်ပြီး ၎င်းတို့ကစားခဲ့စဉ်ကာလ၌ နည်းပြဖာဂူဆန်အပါအဝင် ဂယ်ရီနဗီးလ်၊ ရွိုင်ယန်ဂစ်နှင့် ပေါလ်စခိုးတို့က အသင်းထံသို့ ပြောင်းရွှေ့ရောက်ရှိလာသည့် ကစားသမားသစ်အားလုံးကို အသင်းနှင့် အလျင်အမြန် အံဝင်နိုင်စေရန် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ နှစ်ရပ်လုံးအတွက် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကြလေ့ရှိကြောင်း ရူနီက ပြန်ပြောင်းအသိပေးသွားခဲ့သည်။

ရူနီသည် နည်းပြဖာဂူဆန်အလွန်တွင် မန်ယူထံသို့ ပြောင်းရွှေ့ရောက်ရှိလာသည့် ကစားသမားများမှာ အသင်းတွင် အခြေကျရန်အတွက် ကိုယ်တိုင်လုံ့လစိုက်ထုတ်၍ ကြိုးပမ်းကြရလေ့ရှိသည်ဟု သုံးသပ်သွားခဲ့ပြီး မန်ယူ၏ကစားသမား အဝင်အထွက်မှာလည်း ယခင်ကထက် ပိုမိုရှုပ်ထွေးလာကြောင်း ရူနီက ဖွင့်ဟပြောကြားသွားခဲ့သေးသည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာတွင် ရူနီက “မန်ယူအတွက် ကစားပေးခွင့် ရတယ်ဆိုတာဟာ တကယ်တော့ ကစားသမားတစ်ယောက်အတွက် စိန်ခေါ်မှုကြီးမားလွန်းလှတဲ့ စမ်းသပ်မှုတစ်ခုပါပဲ။ ဒီစိန်ခေါ်မှုကို ရင်ဆိုင်ဖို့အတွက် လုံလောက်တဲ့ စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုတစ်ရပ် ရှိထားဖို့ လုံးဝလိုအပ်ပါတယ်။ မန်ယူဆိုတာက အောင်မြင်မှုတွေကို အမြဲတောင်းဆိုနေတဲ့ ကလပ်အသင်းကြီးပါ။ လုကာကုဆီမှာ ဒီစိန်ခေါ်မှုတွေကို ရင်ဆိုင်ဖို့အတွက် ကြံ့ခိုင်မှုအပြည့်ရှိပါတယ်”ဟု ပြောကြားသွားခဲ့သည်။

■ E-11

# စပိန်လာလီဂါကလပ် ဆီဗီလာထံသို့ နိုလီတို ပြောင်းရွှေ့

**ဆီဗီးလ်၊ ဇူလိုင် ၁၆**

မန်စီးတီးအသင်း တိုက်စစ်မှူး နိုလီတိုသည် စပိန်ကလပ် ဆီဗီလာထံသို့ ပြောင်းရွှေ့ကြေးပမာ ပေါင်ရှစ်သန်းဖြင့် ပြောင်းရွှေ့ ရောက်ရှိသွားခဲ့ပြီဖြစ်ကာ အပြောင်းအရွှေ့အတွက် ဆေးစစ်မှုများ အောင်မြင်အပြီးတွင် နိုလီတိုက ဆီဗီလာနှင့် သုံးနှစ်သက်တမ်းစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ကြောင်း Marca က ဖော်ပြထားသည်။



နိုလီတိုသည် လွန်ခဲ့သည့် ၂၀၁၆ ခုနှစ် နွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်ဖွင့်လှစ်ချိန်တွင် ဆယ်လ်တာဗီဂိုမှနေ၍ မန်စီးတီးထံသို့ ပြောင်းရွှေ့ကြေးပမာဏ ပေါင် ၁၃ ဒသမ ၈ သန်းဖြင့် ပြောင်းရွှေ့ရောက်ရှိလာခဲ့ပြီး နည်းပြဂွါဒီယိုလာလက်အောက်တွင် ပုံမှန်ပွဲထွက်ခွင့်အတွက် ရုန်းကန်ရမည့်အခြေအနေများ ရှိလာခြင်းကြောင့် နိုလီတိုက အသင်းပြောင်းရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

အစောပိုင်းတွင် နိုလီတိုကို အငှားခေါ်ယူရန် ဘက်တစ်နှင့် ဆဲလ်တာဗီဂိုတို့က အပြိုင်ဆက်သွယ်မှုများ ရှိခဲ့ကြသော်လည်း ဆီဗီလာက အပြီးသတ်ခေါ်ယူရန် ကြားဝင်ကမ်းလှမ်းလာခဲ့အပြီးတွင် ဘက်တစ်နှင့် ဆဲလ်တာဗီဂိုတို့၏ ကမ်းလှမ်းမှုကိုများကို မန်စီးတီးက ငြင်းဆန်ပစ်လိုက်ခြင်းဖြစ်သည်။

ဆီဗီလာသည် အသင်းနှင့်ချုပ်ဆိုထားသည့်စာချုပ်ကို ပေါင် ၃၃ သန်း လျော်ကြေးပေး၍ ဖျက်သိမ်းသွားခဲ့သော တိုက်စစ်မှူး ဗီတိုလို၏ကွက်လပ်ကို အစားပြန်ဖြည့်ရန်အတွက် နိုလီတိုကို ခေါ်ယူလိုက်ခြင်းဖြစ်ပြီး ၎င်းအနေနှင့် လာမည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် စပိန်လက်ရွေးစင်အသင်းကို ကိုယ်စားပြုခွင့် ရလိုခြင်းကြောင့် အောင်မြင်မှုများရရှိခဲ့ပြီးဖြစ်သော လာလီဂါသို့ တစ်ကျော့ပြန်လည် ခြေချရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်ဟု နိုလီတိုက ပြောကြားသွားခဲ့သည်။

နိုလီတိုသည် ယမန်နှစ်ဘောလုံးရာသီ မန်စီးတီးအတွက် ပွဲစဉ်ပေါင်း ၃၀ ပါဝင်ကစားပေးခွင့် ရရှိခဲ့ရာတွင် သွင်းဂိုးခြောက်ဂိုးသာ ရယူပေးနိုင်ခဲ့ပြီး ယင်းပွဲစဉ် ၃၀ အနက် ပွဲအများစုကို နိုလီတိုက အရန်အဖြစ်နှင့်သာ ကစားခဲ့ရခြင်းဖြစ်သည်။

■ E-11




# စီရော်နယ်ဒိုကိုခေါ်ယူရန် မဖြစ်နိုင်ကြောင်းနှင့် မန်ယူထံသို့ မိုရာတာ ရောက်လာတော့မည်မဟုတ်ကြောင်း မော်ရင်ညို အသိပေး

**မန်ချက်စတာ၊ ဇူလိုင် ၁၆**

မန်ယူနည်းပြ မော်ရင်ညိုသည် မန်ယူထံသို့ ရီးရဲလ်မက်ဒရစ် တိုက်စစ်မှူး စီရော်နယ်ဒို ပြောင်းရွှေ့ရောက်ရှိလာနိုင်ရေးမှာ မဖြစ်နိုင်ကြောင်းနှင့် မိုရာတာကို ခေါ်ယူရေးအားလည်း လက်လျှော့လိုက်ပြီဖြစ်ကြောင်း ဖွင့်ဟပြောကြားသွားခဲ့သည်ဟု Daily Star က ဖော်ပြထားသည်။

စီရော်နယ်ဒိုသည် စပိန်အစိုးရရှေ့နေများနှင့် စပိန်အခွန်ဦးစီးဌာနတို့က ၎င်းကို ပုံရိပ်မူပိုင်ခွင့်ကတစ်ဆင့် ရရှိသောဝင်ငွေများအတွက် ပေါင် ၁၂ ဒသမ ၉ သန်းပမာဏရှိ အခွန်တစ်ရပ်ကို ပေးဆောင်ရန် ပျက်ကွက်ခဲ့ကြောင်း စွပ်စွဲထားသည့်အတွက် အလွန်အမင်း ဒေါသပေါက်ကွဲနေပြီး ယင်းအဖြစ်အပျက်ကြောင့် ရီးရဲလ်မက်ဒရစ်ကိုစွန့်ခွာရန် စီရော်နယ်ဒိုဆုံးဖြတ်လိုက်မည်ကို ရီးရဲလ်မက်ဒရစ်အသင်းတာဝန်ရှိသူများက အလွန်အမင်း စိုးရိမ်ပူပန်လိုက်ကြသေးသည်။

စီရော်နယ်ဒိုသည် လက်ရှိတွင်မူ ရီးရဲလ်မက်ဒရစ်ထံတွင်သာ ကစားသမား ဘဝ ဆက်လက်ဖြတ်သန်းသွားမည်ဟု ကတိပြုလိုက်ပြီဖြစ်ပြီး ၎င်းအနေနှင့် စီရော်နယ်ဒိုကို မန်ယူထံသို့ ပြန်လည်ခေါ်ယူရန် စဉ်းစားထားခြင်း လုံးဝမရှိကြောင်း၊ မဖြစ်နိုင်သည့်အကြောင်းအရာကို အချိန်ကုန်ခံ၊ ခေါင်းရှုပ်ခံ စဉ်းစားသည့်နည်းပြစာရင်းတွင် ၎င်းမပါဝင်ကြောင်း မော်ရင်ညိုက ရှင်းလင်းပြောကြားသွားခဲ့သည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာတွင် မော်ရင်ညိုက "နောက်နောင်မှာ မန်ယူဆီကို စီရော်နယ်ဒို ပြန်လည်ပြောင်းရွှေ့နိုင်တယ်ဆိုတဲ့ သတင်းတွေကြားရင် လုံးဝမယုံလိုက်ပါနဲ့။ ရီးရဲလ်မက်ဒရစ်ဆီမှာ သူက အရမ်းကို အရေးပါတဲ့ကစားသမားတစ်ဦးအဖြစ် ရပ်တည်ခွင့်ရနေတာပါ။ သူ့ကြောင့်ပဲ ရီးရဲလ်မက်ဒရစ်ဟာ စီးပွားရေးအရ အမြတ်အစွန်းရနေတာတွေ အများကြီးပါပဲ။ ဒီအခြေအနေတွေကြောင့် ရီးရဲလ်မက်ဒရစ်က သူ့ကို ရောင်းထုတ်ဖို့ဆိုတာ မဖြစ်နိုင်သလို ရီးရဲလ်မက်ဒရစ်ကို သူစွန့်ခွာဖို့ ဆိုတာကလည်း မဖြစ်နိုင်ပါဘူး"ဟု ပြောကြားသွားခဲ့သည်။

မော်ရင်ညိုသည် အသင်းအတွက် ကစားသမားသစ်နှစ်ဦးခန့် ထပ်မံခေါ်ယူရန် စီစဉ်နေပြီး ယင်းကစားသစ်နှစ်ဦးတွင် တိုက်စစ်မှူးတစ်ဦး ပါဝင်ကောင်း ပါလာနိုင်ခြေရှိသော်လည်း ယင်းတိုက်စစ်မှူးမှာ မိုရာတာဖြစ်နိုင်တော့မည်မဟုတ်ဟု မော်ရင်ညိုက ဖွင့်ဟဝန်ခံထားပြီဖြစ်သည်။

မိုရာတာအပြောင်းအရွှေ့နှင့် စပ်လျဉ်း၍ မော်ရင်ညိုက "ဂျူဗင်တပ်ရော ရီးရဲလ်မက်ဒရစ်အတွက်ပါ မိုရာတာ ဘယ်လို ကစားပေးနိုင်ခဲ့တယ်ဆိုတာကို ကျွန်တော် မြင်ခဲ့ပြီးပါပြီ။ ကျွန်တော်တို့ဘက်က သူ့ခြေစွမ်းနဲ့ထိုက်တန်တဲ့ ပြောင်းရွှေ့ကြေးကို ပေးအပ်ခဲ့ပေမယ့် ရီးရဲလ်မက်ဒရစ်က လက်မခံခဲ့ပါဘူး။ မိုရာတာက အသင်းပြောင်းချင်နေပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ကတော့ သူ့ကိုဝယ်ယူဖို့ အစီအစဉ်မရှိတော့ပါဘူး"ဟု ရှင်းပြသွားခဲ့သည်။ ■ E-11

# အပိုင်အခွင့်အရေးများ လွဲချော်ခဲ့သော်လည်း ရတ်ရှ်ဖို့ဒ်ထက် လုကာကု ပိုကောင်းခဲ့ကြောင်း မော်ရင်ညို ချီးကျူး




**လော့စ်အိန်ဂျလိစ်၊ ဇူလိုင် ၁၆**

မန်ယူနည်းပြ မော်ရင်ညိုသည် မန်ယူက အယ်လ်အေဂလက်ဆီကို ငါးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် ရာသီကြိုခြေစမ်းပွဲတွင် အပိုင်အခွင့်အရေးနှစ်ကြိမ်ကို ဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်းမရှိခဲ့သည့် အသစ်ခေါ်ယူထားသော တိုက်စစ်မှူးလုကာကု၏စွမ်းဆောင်ရည်ကို ကာကွယ်သွားခဲ့ကာ လုကာကု၏စွမ်းဆောင်ရည်မှာ အသင်းအတွက် ဂိုးနှစ်ဂိုး ရယူပေးခဲ့သော ရတ်ရှ်ဖို့ဒ်၏ စွမ်းဆောင်ရည်ထက် ပိုမိုသာလွန်ခဲ့သည်ဟု မော်ရင်ညိုက ပြောကြားသွားခဲ့ကြောင်း Daily Mail က ဖော်ပြထားသည်။

ရတ်ရှ်ဖို့ဒ်သည် အယ်လ်အေဂလက်ဆီနှင့်ယှဉ်ပြိုင်ကစားခဲ့သည့် ယင်းခြေစမ်းပွဲတွင် ပွဲအစ ၂ မိနစ်နှင့် မိနစ် ၂၀ တို့၌ အသင်းအတွက် အဖွင့်ဂိုးနှင့် ဒုတိယဂိုးတို့ကို သွင်းယူပေးခဲ့ကာ လုကာကုကို ဒုတိယပိုင်းအစတွင် ရတ်ရှ်ဖို့ဒ်နေရာ၌ လူစားဝင်ကစားသမားအဖြစ် ထည့်သွင်း၍ မော်ရင်ညိုက ခြေစွမ်းစမ်းသပ်သွားခဲ့ခြင်းဖြစ်သည်။

မော်ရင်ညိုသည် လုကာကုကို ရှုနီနှင့် မနှိုင်းယှဉ်ကြရန်လည်း တောင်းဆိုသွားခဲ့ပြီး ရှုနီမှာ မန်ယူအတွက် တိုက်စစ်မှူးစစ်စစ်အဖြစ် ပုံမှန်ကစားခွင့်ရခဲ့သူမဟုတ်ဘဲ လိုအပ်သကဲ့သို့ နေရာပြောင်းရွှေ့ကစားပေးခဲ့ရသူဖြစ်သည်ဟု မော်ရင်ညိုက ထောက်ပြပြောဆိုသွားခဲ့သည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာတွင် မော်ရင်ညိုက "ဒီနေ့ပွဲစဉ်မှာ လုကာကုက အသင်းအတွက် ဂိုးသွင်းယူပေးနိုင်ခြင်း မရှိခဲ့ပါဘူး။ ဒါပေမဲ့ ဂိုးသွင်းယူပေးခဲ့တဲ့ ကောင်လေးတစ်ယောက်ထက် သူ့ရဲ့စွမ်းဆောင်ရည်က ပိုပြီးကောင်းမွန်ခဲ့တာ အမှန်ပါပဲ။ သူ့ရဲ့စွမ်းဆောင်ရည်ကို ကျွန်တော် သံသယ မဖြစ်မိပါဘူး။ သူ့ကို တချို့က ရှုနီနဲ့နှိုင်းယှဉ်တာမျိုးတွေလည်း ရှိနေပါတယ်။ ဒါပေမဲ့ သူနဲ့ ရှုနီအကြားမှာ မတူညီတာတွေက အများကြီးပါပဲ။ ရှုနီဟာ မန်ယူအတွက် တိုက်စစ်မှူးစစ်စစ်တစ်ယောက် မဖြစ်ခဲ့ပါဘူး။ လုကာကုကတော့ တိုက်စစ်မှူးစစ်စစ်တစ်ယောက် ဖြစ်လာမယ့်သူပါ။ သူက ပြိုင်ဘက်ခံစစ်မှူးတွေကို ဘယ်လိုဖိအားပေးရမယ်ဆိုတာ လုံးဝကို ကျွမ်းကျင်နေပါပြီ"ဟု ပြောကြားသွားခဲ့သည်။ ■ E-11

# စာချုပ်သစ်ဆွေးနွေးမှုကို ကွန်တီ အချိန်ရွှေ့ဆိုင်း

**လန်ဒန်၊ ဇူလိုင် ၁၆**

ချယ်လ်ဆီးနည်းပြ ကွန်တီသည် လက်ရှိတွင် အသင်းဘက်က ကမ်းလှမ်းထားသည့် စာချုပ်သစ်ကိစ္စကို အကြောင်းပြန်ရန် အချိန်ရွှေ့ဆိုင်းလိုက်ပြီဖြစ်ပြီး လက်ရှိနွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်အတွင်း ကစားသမားခေါ်ယူမှုများ ဆောင်ရွက်ရာတွင် နည်းပြကွန်တီနှင့် အသင်းတာဝန်ရှိသူများအကြား၌ ပွတ်တိုက်မှုများရှိလာသည့်အတွက် စာချုပ်သစ်ကိစ္စ ဆုံးဖြတ်ချက်ချမည့်အစီအစဉ်ကို ကွန်တီက အချိန်နောက်ဆုတ်လိုက်ခြင်း ဖြစ်နိုင်ကြောင်း Daily Mail က ဖော်ပြထားသည်။

ချယ်လ်ဆီးအသင်း တာဝန်ရှိသူများသည် ကွန်တီကို တိုက်စစ်မှူး ဒီယေဂိုကော်စတာထံသို့ ၎င်း၏အနာဂတ်အစီအမံများတွင် နေရာပေးနိုင်တော့မည်မဟုတ်ကြောင်း စာတိုမက်ဆေ့ချ်ပေးပို့ခဲ့ခြင်းအတွက် ဘဝင်မကျဖြစ်နေပြီး ကွန်တီက ၎င်းတို့ကို အသိမပေးဘဲနှင့် ယင်းသို့လုပ်ဆောင်လိုက်ခြင်းကြောင့် ဒီယေဂိုကော်စတာအပြောင်းအရွှေ့အတွက် ညှိနှိုင်းဆွေးနွေးရာတွင် ဈေးနှိမ်မှုများကို ရင်ဆိုင်ကြုံဆုံနေရခြင်းဖြစ်သည်ဟု ချယ်လ်ဆီးအသင်းတာဝန်ရှိသူများက ယူဆနေကြသည်။

ကွန်တီသည် ၎င်း၏အဓိကပစ်မှတ်ကစားသမားစာရင်းတွင် ပါဝင်ခဲ့သော အဲဗာတန်တိုက်စစ်မှူး လုကာကုနှင့် ဂျူဗင်တပ်ခံစစ်မှူး ဘိုနူချီတို့ အသင်းထံသို့ရောက်မလာခဲ့ဘဲ အခြားသောကလပ်အသင်းများ၏ကြားဖြတ်ခေါ်ယူခြင်း ခံလိုက်ရသည်ကို ဒေါသပေါက်ကွဲနေပြီး အသင်းတာဝန်ရှိသူများက ငွေသုံးရန် လက်တွန့်နေခဲ့ခြင်းကြောင့် လုကာကုနှင့် ဘိုနူချီတို့မှာ ချယ်လ်ဆီးထံသို့ ရောက်မလာခဲ့ခြင်းဟု ကွန်တီက သုံးသပ်လျက်ရှိသည်။

ချယ်လ်ဆီးသည် လက်ရှိတွင် မန်စီးတီးဂိုးသမား ကာဘယ်လ်လီရို၊ ရိုးမားနောက်ခံလူ ရူဒီဂျာနှင့် မိုနာကိုကွင်းလယ်လူ ဘာကာယိုကိုတို့ကို ခေါ်ယူအင်အားဖြည့်တင်းထားပြီးဖြစ်ကာ ဆက်လက်၍ တိုက်စစ်မှူးတစ်ဦးနှင့် ခံစစ်မှူးတစ်ဦး ထပ်မံခေါ်ယူပေးရန် အသင်းတာဝန်ရှိသူများကို ကွန်တီက တောင်းဆိုထားသည်။

ချယ်လ်ဆီးသည် လက်ရှိတွင် ဂျူဗင်တပ်နောက်ခံလူ အဲလက်စ်ဆန်ဒရိုကိုပြောင်းရွှေ့ကြေးပမာဏ ပေါင် ၆၅ သန်းဝန်းကျင်ဖြင့် ကမ်းလှမ်းဆက်သွယ်ထားပြီး လာမည့်ဘောလုံးရာသီတွင် ပြည်တွင်းပြိုင်ပွဲသုံးခုနှင့်အတူ ချန်ပီယံလိဂ်ပြိုင်ပွဲကို ပါဝင်ကစားရန်အတွက် လက်ရှိလူစာရင်းက လုံလောက်ခြင်း မရှိကြောင်းလည်း နည်းပြကွန်တီက ပြောကြားထားသည်။ ■ E-11




# ဆင်ဂျစ်ဇ်အန်ဒါးကို ပြောင်းရွှေ့ကြေးပမာဏ ယူရို ၁၃ ဒသမ ၅ သန်းပေးချေ၍ ရိုးမားခေါ်ယူ

**ရောမ၊ ဇူလိုင် ၁၆**

ရိုးမားအသင်းသည် တူရကီလက်ရွေးစင် ကွင်းလယ်တိုက်စစ်ကစားသမား ဆင်ဂျစ်ဇ်အန်ဒါးကို ပြောင်းရွှေ့ကြေးပမာဏ ယူရို ၁၃ ဒသမ ၅ သန်း ပေးချေ၍ တူရကီကလပ် အစ္စတန်ဘူလ် ဘာဆတ်ခ်ဆီဟီယာထံမှနေ၍ ဝယ်ယူလိုက်ပြီဖြစ်ကြောင်း Football Italia က ဖော်ပြထားသည်။

ဆင်ဂျစ်ဇ်အန်ဒါးသည် အပြောင်းအရွှေ့အတွက် ဆေးစစ်မှုများအောင်မြင်အပြီးတွင် ရိုးမားနှင့် ငါးနှစ်သက်တမ်းစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ပြီး ၎င်းတို့အနေနှင့် ဥရောပဘောလုံးလောက၏ အနာဂတ်မျိုးဆက်သစ် ကစားသမားတစ်ဦးကို ခေါ်ယူ၍ အသင်းအတွက် အရေးပါသည့် ရင်းနှီးမြှုပ်နှံမှုတစ်ခုကို ဆောင်ရွက်လိုက်နိုင်သည့်အတွက် လွန်စွာကျေနပ်မိကြောင်း ရိုးမားအားကစားဒါရိုက်တာ မွန်ချီက ဖွင့်ဟပြောကြားသွားခဲ့သည်။

ရိုးမားအသင်းသည် ဆင်ဂျစ်ဇ်အန်ဒါး၏စွမ်းဆောင်ရည်များအပေါ်တွင်မူတည်၍ အစ္စတန်ဘူလ် ဘာဆတ်ခ်ဆီဟီယာကို နောက်ဆက်တိုအကျိုးခံစားခွင့် ယူရို ၁ ဒသမ ၅ သန်း ဆက်လက်ပေးချေရန်လည်း သဘောတူညီထားပြီး ၎င်းအနေနှင့် ရိုးမားအတွက် ကျောနံပါတ် ၁၇ ကို ဝတ်ဆင်၍ ကစားသွားမည်ဖြစ်ကြောင်း ဆင်ဂျစ်ဇ်အန်ဒါးကလည်း ပြောကြားထားပြီဖြစ်သည်။

ရိုးမားသည် လီဗာပူးထံသို့ ရောင်းချလိုက်သည့် တိုက်စစ်တောင်ပံကစားသမား ဆာလားဟ်၏ကွက်လပ်ကို အစားဖြည့်ရန်အတွက် လက်စတာတိုက်စစ်တောင်ပံကစားသမား မာရက်ဇ်ကို ဝယ်ယူရန်လည်း စီစဉ်နေပြီဖြစ်ကာ ရိုးမားဘက်က မာရက်ဇ်အတွက် ပြောင်းရွှေ့ကြေးပမာဏ ပေါင်သန်း ၄၀ ဖြင့် ကမ်းလှမ်းထားသော်လည်း လက်စတာဘက်က ဈေးတိုးမြှင့်တောင်းဆိုနေသည့်အတွက် ညှိနှိုင်းမှု အဆင်မပြေနိုင်ဖြစ်နေဆဲဖြစ်သည်။ ■ E-11

# အိန္ဒိယဆူပါလိဂ်ချန်ပီယံ အက်သလက်တီကို ကိုလ်ကတ္တားအသင်း နည်းပြအဖြစ် ရှရင်ဂမ် တာဝန်ယူ

**ဒေလီ၊ ဇူလိုင် ၁၆**

မန်ယူအသင်းတိုက်စစ်မှူးဟောင်းတစ်ဦးဖြစ်သူ တက်ဒီရှရင်ဂမ်သည် အိန္ဒိယဆူပါလိဂ်ချန်ပီယံ အက်သလက်တီကို ကိုလ်ကတ္တားအသင်း၏ နည်းပြအဖြစ် ခန့်အပ်တာဝန်ပေးခြင်း ခံလိုက်ရပြီဖြစ်ပြီး ၎င်းအနေနှင့် စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်လိုခြင်းကြောင့် ယခုအလုပ်ကို လက်ခံလိုက်ခြင်းဖြစ်သည်ဟု ရှရင်ဂမ်က ဖွင့်ဟပြောကြားသွားခဲ့ကြောင်း The Sun က ဖော်ပြထားသည်။

ရှရင်ဂမ်သည် ကစားသမားဘဝဖြတ်သန်းခဲ့စဉ်ကာလအတွင်း နော်တင်ဟမ်ဖောရက်စ်၊ စပါး၊ မန်ယူ၊ ပို့စ်မောက်နှင့် ဝက်စ်ဟမ်းတို့ကို ကိုယ်စားပြုခွင့်ရခဲ့ကာ နည်းပြဘဝကျင်လည်ဖြတ်သန်းမှုတွင်မူ အက်သလက်တီကို ကိုလ်ကတ္တားမတိုင်မီတွင် အင်္ဂလန်တန်းနိမ့် ကလပ်အသင်းတစ်သင်းဖြစ်သော စတီဗင်နေ့ချ်ကိုသာ ၎င်းက တာဝန်ယူခဲ့ဖူးသေးသည်။

အသက် ၅၁ နှစ်အရွယ်ရှိ ရှရင်ဂမ်သည် လွန်ခဲ့သည့် ၁၇ လခန့်က စတီဗင်နေ့ချ်နည်းပြရာထူးမှနေ၍ ထုတ်ပယ်ခံခဲ့ရကာ ယခု ၎င်းတာဝန်ယူလိုက်သည့် အက်သလက်တီကို ကိုလ်ကတ္တားအသင်းကို အိန္ဒိယနိုင်ငံသား စီးပွားရေးလုပ်ငန်းရှင်များနှင့်အတူ စပိန်ကလပ် အက်သလက်တီကိုက ပူးတွဲပိုင်ဆိုင်ထားခြင်းဖြစ်သည်။

အက်သလက်တီကို ကိုလ်ကတ္တားအသင်းသည် လွန်ခဲ့သည့်သုံးနှစ်တာကာလအတွင်း၌ အိန္ဒိယဆူပါလိဂ် အမှတ်ပေးပြိုင်ပွဲတွင် ချန်ပီယံဆုကို နှစ်ကြိမ် ဆွတ်ခူးရယူနိုင်ခဲ့ပြီး ၎င်းတို့အနေနှင့် ပြည်တွင်းအဆင့်ကို ကျော်လွန်၍ အာရှအဆင့်ပြိုင်ပွဲများတွင် အောင်မြင်မှုများ ရယူနိုင်ရန် ရည်ရွယ်ကာ ရှရင်ဂမ်ကိုခေါ်ယူလိုက်ခြင်းဖြစ်သည်ဟု အက်သလက်တီကို ကိုလ်ကတ္တားအသင်းဥက္ကဋ္ဌ ဆန်ဂျစ်ဗ် ဂိုအင်ကာက ရှင်းပြသွားခဲ့သည်။ ■ **E-11**



AP

# ပီရီဆစ်အပြောင်းအရွှေ့အတွက် ဒါမီယန်နှင့် စမာလင်းတို့ကိုသာ အလိုက်ပေးနိုင်မည်ဟု မန်ယူ အကြောင်းပြန်



AP

**မီလန်၊ ဇူလိုင် ၁၆**

မန်ယူအသင်းတာဝန်ရှိသူများသည် အင်တာမီလန်ကွင်းလယ်လူ ပီရီဆစ်ကို ခေါ်ယူရန်အတွက် ဒါမီယန်နှင့် စမောလင်းတို့ နှစ်ဦးအနက် တစ်ဦးကိုသာ အပြောင်းအရွှေ့၏အစိတ်အပိုင်းတစ်ရပ်အဖြစ် အသုံးပြုနိုင်လိမ့်မည်ဟု အကြောင်းပြန်လိုက်ပြီဖြစ်ကြောင်း Sky Sports Italia က ဖော်ပြထားသည်။

မန်ယူသည် ပီရီဆစ်ကိုခေါ်ယူရန်အတွက် ပြောင်းရွှေ့ကြေးပမာဏ ပေါင် ၄၈ သန်းဖြင့် အင်တာမီလန်ထံသို့ ကမ်းလှမ်းထားခြင်းဖြစ်ကာ အင်တာမီလန်ဘက်က ယင်းပြောင်းရွှေ့ကြေးပမာဏအပြင် တိုက်စစ်မှူး မာတီရယ်လ်ကိုပါ အငှားချပေးရန် တောင်းဆိုနေသည့်အတွက် အပြောင်းအရွှေ့အထမြောက်နိုင်ရန် ခက်ခဲနေဆဲဖြစ်သည်။

မန်ယူနည်းပြမော်ရင်ညိုသည် လက်ရှိတွင် ပီရီဆစ်အပြောင်းအရွှေ့အတွက် မန်ယူကစားသမားတစ်ဦးကို အပြောင်းအရွှေ့၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် အသုံးပြုရမည်ဆိုပါက စမောလင်းနှင့် ဒါမီယန်တို့ နှစ်ဦးအနက်မှ တစ်ဦးကိုသာ ရရှိနိုင်လိမ့်မည်ဟု ယတိပြတ် အသိပေးလိုက်ပြီဖြစ်ပြီး မန်ယူမှာ ပီရီဆစ်အပြောင်းအရွှေ့ကို တရုတ်နိုင်ငံသို့ ရာသီကြိုခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် အင်တာမီလန်အသင်း မသွားရောက်မီတွင် အပြီးသတ်နိုင်ရန် ဆန္ဒရှိနေသည်။

အင်တာမီလန်သည် မနက်ဖြန် (အင်္ဂါနေ့)တွင် ရာသီကြိုခြေစမ်းပွဲများ ယှဉ်ပြိုင်ရန်အတွက် တရုတ်နိုင်ငံသို့ ခရီးထွက်တော့မည်ဖြစ်ကာ အင်တာမီလန်အသင်း၏လေ့ကျင့်ရေးအစီအစဉ်များကို ပီရီဆစ်က စိတ်ပါလက်ပါဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း မရှိတော့သောကြောင့် ၎င်းကိုရောင်းထုတ်လိုက်ရန် အသင်းတာဝန်ရှိသူများက အလေးအနက်ထား၍ စဉ်းစားနေကြပြီလည်းဖြစ်သည်။ ■ **E-11**



# ရာသီကြို ပထမဆုံးခြေစမ်းပွဲတွင် မန်ယူ ဂိုးပြတ်အနိုင်ရ

Daily Mail

**လော့စ်အိန်ဂျလိစ်၊ ဇူလိုင် ၁၆**

မန်ယူအသင်းသည် အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်ရှိ စတပ်ဘ်ဟတ်စင်တာ ဘောလုံးကွင်းတွင် အမေရိကန်မေဂျာလိဂ် ပြိုင်ပွဲဝင်ကလပ်အသင်း အယ်လ်အေဂလက်ဆီနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ရာသီကြို ပထမဆုံးခြေစမ်းပွဲစဉ်၌ ငါးဂိုး နှစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရသွားခဲ့ကြောင်း Daily Mail က ဖော်ပြထားသည်။

မန်ယူနည်းပြ မော်ရင်ညိုသည် အသစ်ခေါ်ယူထားသည့် နောက်ခံလူ လင်ဒီလော့ဖ်နှင့် တိုက်စစ်မှူး လုကာကုတို့ကို အရန်ကစားသမားအဖြစ်သာ အသုံးပြုသွားခဲ့ပြီး ပွဲထွက်လူစာရင်းတွင်မူ ဂိုးသမားနေရာ၌ ဒီဂီယာ၊ နောက်တန်းတွင် စမောလင်း၊ ဖီးလ်ဂျုံးစ်၊ ဗလင်စီယာနှင့် ဘလိုင်း၊ ကွင်းလယ်၌ ကာရစ်၊ ဖယ်လိုင်နီ၊ ဟာရီရာ၊ လင်းဂတ်နှင့် မာတာ၊ တိုက်စစ်တွင် ရတ်ရှ်ဖို့ဒ်တို့ကို မော်ရင်ညိုက ထည့်သွင်း နေရာပေးသွားခဲ့သည်။

မန်ယူသည် ပွဲကစားချိန် ပထမပိုင်းအတွင်း၌ပင် အယ်လ်အေဂလက်ဆီကို သုံးဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့ပြီး မန်ယူအတွက် ဦးဆောင်ဂိုးများကို ရတ်ရှ်ဖို့ဒ်က ၂ မိနစ်နှင့် မိနစ် ၂၀ တို့တွင်လည်းကောင်း၊ ဖယ်လိုင်နီက ၂၆ မိနစ်တွင်လည်းကောင်း အသီးသီး ရယူပေးခဲ့ကြခြင်းဖြစ်သည်။

မန်ယူသည် ပွဲကစားချိန် ၆၇ မိနစ်နှင့် ပွဲကစားချိန် ၇၂ မိနစ်တို့တွင် စတုတ္ထဂိုးနှင့် ပဉ္စမဂိုးတို့ကို ဆက်လက်သွင်းယူရရှိခဲ့ပြီး ယင်းဂိုးများကိုမူ အမ်ခီတာယန်နှင့် မာတီရယ်လ်တို့က ရယူပေးခဲ့ခြင်းဖြစ်သည်။

မန်ယူသည် ငါးဂိုးပြတ် အနိုင်ရလဒ်အနေအထားကို ပိုင်ဆိုင်ရရှိအပြီးတွင် ကစားအားလျှော့ချလိုက်သည့်အတွက် အယ်လ်အေဂလက်ဆီက ချေပဂိုးများ ပြန်လည်သွင်းယူရန် အခွင့်အလမ်းများ ပိုင်ဆိုင်ရရှိလာခဲ့ပြီး အယ်လ်အေဂလက်ဆီအတွက် သိက္ခာဆယ်ချေပဂိုးများကို ပွဲကစားချိန် ၇၉ မိနစ်နှင့် ၈၈ မိနစ်တို့တွင် ဘာစီလိုနာ တိုက်စစ်မှူးဟောင်း ဒေါ့စ်ဆန်းတို့စ်က ရယူပေးခဲ့ခြင်းဖြစ်သည်။

မန်ယူတိုက်စစ်မှူး လုကာကုသည် ပွဲကစားချိန် ၄၆ မိနစ်တွင် ရတ်ရှ်ဖို့ဒ်နေရာကို လူစားလဲကစားသမားအဖြစ် ဝင်ရောက်လာခဲ့ပြီး လူစားလဲလှယ်ဝင်ရောက်လာပြီးနောက် လေးမိနစ်အကြာတွင် ဂိုးပေါက်နှင့် အနီးကပ် အပိုင်ဂိုးသွင်းခွင့်တစ်ရပ်ကို လုကာကုက ပိုင်ဆိုင်ရရှိခဲ့သော်လည်း အံ့သြသင့်ဖွယ် လွဲချော်သွားခဲ့သည်။ ■ **E-11**

# ချန်ပီယံလိဂ် အောင်မြင်မှုကို ရယူလိုသည့်အတွက် အာဆင်နယ်ကို စွန့်ခွာလိုကြောင်း ဆန်းချက်ဇ် အသိပေး




**လန်ဒန်၊ ဇူလိုင် ၁၆**

အာဆင်နယ်အသင်း တိုက်စစ်မှူး ဆန်းချက်ဇ်သည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အောင်မြင်မှုရယူလိုသည့်အတွက် အာဆင်နယ်ကို စွန့်ခွာလိုကြောင်း အသိပေးပြောကြားလိုက်ပြီဖြစ်ကာ အသင်းတာဝန်ရှိသူများဘက်က အကြောင်းပြန်ကြားချက် တစ်စုံတရာ မလုပ်ဆောင်သေးခြင်းကြောင့်သာ ၎င်း၏အနာဂတ်မှာ ရုပ်လုံးပေါ်မလာသေးခြင်းဖြစ်သည်ဟုလည်း ဆန်းချက်ဇ်က ဆက်လက်ထုတ်ဖော် ဖွင့်ဟသွားခဲ့သည်ဟု Daily Star က ဖော်ပြထားသည်။

ဆန်းချက်ဇ်သည် ၎င်းအနေနှင့် ကွန်ဖက်ဒရေးရှင်းဖလား ဘောလုံးပြိုင်ပွဲပြီးဆုံးချိန်ကတည်းကပင် အနာဂတ်နှင့် သက်ဆိုင်သည့်ဆုံးဖြတ်ချက်ကို အသင်းတာဝန်ရှိသူများထံ အသိပေးထားခဲ့ခြင်းဖြစ်သည်ဟု ပြောကြားလိုက်ပြီး လက်ရှိအခြေအနေများအရ အာဆင်နယ်မှာ စာချုပ်သက်တမ်း တစ်နှစ်သာ ကျန်ရှိတော့သည့် ဆန်းချက်ဇ်ကို အသင်း၌ ဆက်လက်ထိန်းသိမ်းထားရန် မဖြစ်နိုင်တော့ဘဲ မလွဲမသွေ ရောင်းထုတ်လိုက်ရန် စီစဉ်ရတော့မည်ဖြစ်သည်။

မန်စီးတီးနည်းပြ ဂွါဒီယိုလာသည် ၎င်း၏တပည့်ဟောင်းတစ်ဦးဖြစ်ခဲ့ဖူးသူ ဆန်းချက်ဇ်ကို မန်စီးတီးထံသို့ ခေါ်ယူနိုင်ရန် ဆန္ဒရှိနေပြီး အာဆင်နယ်အသင်း တာဝန်ရှိသူများကမူ ဆန်းချက်ဇ်ကို ရောင်းထုတ်ဖြစ်ခဲ့သည့်တိုင် ပရီးမီးယားလိဂ်ပြိုင်ဘက်များထံသို့ ရောင်းချပေးမည်မဟုတ်ဟု အသိပေးထားသည်။

အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးသည် လွန်ခဲ့သည့် ရက်အနည်းငယ်ခန့်က ဆန်းချက်ဇ်ကို အသင်း၌ ဆက်လက်ကစားပေးရန် စာတိုမက်ဆေ့ချ်များ ပေးပို့၍ စည်းရုံးထားပြီးဖြစ်ကြောင်းနှင့် ဆန်းချက်ဇ်ဘက်ကလည်း အပြုသဘောဆောင်သည့် ကတိစကားများကို ၎င်းအား ပေးအပ်ထားကြောင်း ပြောကြားခဲ့သေးကာ ယခုထွက်ပေါ်လာသည့်သတင်းသစ်က အာစင်ဝင်းဂါး၏ပြောကြားချက်များအားလုံးကို ချေဖျက်ပစ်လိုက်ပြီဖြစ်သည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာတွင် ဆန်းချက်ဇ်က "ဆုံးဖြတ်ချက်ကို ကျွန်တော်တစ်ယောက်တည်းဘက်က ချည်း တစ်ဖက်သတ် ချမှတ်လို့ မရပါဘူး။ အသင်းဘက်က ဘယ်လို သဘောထားရှိတယ်ဆိုတာကို စောင့်ကြည့်ရဦးမှာပါ။ ကျွန်တော့်ရဲ့ဆန္ဒကိုတော့ သူတို့ သိထားပြီးပါပြီ။ ချန်ပီယံလိဂ် ဆုဖလားကြီးကို ဆွတ်ခူးရယူနိုင်ဖို့ဆိုတာက ကျွန်တော့်ရဲ့ ငယ်ဘဝ အိပ်မက်ပါပဲ။ လာမယ့်ဘောလုံးရာသီမှာ ချန်ပီယံလိဂ်ပြိုင်ပွဲကို ကျွန်တော် ပါဝင်ကစားခွင့် ရချင်တယ်လို့ အာဆင်နယ်အသင်း တာဝန်ရှိသူတွေကို ပြောကြားထားပါတယ်။ သူတို့ရဲ့ဆုံးဖြတ်ချက်ကို သိရှိရပြီးရင် ကျွန်တော့်အနာဂတ်က ရုပ်လုံးပေါ်လာတော့မှာပါ"ဟု ပြောကြားသွားခဲ့သည်။ ■ **E-11**

FOREIGN AFFAIRS




တူရကီ အစောင့်တပ်အား သမ္မတအာဒိုဂန် စစ်ဆေးနေစဉ်

# တူရကီတွင် အာဏာသိမ်းမှု တွန်းလှန်နိုင်ခဲ့ခြင်းတစ်နှစ်ပြည့်၊ အာဏာသိမ်းမှုအား ဖီဆန်ခဲ့ကြသူများကို သမ္မတအာဒိုဂန် ချီးကျူး




အာဏာသိမ်းရန်ကြိုးပမ်းမှုကို ဖီဆန်ခဲ့သူများအား ဂုဏ်ပြုသည့်ပိုစတာများ အန်ကာတာမြို့ နေရာအနှံ့ကပ်ထားသည်

**အန်ကာရာ၊ ဇူလိုင် ၁၅**

တူရကီတွင် အာဏာသိမ်းရန် ကြိုးပမ်းမှုကို တွန်းလှန်နိုင်ခဲ့ခြင်း တစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် တူရကီသမ္မတ ရီဆက်တာယစ်အာဒိုဂန်က လူထုကို မိန့်ခွန်းပြောကြားခဲ့ရာတွင် လမ်းမပေါ် ထွက်ပြီး အာဏာသိမ်းမှုကိုဖီဆန်ခဲ့ကြသည့် ပြည်သူများ၊ လွှတ်တော်အမတ်များကို ချီးကျူးစကားဆိုခဲ့ကြောင်း BBC သတင်းဌာနက ဖော်ပြသည်။

ဒီမိုကရေစီနှင့် တရားဝင်အစိုးရကို ကာကွယ်ပေးခဲ့သူများကို ချီးကျူးခဲ့သလို အာဏာသိမ်းရန်ကြံရွယ်သူများကိုသေဒဏ်ပေးရေးကိုထောက်ခံကြောင်း၊ ထိုသူများသည် ဂွမ်တာနာမိုအကျဉ်းစခန်းပုံစံ ဝတ်စုံများဝတ်ဆင်စေသင့်ကြောင်းလည်း သမ္မတက ပြောကြားခဲ့သည်။

ပြီးခဲ့သည့်နှစ် ဇူလိုင်လ ၁၅ ရက်နေ့က စစ်တပ်အတွင်းရှိ အုပ်စုတစ်စု၏ အာဏာသိမ်းရန် ကြိုးပမ်းမှုတွင် လူ ၂၅၀ နီးပါး သေဆုံးခဲ့ပြီး လူ ၂၁၉၆ ဦး ဒဏ်ရာရခဲ့သည်။

အာဏာသိမ်းမှုတွင် စစ်ဘက်ထိပ်တန်းခေါင်းဆောင်များ မပါဝင်ခဲ့သလို နိုင်ငံရေးအသိုင်းအဝိုင်းနှင့် လူထု၏ထောက်ခံမှုမရှိသောကြောင့် မအောင်မမြင်ဖြစ်ခဲ့ခြင်းဖြစ်သည်။

အေဂျင်အပန်းဖြေစခန်းတွင် အနားယူနေသော အာဒိုဂန်ကို ထိန်းသိမ်းပြီး အာဏာသိမ်းရန် စီစဉ်ခဲ့ကြသော်လည်း အာဒိုဂန်ကို ဆက်မဖမ်းထားနိုင်ခဲ့သလို သမ္မတကို သစ္စာခံသော အရပ်သားများနှင့် စစ်သားများက ဟန့်တားခဲ့ကြသည်။

“အဲဒီညက ပြည်သူတွေဆီမှာ သေနတ်တွေမရှိပါဘူး။ အလံတစ်လက်ပဲရှိတယ်။ ပိုအရေးကြီးတာက သူတို့ရဲ့ ယုံကြည်မှုပဲ” ဟု အာဒိုဂန်က ထောင်နှင့်ချီသော ထောက်ခံသူများကို ပြောကြားခဲ့သည်။

သို့သော်လည်း မအောင်မြင်သော အာဏာသိမ်းမှုကိုအကြောင်းပြပြီး အာဒိုဂန်က အတိုက်အခံများ၊ သဘောကွဲလွဲသူများကို ဖိနှိပ်ခဲ့ခြင်းကြောင့် တိုင်းပြည်၏ညီညွတ်မှုမှာ ဆိုးဆိုးရွားရွား ထိခိုက်ခဲ့ရသည်ဟု ဝေဖန်မှုများရှိနေသည်။

အာဒိုဂန်အစိုးရသည် အာဏာသိမ်းရန်ကြံစည်မှုတွင် ပတ်သက်သည်ဆိုသော အကြောင်းပြချက်ဖြင့် အစိုးရဝန်ထမ်းတစ်သိန်းခွဲခန့်ကို ရာထူးမှထုတ်ပယ်ခဲ့သလို လူ ၅၀၀၀၀ ခန့် ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

ဖြုတ်၊ ထုတ်၊ ဖမ်းပွဲကြီးကို တစ်နှစ်ပြည့်ချိန်အထိ ဆက်လက်လုပ်ဆောင်နေဆဲဖြစ်ပြီး ဇူလိုင်လ ၁၄ ရက်နေ့ကလည်း အစိုးရဝန်ထမ်း ၇၀၀၀ ကျော် ထပ်မံထုတ်ပယ်ခဲ့သည်။

ပြီးခဲ့သောနှစ်က အာဏာသိမ်းမှုတွင် ပါဝင်သော စစ်သားများကို အရပ်သားများက ထိပ်တိုက်ရင်ဆိုင်ခဲ့သော ဘော့စ်ဖားရပ်စ်တံတားတွင် စုဝေးရောက်ရှိလာသော ထောက်ခံသူများကို အာဒိုဂန်က မိန့်ခွန်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ဇူလိုင်လ ၁၅ ရက်နေ့တွင် အဆိုပါတံတားကို အာဇာနည်တံတားဟု အမည်ပြောင်းလဲခဲ့ပြီး အာဇာနည်အထိမ်းအမှတ်ကိုလည်း ဖွင့်လှစ်ပေးခဲ့သည်။

လွှတ်တော်အဆောက်အအုံကို စစ်လေယာဉ်များက ဗုံးကြဲခဲ့သည့် အချိန် တစ်နှစ်ပြည့်သည့် အချိန်နာရီအတိအကျတွင်လည်း သမ္မတသည် မြို့တော်အန်ကာရာရှိ လွှတ်တော်အဆောက်အအုံတွင် မိန့်ခွန်းထပ်မံပြောကြားခဲ့သည်။

အာဏာသိမ်းမှုကို တွန်းလှန်နိုင်ခဲ့သည့် ဇူလိုင်လ ၁၅ ရက်နေ့ကို ဒီမိုကရေစီနှင့် အမျိုးသားညီညွတ်ရေးနေ့အဖြစ် သတ်မှတ်ခဲ့ပြီး အများပြည်သူအားလပ်ရက်အဖြစ် သတ်မှတ်ခဲ့သည်။

ဝန်ကြီးချုပ် ဘီနာလီယီလ်ဒီရင်မ်

စာ - 23

ALSO IN NEWS

## ပိုက်ဆံခိုးတဲ့ဆေးသမား ပိုင်ရှင်ကိုပြန်ဆပ်

ဒီသတင်းလေးဖတ်ကြည့်ရင် ကမ္ဘာကြီးဟာ အမြီးကြက်အမြီးစား ခေါင်းကြက်ခေါင်းစားတွေချည်းပဲရှိတာ မဟုတ်ပါလားလို့ ခံစားရစေမှာပါ။ မိမိကိုယ်ကို ပြန်လည်ပြင်ဆင်နေတဲ့ မူးယစ်ဆေးသမားတစ်ဦးဟာ လွန်ခဲ့တဲ့နှစ်အနည်းငယ်က သူခိုးထားတဲ့ ပိုက်ဆံအိတ်ထဲက ငွေပမာဏအတိုင်း ခိုးခံရသူထံ ပြန်ပို့ခဲ့ပါတယ်။ ပိုက်ဆံဒေါ်လာ ၁၄၀ နဲ့အတူ စာတစ်စောင်ကိုလည်း ထည့်ပေးခဲ့ပါတယ်။ လွန်ခဲ့တဲ့နှစ်တွေတုန်းက ပိုက်ဆံအိတ်ပျောက်ဖူးပြီးတော့ အထဲမှာ ငွေတချို့နဲ့ ကတ်တချို့ပါသွားတယ်လို့ ပိုင်ရှင် ကိတ်လင်းက အတည်ပြုပေးပါတယ်။ ခုလိုမျိုး သူ့ကိုပြန်ရှာပြီး တစ်နေရာကနေ ပိုက်ဆံပြန်ပို့ပေးတာကို အံ့သြမိတယ်လို့ သူက ဆိုပါတယ်။

“လွန်ခဲ့တဲ့ငါးနှစ်တုန်းက ကျွန်တော်က တော်တော်ဆိုးဆိုးတစ်ခု ခင်ဗျားကို ပြုလုပ်ခဲ့ပါတယ်။ ခင်ဗျားပိုက်ဆံအိတ်ကို ခိုးခဲ့တာပါ။ အဲဒီတုန်းက ဆေးစွဲနေပြီး နောက်တစ်ခါ ဆေးချရဖို့ ဘယ်ကရရ ရှာခဲ့သူဖြစ်ပါတယ်” လို့ စာထဲမှာဝန်ခံတောင်းပန်ထားပါတယ်။ နောင်ဘယ်တော့မှမလုပ်တော့ဘဲ ရိုးသားတဲ့ဘဝကို ခံယူနေပါပြီလို့လည်း သူက စာထဲမှာ ကတိပေးထားပါသေးတယ်။ ■ F-02



## ၁၅ ကေကျယ်တဲ့ တက္ကသိုလ်ခြံဝင်း မြက်ရှင်းဖို့ ဆိတ်တွေကိုအလုပ်ခန့် အလုပ်သမားသမဂ္ဂက တရားစွဲ

အနောက်ပိုင်း မီရှီဂန်တက္ကသိုလ်ဟာ ၁၅ ကေကျယ်တဲ့ တက္ကသိုလ်မြေကွက်ထဲက မြက်ရိုင်းတွေကိုရှင်းဖို့ လူအလုပ်သမားကိုမငှားဘဲ ဆိတ်တွေကိုငှားပြီး ရှင်းခိုင်းနေပါတယ်။ ဆိတ်တွေက မြက်တွေကိုသိပ်ကြိုက်တော့ တစ်ရက်တစ်ရက် ဆိတ်ကောင်ရေ များများမောင်းထည့်လိုက်ရင် မြက်တွေတော်တော်ရှင်းပြီးသားဖြစ်ပါတယ်။ ဒါပေမဲ့ မြူနီစီပယ်အလုပ်သမားများ ဒေသဆိုင်ရာသမဂ္ဂကတော့ ဒီကိစ္စကို သိပ်မကျေနပ်ပါဘူး။ သမဂ္ဂခေါင်းဆောင် ကေသီဘက်ဘစ်က လူအလုပ်သမားမငှားဘဲ ဆိတ်တွေငှားပြီး မြက်စားနည်းနဲ့မြက်ရှင်းတာကို နစ်နာမှုတစ်ရပ်အဖြစ် ရုံးတော်ကို ဦးတိုက်လျှောက်ထား တရားစွဲထားပါတယ်။

အနောက်မီရှီဂန်တက္ကသိုလ်ကလည်း ပြီးခဲ့တဲ့နှစ်က စမ်းသပ်ပြီး ဆိတ်နဲ့မြက်ရှင်းကြည့်တာ အဆင်ပြေတာမို့ ဒီနှစ်လည်းငှားခဲ့တာဖြစ်ပါတယ်။ ဆိတ်ငှားတဲ့လုပ်ငန်းကလည်း ကြေညာထားရာမှာ ဆိတ်တွေဟာ မြက် ၃ ပေါင်ကနေ ၅ ပေါင်အထိ စားနိုင်ပြီး သဘာဝမြေသြဇာတွေလည်း ချန်ခဲ့ပါတယ်လို့ ပြောဆိုထားပါတယ်။

တရားစွဲထားတာနဲ့ပတ်သက်ပြီးတော့ တက္ကသိုလ်က မှတ်ချက်မပေးထားပါဘူး။ ဒါပေမဲ့ ဆိတ်တွေကိုအလုပ်ခိုင်းလို့ ကျောင်းက ဥယျာဉ်လုပ်သား ဘယ်သူမှ အလုပ်မပြုတ်ပါဘူးလို့ တက္ကသိုလ်က ထုတ်ပြန်ထားပါတယ်။ ■ F-02

